မိတ်ဆွေစာပေ

## မြန်မာနိုင်ငံဖြစ်တည်လာခြင်း

# သမိုင်းအဆက်ဆက်

နှင့်

## ဗဟုသုတနိုင်ဟာရ




နန်းအောင်လှိုင် (လှိုင်)

# မြန်မာနိုင်ငံဖြစ်တည်လာခြင်း

# သမိုင်းအဆက်ဆက်

# နှင့်

# ဗဟုသုတဒိုင်ယာရီ

နန်းအောင်လှိုင် (လှိုင်)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၈ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | [illegible] ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ချယ်ရီမေ |
| ကွန်ပျူတာ | - | လင်းမြတ်စိုး |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

နန်းအောင်လှိုင်(လှိုင်) ၃၉၈.၂
မြန်မာနိုင်ငံဖြစ်တည်လာခြင်းသမိုင်းအဆက်ဆက်နှင့် ဗဟုသုတဒိုင်ယာရီ/
နန်းအောင်လှိုင်(လှိုင်)၊ ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၈။
၂၁၀-စာ၊ ၁၂ × ၁၈ စင်တီ

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ၁၁ |
| ၂။ | တည်နေရာ | ၁၁ |
| ၃။ | အကျယ်အဝန်း | ၁၁ |
| ၄။ | နယ်နိမိတ် | ၁၁ |
| ၅။ | မြန်မာနိုင်ငံရှိထင်ရှားသောတောင်များ | ၁၂ |
| ၆။ | မြန်မာနိုင်ငံရှိထင်ရှားသောမြစ်များ | ၁၃ |
| ၇။ | မြန်မာနိုင်ငံရှိထင်ရှားသောရေအိုင်ကြီးများ | ၁၃ |
| ၈။ | မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်းဒေသကြီး(၁၄)ခု | ၁၄ |
| ၉။ | ပြည်နယ်များ | ၁၄ |
| ၁၀။ | တိုင်းဒေသကြီးများ | ၁၅ |
| ၁၁။ | ကချင်ပြည်နယ် | ၁၅ |
| ၁၂။ | ချင်းပြည်နယ် | ၁၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၆ |
| ၁၄။ | ကယားပြည်နယ် | ၁၇ |
| ၁၅။ | မွန်ပြည်နယ် | ၁၇ |
| ၁၆။ | ကရင်ပြည်နယ် | ၁၈ |

၁၇။ ရခိုင်ပြည်နယ် ၁၈

၁၈။ စစ်ကိုင်းတိုင်းဒေသကြီး ၁၉

၁၉။ မန္တလေးတိုင်းဒေသကြီး ၁၉

၂၀။ မကွေးတိုင်းဒေသကြီး ၁၉

၂၁။ ပဲခူးတိုင်းဒေသကြီး ၁၉

၂၂။ ရန်ကုန်တိုင်းဒေသကြီး ၁၉

၂၃။ ဧရာဝတီတိုင်းဒေသကြီး ၂၀

၂၄။ တနင်္သာရီတိုင်းဒေသကြီး ၂၀

၂၅။ မြန်မာနိုင်ငံ၏ရာသီဥတု ၂၀

၂၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ၂၂

၂၇။ နှုတ်ဆက်ပဲအစပ်တလုံးမိနည်းလွှတ်လပ်ရေး ၂၄

၂၈။ နိုင်ငံတော်သီချင်း ၂၅

၂၉။ မြန်မာနိုင်ငံ၏မင်းဆက်များ ၂၇

၃၀။ ပထမမြန်မာနိုင်ငံတော်တည်ထောင်သူ ၂၇

၃၁။ ဒုတိယမြန်မာနိုင်ငံတော်တည်ထောင်သူ ၂၈

၃၂။ တတိယမြန်မာနိုင်ငံတော်တည်ထောင်သူ ၂၈

၃၃။ ကုန်းဘောင်မင်းဆက် (၁၁) ဆက် နန်းတက်ခဲ့သောမင်းများ ၂၈

၃၄။ ကုန်းဘောင်မင်းဆက်၏နောက်ဆုံးမင်းဆက် ၃၀

၃၅။ မင်းမြောက်တန်ဆာ (၅) ပါး ၃၀

၃၆။ မင်းနှင့်အမျိုးနွယ်တို့ဆင်ယင်သောစလွယ်(၈)မျိုး ၃၁
၃၇။ ထီး(၈)စင်း ၃၁
၃၈။ ဝလွှင်(၈)ခန်း ၃၂
၃၉။ မင်းတို့ဘွဲ့မည်ပေးပုံကြီးငယ်စဉ်လိုက် ၃၃
၄၀။ သီပေါမင်းတိုင်းနိုင်ငံအုပ်ချုပ်ရာတွင် ၃၄
ခွဲဝေပိုင်းခြားအုပ်ချုပ်သောဒေသများ
၄၁။ မင်းကျင့်တရား(၁၀)ပါး ၃၅
၄၂။ မင်းတို့ပျက်စီးခြင်းအကြောင်းတရားများ ၃၆
၄၃။ တိုင်းပြည်၏အင်္ဂါ(၉)ပါး ၃၆
၄၄။ သီပေါမင်းလက်ထက်ထင်ပေါ်ကျော်ကြားသောဝန်ကြီးများ ၃၈
၄၅။ မြန်မာ့သမိုင်းတွင်သက်တော်ရှည်ဘုရင်မင်းမြတ်များ ၃၉
၄၆။ သီပေါမင်းနှင့်စုဖုရားလတ်တို့ပါတော်မူသောနေ့ ၄၀
၄၇။ မြန်မာနိုင်ငံအုပ်ချုပ်သောမဟာမင်းကြီးနှင့်ဘုရင်ခံများ ၄၁
၄၈။ မဟာဝန်ရှင်တော်မင်းကြီးများ ၄၁
၄၉။ ဒုတိယဘုရင်ခံများ ၄၂
၅၀။ ဘုရင်ခံများ ၄၂
၅၁။ အင်္ဂလိပ်နယ်ချဲ့တို့ယူသွားသောနန်းစဉ်ရတနာများ ၄၃
၅၂။ နယ်ချဲ့အင်္ဂလိပ်တို့ကိုပုန်ကန်ခဲ့သောခေါင်းဆောင်များ ၄၅
၅၃။ သခင်ဖိုးလှကြီးနှင့်ရေနံမြေအလုပ်သမားအရေးတော်ပုံ ၄၇

၅၄။ ဂျွန်ဆရာစံနှင့် တောင်သူလယ်သမားအရေးတော်ပုံ ၄၉

၅၅။ ဆရာတော်ဦးဥတ္တမနှင့် နိုင်ငံရေးတရားပွဲ ၅၁

၅၆။ ဆရာတော်အရှင်ဦးဝိစာရရုပ်တုနှင့် ကျောက်တိုင်ဖွင့်ပွဲ ၅၃
ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်ပြောကြားခဲ့သောမိန့်ခွန်း

၅၇။ ရန်ကုန်တက္ကသိုလ်သမဂ္ဂတွင် ထင်ရှားသောပုဂ္ဂိုလ်များ ၅၇

၅၈။ အမျိုးသားနေ့ပေါ်ပေါက်လာပုံ ၅၈

၅၉။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ ၆၀

၆၀။ ရဲဘော်သုံးကျိပ်တို့၏ဂျပန်အမည်များ ၆၂

၆၁။ ပင်လုံညီလာခံနှင့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သူများ ၆၄

၆၂။ နိုင်ငံခေါင်းဆောင်ကြီးများ လုပ်ကြံသော ၆၇
ဂျွန်ဦးစောနှင့် အပေါင်းအပါများ

၆၃။ နိုင်ငံတော်လုပ်ကြံမှုကြီးမှ လွတ်မြောက်လာသူများ ၆၉

၆၄။ အာဇာနည်ခေါင်းဆောင်ကြီး (၉) ဦးနှင့် အာဇာနည်နေ့ ၇၀

၆၅။ ဗိုလ်ချုပ်အောင်ဆန်း ၇၀

၆၆။ သခင်မြ ၇၇

၆၇။ ဒီးဒုတ်ဦးဘချို ၈၀

၆၈။ ဦးရာဇတ် ၈၂

၆၉။ ဦးဘဝင်း ၈၃

၇၀။ မန်းဘခိုင် ၈၄

၇၁။ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ၈၅
၇၂။ ဦးအုန်းမောင် ၈၇
၇၃။ ရဲဘော်ကိုထွေး ၈၈
၇၄။ ဗိုလ်ချုပ်ပန်းခြံ ဗိုလ်ချုပ်ကြေးရုပ်အောက်မှ ကမ္ပည်းကျောက်စာ ၈၉
၇၅။ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်မှ သစ္စာဓိဋ္ဌာန် (၉) ချက် ၉၀
၇၆။ မြန်မာနိုင်ငံတော်သမ္မတများ ၉၃
၇၇။ သမ္မတစဝ်ရွှေသိုက် ၉၃
၇၈။ သမ္မတဒေါက်တာဘဦး ၉၄
၇၉။ သမ္မတမန်းဝင်းမောင် ၉၆
၈၀။ သမ္မတဦးနေဝင်း ၉၇
၈၁။ သမ္မတဦးစန်းယု ၉၉
၈၂။ သမ္မတဦးစိန်လွင် ၁၀၀
၈၃။ သမ္မတဒေါက်တာမောင်မောင် ၁၀၁
၈၄။ သမ္မတဦးသိန်းစိန် ၁၀၂
၈၅။ သမ္မတဦးထင်ကျော် ၁၀၄
၈၆။ ၂၀၁၆ ခုနှစ် အမျိုးသားဒီမိုကရေစီ အုပ်ချုပ်ရေးအပြောင်းအလဲ ၁၀၆

၈၇။ သမ္မတများ ၁၀၆
၈၈။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၁၀၆
၈၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ၁၀၆
၉၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ၁၀၆
၉၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၁၀၇
၉၂။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၁၀၇
၉၃။ အမျိုးသားဒီမိုကရေစီအစိုးရ ၁၀၇
ပြည်ထောင်စုဝန်ကြီးများနှင့်ဝန်ကြီးဌာနများ
၉၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ ၁၁၀
၉၅။ မြန်မာနိုင်ငံတိုင်းနှင့်ပြည်နယ်ရှိမြို့နယ်များ ၁၁၂
၉၆။ ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၂
၉၇။ စစ်ကိုင်းတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၃
၉၈။ မန္တလေးတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၄
၉၉။ မကွေးတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၅
၁၀၀။ ပဲခူးတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၆
၁၀၁။ ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၇
၁၀၂။ တနင်္သာရီတိုင်းဒေသကြီးရှိမြို့နယ်များ ၁၁၈
၁၀၃။ ရှမ်းပြည်နယ်ရှိမြို့နယ်များ ၁၁၈
၁၀၄။ ကယားပြည်နယ်ရှိမြို့နယ်များ ၁၁၉

၁၀၅။ ကရင်ပြည်နယ်ရှိမြို့နယ်များ ၁၂၀
၁၀၆။ မွန်ပြည်နယ်ရှိမြို့နယ်များ ၁၂၀
၁၀၇။ ချင်းပြည်နယ်ရှိမြို့နယ်များ ၁၂၀
၁၀၈။ ကချင်ပြည်နယ်ရှိမြို့နယ်များ ၁၂၁
၁၀၉။ ရခိုင်ပြည်နယ်ရှိမြို့နယ်များ ၁၂၁
၁၁၀။ မြန်မာနိုင်ငံသည်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၂၃
၁၁၁။ ဦးသန့်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ၁၂၄
၁၁၂။ အောင်ဆန်းသူရိယဘွဲ့ရရှိသူများ ၁၂၅
၁၁၃။ အောင်ဆန်းတံခွန်ဘွဲ့ချီးမြှင့်ခံရသူ ၁၂၆
၁၁၄။ မြန်မာနိုင်ငံ၏ပထမဆုံးအမျိုးသမီးဝန်ကြီး ၁၂၆
၁၁၅။ ဓမ္မစေတီခေါင်းလောင်းကြီး ၁၂၈
၁၁၆။ မင်းကွန်းခေါင်းလောင်းကြီး ၁၂၉
၁၁၇။ စဉ့်ကူးမင်းခေါင်းလောင်းကြီး ၁၃၀
၁၁၈။ မြန်မာလူမျိုးတို့ယုံကြည်ကိုးကွယ်မှု ၁၃၂
၁၁၉။ မြန်မာတို့၏အခါတော်နေ့များ ၁၃၃
၁၂၀။ မြန်မာ့ဝေဇကဲဝင်ရုံးပိတ်ရက်များ ၁၃၄
၁၂၁။ မြန်မာတို့အသိအမှတ်ပြုသော ၁၃၆
ကမ္ဘာ့အထိမ်းအမှတ်နေ့များ
၁၂၂။ အထိမ်းအမှတ်ပြုရတုနေ့များ ၁၃၉

၁၂၃။ ရေးခေတ်အချိန်အခါနှင့် ဝေါဟာရအခေါ်အဝေါ် ၁၄၁

၁၂၄။ မြန်မာနိုင်ငံနေအရှက်တက်လနှင့် အချိန် ၁၄၃

၁၂၅။ ၁၂လ ရာသီပန်း ၁၄၄

၁၂၆။ မြန်မာ့ရိုးရာပန်း(၁၀) မျိုး ၁၄၅

၁၂၇။ မြန်မာ့ရိုးရာဓလေ့ ၁၂လရာသီပွဲတော်များ ၁၄၆

၁၂၈။ သိထားသင့်သော တိုတိုထွာထွာဗဟုသုတများ ၁၅၂

၁၂၉။ ရွှေတိဂုံစေတီတော်အကြောင်း သိမှတ်ဖွယ်ရာများ ၁၅၆

၁၃၀။ ရွှေတိဂုံစေတီတော်ပေါ်မှ သိမှတ်ဖွယ်ရာဌာနထူးများ ၁၅၈

၁၃၁။ ရဟန်းမခံထိုက်သူ(၁၃)ဦး ၁၆၂

၁၃၂။ ရဟန်းပြုသူ၏ အရည်အချင်း ၁၆၃

၁၃၃။ ပရိက္ခရာ(၈)ပါး ၁၆၆

၁၃၄။ အာပတ်သင့်ခြင်းအကြောင်း(၆) ချက် ၁၆၇

၁၃၅။ မြန်မာ့ရိုးရာ(၃၇)မင်းနတ်များ ၁၆၈

၁၃၆။ အတွင်း(၃၇)မင်းနတ်များ ၁၆၈

၁၃၇။ ညောင်ဦးရွှေစည်းခုံဘုရားတွင်ရှိသော
အတွင်း(၃၇)မင်းနတ်များ ၁၇၄

၁၃၈။ လူတို့ကိုစောင့်ရှောက်သော ကိုယ်စောင့်နတ်(၁၂)ပါး ၁၇၆

၁၃၉။ ယခင်အင်္ဂလိပ်အခေါ်အဝေါ်မှ မြန်မာအမည်သို့
ပြောင်းလဲခေါ်ဆိုသော ရပ်ကွက်၊ လမ်းအမည်သစ်များ ၁၇၉

၁၄၀။ ဆယ့်နှစ်လမိုး ၁၉၀
၁၄၁။ မိုးလေဝသခန့်မှန်းခြင်းနိမိတ် ၁၉၁
၁၄၂။ မိုးလေဝသခန့်မှန်းခြင်းနိမိတ်တစ်နည်း ၁၉၂
၁၄၃။ လူသားလောကနှင့်အထွေထွေသိမှတ်စရာများ ၁၉၃
၁၄၄။ ချင်းလူမျိုးတို့ပယဲထိုးခြင်းအကြောင်း ၁၉၈
၁၄၅။ လောကီကျမ်းလာလူတို့သိမှတ်စရာ ၁၉၉
၁၄၆။ လူတို့ဝတ်အပ်မဝတ်အပ်ရာများ ၁၉၉
၁၄၇။ လူတို့ပန်အပ်မပန်အပ်ပန်းများ ၂၀၀
၁၄၈။ ဆေးမစုအပ်သောရက်များ ၂၀၁
၁၄၉။ အစွမ်းထက်မြက်သောဆေးပင်နှင့် အစွမ်းမထက်သောဆေးပင် ၂၀၂
၁၅၀။ ဆေးကုသအပ်သောလူနာလက္ခဏာ ၂၀၃
၁၅၁။ သမားတို့နေ့အလိုက် ဆေးလိုက်ရှာမကုအပ်သောအရပ်များ ၂၀၄
၁၅၂။ လောကျမ်း ၂၀၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တည်နေရာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အာရှတိုက်၏ တောင်ဘက်သို့ ထိုးထွက်နေသော ကျွန်းဆွယ်ကြီးသုံးခု အနက်မှ အရှေ့ဘက်အကျဆုံးသော အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အနောက်ပိုင်းတွင် တည်ရှိသည်။

မြောက်လတ္တီကျု ၉° ၃၀' နှင့် ၂၈° ၃၁' အတွင်း တည်ရှိသည်။ အရှေ့လောင်ဂျီကျု ၉၂° ၁၀' နှင့် ၁၀၁° ၁၁' အတွင်း တည်ရှိသည်။

အကျယ်အဝန်း

မြောက်မှတောင်သို့ မိုင်ပေါင်း ၁၂၇၅ မိုင်ရှိသည်။

အရှေ့မှ အနောက်သို့ မိုင်ပေါင်း ၅၈၂ မိုင်ရှိသည်။

အကျယ်အဝန်းမှာ ၂၆၁၂၂၈ စတုရန်းမိုင်ကျော်ရှိသည်။

နယ်နိမိတ်

မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံရှိသည်။

အရှေ့ဘက်တွင် လာအိုနှင့် ထိုင်းနိုင်ငံရှိသည်။

တောင်ဘက်တွင် ကပ္ပလီပင်လယ်ရှိသည်။

အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ရှိသည်။

## မြန်မာနိုင်ငံရှိ ထင်ရှားသောတောင်များ

| | | | |
|---|---|---|---|
| ၁။ ခါကာဘိုရာဇီတောင် | - | ၁၉၃၁၅ | ပေ |
| ၂။ ဂမ်လန်ရာဇီတောင် | - | ၁၉၁၄၂ | ပေ |
| ၃။ အင်ဒေါ်ရာဇီတောင် | - | ၁၈၀၀၀ | ပေ |
| ၄။ အင်လာလာရာဇီတောင် | - | ၁၆၀၀၀ | ပေ |
| ၅။ စာရာမေတီတောင် | - | ၁၂၅၅၃ | ပေ |
| ၆။ ဝိတိုရိယတောင် | - | ၁၀၀၀၀ | ပေကျော် |
| ၇။ ပတ်ကွိုင်တောင် | - | ၈၀၀၀ | ပေကျော် |
| ၈။ ပုပ္ပါးတောင် | - | ၅၀၀၀ | ပေ |

## မြန်မာနိုင်ငံရှိ ထင်ရှားသောမြစ်များ

၁။ ဧရာဝတီမြစ်

မေခနှင့် မလိခမြစ်ဆုံရာမှ ဖြစ်ပေါ်လာသည်။

၂။ သံလွင်မြစ်

၃။ စစ်တောင်းမြစ်

၄။ ချင်းတွင်းမြစ်

ဧရာဝတီမြစ်၏ မြစ်လက်တက်ဖြစ်သည်။

၅။ ဒုဋ္ဌဝတီမြစ်

၆။ မဲခေါင်မြစ်

မြန်မာနှင့် လာအိုနိုင်ငံအကြား

၇။ မူးမြစ်

ရေဦးမြို့အနီးမှ မြစ်

## မြန်မာနိုင်ငံရှိ ထင်ရှားသောရေအိုင်ကြီးများ

၁။ အင်းတော်ကြီးရေအိုင်

အကြီးဆုံးရေအိုင်ကြီးဖြစ်သည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြားတွင် တည်ရှိသည်။

၂။ အင်းလေးကန်ရေအိုင်

ဒုတိယအကြီးဆုံးဖြစ်သည်။ ရှမ်းပြည်နယ်တွင် ရှိသည်။

၃။ ကန်တော်ကြီး

ရန်ကုန်တွင်ရှိသည်။

၄။ အင်းယားကန်

ရန်ကုန်တွင်ရှိသည်။

## မြန်မာနိုင်ငံ၏

## ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခု

ပြည်နယ်များ

၁။ ကချင်ပြည်နယ်

၂။ ချင်းပြည်နယ်

၃။ ရှမ်းပြည်နယ်

၄။ ကယားပြည်နယ်

၅။ မွန်ပြည်နယ်

၆။ ကရင်ပြည်နယ်

၇။ ရခိုင်ပြည်နယ် ဟူ၍ရှိသည်။

တိုင်းဒေသကြီးများ

၁။ စစ်ကိုင်းတိုင်းဒေသကြီး

၂။ မန္တလေးတိုင်းဒေသကြီး

၃။ မကွေးတိုင်းဒေသကြီး

၄။ ပဲခူးတိုင်းဒေသကြီး

၅။ ရန်ကုန်တိုင်းဒေသကြီး

၆။ ဧရာဝတီတိုင်းဒေသကြီး

၇။ တနင်္သာရီတိုင်းဒေသကြီး ဟူ၍ရှိသည်။

၁။ ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် တည်ရှိသည်။ တောတောင်ထူထပ်သောဒေသဖြစ်သည်။ တိဘက်ကုန်းမြေမှ ထိုးထွက်လာသည့် တောင်တန်း၊ တောင်စွယ်များသည် ကချင်ပြည်နယ်ကို မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိသည်။

- ♦ အကျယ်အဝန်းမှာ ၃၄၃၇၉ စတုရန်းမိုင်
- ♦ မြို့တော်မှာ မြစ်ကြီးနားမြို့
- ♦ ကချင်ပြည်နယ်နေ့ ဇန်နဝါရီ (၁၀) ရက်နေ့

၂။ ချင်းပြည်နယ်

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် ရှိသည်။ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း တောင်ဘက်တွင် ရခိုင်ပြည်နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်တွင် အိန္ဒိယ နိုင်ငံတို့ ဝန်းရံလျက်ရှိသည်။

- အကျယ်အဝန်းမှာ ၁၃၉၀၇ စတုရန်းမိုင်
- မြို့တော်မှာ ဟားခါးမြို့
- ချင်းပြည်နယ်နေ့ ဖေဖော်ဝါရီ (၂၀) ရက်နေ့

၃။ ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ယိုးဒယားနိုင်ငံ၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းနှင့် ထိစပ်လျက်ရှိသည်။

- အကျယ်အဝန်းမှာ ၆၀၁၅၅ စတုရန်းမိုင်
- မြို့တော်မှာ တောင်ကြီးမြို့

- ရှမ်းပြည်နယ်နေ့ ဖေဖော်ဝါရီ (၇) ရက်နေ့

၄။ ကယားပြည်နယ်

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ယိုးဒယားနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် ကရင်ပြည်နယ်တို့ ဝန်းရံလျက်ရှိသည်။

- အကျယ်အဝန်းမှာ ၄၅၂၉ စတုရန်းမိုင်
- မြို့တော်မှာ လွိုင်ကော်မြို့
- ကယားပြည်နယ်နေ့ ဇန်နဝါရီ (၁၅) ရက်နေ့

၅။ မွန်ပြည်နယ်

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မုတ္တမကွေ့တို့နှင့် ဆက်စပ်လျက်ရှိသည်။

- အကျယ်အဝန်းမှာ ၄၇၄၈ စတုရန်းမိုင်
- မြို့တော်မှာ မော်လမြိုင်မြို့

- မွန်ပြည်နယ်နေ့ မတ် (၁၉) ရက်နေ့

၆။ ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင် တည်ရှိသည်။

- အကျယ်အဝန်းမှာ ၁၁၇၃၁ စတုရန်းမိုင်
- မြို့တော်မှာ ဘားအံမြို့
- ကရင်ပြည်နယ်နေ့ နိုဝင်ဘာ (၇) ရက်နေ့

၇။ ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် အနောက်ရိုးမတောင်တန်း၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။

- အကျယ်အဝန်းမှာ ၁၄၂၀၀. ၀၈ စတုရန်းမိုင်
- မြို့တော်မှာ စစ်တွေမြို့
- ရခိုင်ပြည်နယ်နေ့ ဒီဇင်ဘာ (၁၅) ရက်နေ့

၈။ စစ်ကိုင်းတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၃၆၅၃၄ စတုရန်းမိုင်
- တိုင်းဒေသကြီး (၇)ခုတွင် အကျယ်ဆုံးဖြစ်သည်။
- မြို့တော်မှာ မုံရွာမြို့ (ယခင် စစ်ကိုင်းမြို့)

၉။ မန္တလေးတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၁၄၂၉၅ စတုရန်းမိုင်
- မြို့တော်မှာ မန္တလေးမြို့

၁၀။မကွေးတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၄၄၈၁၉ စတုရန်းမိုင်
- မြို့တော်မှာ မကွေးမြို့

၁၁။ပဲခူးတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၁၅၂၁၄ စတုရန်းမိုင်
- မြို့တော်မှာ ပဲခူးမြို့

၁၂။ရန်ကုန်တိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၁၉၂၇ စတုရန်းမိုင်

- မြို့တော်မှာ ရန်ကုန်မြို့

၁၃။ဧရာဝတီတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၁၃၅၆၇ စတုရန်းမိုင်
- မြို့တော်မှာ ပုသိမ်မြို့

၁၄။တနင်္သာရီတိုင်းဒေသကြီး

- အကျယ်အဝန်းမှာ ၁၆၇၃၆ စတုရန်းမိုင်
- မြို့တော်မှာ ထားဝယ်မြို့

# မြန်မာနိုင်ငံနှင့် ရာသီဥတု

၁။ နွေဥတု
၂။ မိုးဥတု
၃။ ဆောင်းဥတု တို့ဖြစ်သည်။

နွေဥတု

တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့အထိ ပူပြင်းခြောက်သွေ့သောရာသီကို ခေါ်ဆိုသည်။

မိုးဥတု

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးရွာသွန်းပြီး စွတ်စိုသောရာသီကို ခေါ်ဆိုသည်။

ဆောင်းဥတု

တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ အေးချမ်းခြောက်သွေ့သောရာသီကို ခေါ်ဆိုသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို နိုင်ငံရေးအဆက်ဆက်ပြောင်းလဲလာခဲ့သည်ရှိရာ နောက်ဆုံး ယနေ့ခေတ်တွင် လွှင့်ထူသောအလံတော်မှာ သုံးရောင်စပ်အလျားလိုက်ဖြစ်သည့်အပေါ်ဆုံးအရောင်မှာ အဝါရောင်ဖြစ်ပြီး အလယ်အရောင်မှာ အစိမ်းရောင်၊ အောက်ဆုံးအရောင်မှာ အနီရောင်ဖြစ်သည်။

ထိုသုံးရောင်စပ်ကို အောက်ခံပြုပြီး အလယ်တွင် ကြယ်ဖြူကြီးတစ်လုံး တည်ရှိသည်။ အဖြူရောင်ကြယ်၏ အလယ်ဗဟိုချက်သည် အစိမ်းရောင်တွင် တည်ရှိပြီး အပေါ်အဝါရောင်နှင့် အောက်ခံအနီရောင်ပေါ်သို့ ကျရောက်သော အကျယ်အဝန်း အကွာအဝေးသည် တူညီမှုရှိသည်။ ကြယ်ဖြူသည် တည့်မတ်စွာရှိပြီး အပေါ်သို့ ထောင်မတ်သောထောင့်စွန်းသည် အဝါရောင်ပေါ်သို့ ရောက်ရှိပြီး အောက်သို့ ကျရောက်သော ကြယ်၏ထောင့်စွန်းနှစ်ခုသည် အနီရောင်ပေါ်သို့ ကျရောက်နေမှု ရှိရမည်။

နိုင်ငံတော်အလံသည် နိုင်ငံတော်ကို ကိုယ်စားပြုသော သင်္ကေတဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတိုင်းအတွက် အအမြတ်ထားဂုဏ်ယူဖွယ်ရာဖြစ်၍ ရိုသေထိုက်သောပစ္စည်းတစ်ခုဖြစ်သည်။

## နူအက်တလီစာချုပ်နှင့် လွတ်လပ်ရေး

ဝန်းကြီးချုပ် ဦးနုသည် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်နေ့တွင် အခြေခံဥပဒေကြမ်းကို တင်သွင်းခဲ့ရာ ထိုနေ့မှာပင် အတည်ပြုလိုက်သည်။

ထို့နောက် မြန်မာပြည်လွတ်လပ်ရေးအတွက် လိုအပ်သည်များကို အပြီးသတ်စီစဉ်ခဲ့ပြီး သခင်နုသည် ဗြိတိန်နိုင်ငံသို့ သွားရောက်ပြီး အောက်တိုဘာ ၁၇ ရက်နေ့တွင် 'နူအက်တလီ' စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။ စာချုပ်ပါ အပိုဒ် (၁) အရ မြန်မာနိုင်ငံသည် လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အသိအမှတ်ပြုသောနိုင်ငံဖြစ်လေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ (၄) ရက်နေ့ နံနက် ၄ နာရီ

မိနစ် (၂၀) အချိန်တွင် ဗြိတိသျှတို့၏အလံကို ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ဤနေ့ ဤရက်မှစ၍ လွတ်လပ်ရေးရသောနိုင်ငံဖြစ်သည်။

ထိုနေ့ကို အစွဲပြု၍ နှစ်စဉ် ဇန်နဝါရီလ (၄)ရက်နေ့ကို လွတ်လပ်ရေးနေ့ဟူ၍ သတ်မှတ်ပြီး အစိုးရရုံးများ၊ ကျောင်းများ၊ အလုပ်ရုံများ ပိတ်၍ ပျော်ရွှင်သောနေ့တစ်နေ့အဖြစ် ခံယူကြသည်။

# နိုင်ငံတော်သီချင်း

တရားမျှတ၊ လွတ်လပ်ခြင်းနဲ့မသွေ. . .
တို့ပြည့်. . . တို့မြေ
များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့ . . .
ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ပြည်
တို့ပြည်. . . တို့မြေ. . .။
ပြည်ထောင်စုအမွေ. . . အမြဲတည်တံ့စေ၊
အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ၊ ဗမာပြည်. . .
တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို အသက်ပေးလို့
တို့ကာကွယ်မလေ. . .။
ဒါတို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်နက်မြေ
တို့ပြည်၊ တို့မြေ၊ အကျိုးကို ညီညာစွာ. . .
တို့တတွေ၊ ထမ်းဆောင်ပါစို့လေ. . .။
တို့တာဝန်ပေ. . . အဖိုးတန်မြေ. . .။

မှတ်ချက်။ ။'ပြည်'ကို 'ပြေ' ဟုလည်းကောင်း၊ 'တို့' ကို 'ဒို့'ဟုလည်းကောင်း အသံထွက်ဖတ်ပါ။

မိတ်ဆွေစာပေ

နိုင်ငံတော်သီချင်းရေးစပ်သူ

စိန်မြမောင်

သီဆိုသူ

ရွှေညာမောင်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နိုင်ငံတော်အလံ လွှင့်တင်ရာတွင် ဝန်ကြီးချုပ်ဦးနု၏ အမိန့်ဖြင့် သီဆိုခဲ့ခြင်း ဖြစ်သည်။

# မြန်မာနိုင်ငံ၏ မင်းဆက်များ

| | |
|---|---|
| ၁။ ပထမ တကောင်းမင်းဆက် | ၃၃ ဆက် |
| ၂။ ဒုတိယ တကောင်းမင်းဆက် | ၁၇ ဆက် |
| ၃။ သရေခေတ္တရာမင်းဆက် | ၂၇ ဆက် |
| ၄။ ပုဂံမင်းဆက် | ၅၅ ဆက် |
| ၅။ ပင်းယမင်းဆက် | ၆ ဆက် |
| ၆။ စစ်ကိုင်းမင်းဆက် | ၇ ဆက် |
| ၇။ အင်းဝမင်းဆက် | ၁၇ ဆက် |
| ၈။ တောင်ငူမင်းဆက် | ၄ ဆက် |
| ၉။ ဟံသာဝတီမင်းဆက် | ၁၁ ဆက် |
| ၁၀။ ညောင်ရမ်းမင်းဆက် | ၁၁ ဆက် |
| ၁၁။ ကုန်းဘောင်မင်းဆက် | ၁၁ ဆက် |

ပထမမြန်မာနိုင်ငံတော်တည်ထောင်သူ

ပထမမြန်မာနိုင်ငံတော်ကို တကောင်းအဘိရာဇာမင်းမှ တည်ထောင်သည်။

ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်သူ

ဒုတိယမြန်မာနိုင်ငံတော်ကို အနော်ရထမင်းစောမှ တည်ထောင်သည်။

တတိယမြန်မာနိုင်ငံတော်တည်ထောင်သူ

တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျမှ တည်ထောင်သည်။

## ကုန်းဘောင်မင်းဆက် (၁၁) ဆက် နန်းတက်ခဲ့သောမင်းများ

၁။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ
၁၁၁၄ ခုနှစ်တွင် နန်းတက်သည်။
၂။ သားတော်စစ်ကိုင်းမင်း
၁၁၂၂ ခုနှစ်တွင် နန်းတက်သည်။
၃။ ညီတော်ဆင်ဖြူရှင်မင်း
၁၁၂၅ ခုနှစ်တွင် နန်းတက်သည်။

၄။ သားတော် စဉ့်ကူးမင်း

၁၁၃၈ ခုနှစ်တွင် နန်းတက်သည်။

၅။ ဖောင်းကားမင်း

၁၁၄၃ ခုနှစ်တွင် နန်းတက်သည်။

၆။ ပဒုံမင်း (ဘိုးတော် ဦးဝိုင်း)

၁၁၄၃ ခုနှစ်တွင် နန်းတက်သည်။

၇။ ဘကြီးတော်မှန်နန်းရှင်မင်း

၁၁၈၁ ခုနှစ်တွင် နန်းတက်သည်။

၈။ ညီတော် သာယာဝတီမင်း

၁၁၉၉ ခုနှစ်တွင် နန်းတက်သည်။

၉။ သားတော်ပုဂံမင်း

၁၂၀၈ ခုနှစ်တွင် နန်းတက်သည်။

၁၀။ညီတော်မင်းတုန်းမင်း

၁၂၁၄ ခုနှစ်တွင် နန်းတက်သည်။

၁၁။သားတော်သီပေါမင်း

၁၂၄၀ ခုနှစ်တွင် နန်းတက်သည်။

# ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဆက်

၁၂၄၀ ပြည့်နှစ်တွင် ပဥ္စမသင်္ဂါယနာတင်မင်းတုန်းမင်း တရားကြီးသည် သားတော် အိမ်ရှေ့စံ သီပေါမင်းသားအား နန်းအပ်၍ နန်းတက်စေသည်။

နန်းတက်စတွင်ပင် ခမည်းတော်မင်းတရားကြီး နတ်ရွာစံတော်မူ၍ ထီးနန်းကို ဆက်လက်စိုးအုပ်တော်မူသည်။

သီပေါမင်းသည် မင်းတုန်းမင်းတရားကြီး၏ အလယ်တန်းမိဖုရား ဆင်ဖြူရှင်မနှင့် ဖွားမြင်သော မြတောင်မင်းသမီး (ခ) စုဖုရားလတ်နှင့် လက်ထပ်ခဲ့သည်။ သီပေါမင်းသည် ရှေးမင်းများကဲ့သို့ မိဖုရားများစွာ မထားရှိချေ။

## မင်းမြောက်တန်ဆာ (၅) ပါး

၁။ ဝေဠ - သန်လျက်တော်
၂။ ဘတ္တ - ထီးဖြူ
၃။ ဥဏှီသ - သင်းကျစ်
၄။ သုဝဏ္ဏပါဒုက - ရွှေခြေနင်း
၅။ ဝါဠဗီဇနီ - သားမြီးယပ်

## မင်းနှင့် အမျိုးနွယ်တို့ ဆင်ယင်သောစလွယ်(၈)မျိုး

၁။ ဘုရင်မင်းမြတ်တို့ကား ၂၄ သွယ်ဆင်သည်
၂။ ဥပရာဇာတို့ကား ၂၁ သွယ်ဆင်သည်
၃။ မင်းညီမင်းသားတို့ကား ၁၈ သွယ်ဆင်သည်
၄။ မဟာမျိုးနွယ်တို့ကား ၁၅ သွယ်ဆင်သည်
၅။ အဂ္ဂမဟာသေနာပတိတို့ကား ၁၂ သွယ်ဆင်သည်
၆။ မှူးမတ်တို့ကား ၉ သွယ်ဆင်သည်
၇။ မှူးမတ်လတ်တို့ကား ၆ သွယ်ဆင်သည်
၈။ မှူးမတ်ငယ်တို့ကား ၃ သွယ်ဆင်သည်

(သုတေသနသရုပ်ပြအဘိဓာန်)

ထီး (၈) စင်း

- လက်ျာဘက်တွင်
  ကမ္ဗူ၊ စန္ဒ၊ ပဒုမ၊ သမုဒ္ဒဇာ
- လက်ဝဲဘက်တွင်
  ကနက္ကဒဇာ၊ သူရိယ၊ ဝိသုကမ္မ၊ သမုက္ခ

ပလ္လင် (၈) ခန်း

- မြေနန်းတော် - သီဟာသနပလ္လင် - ရမနေသား- ကန်တော့ခံရန်
- မှန်နန်းတော် - ဘမရာသနပလ္လင် - ကရစေးသား- အမြဲစံမြန်းရန်
- အနောက်ဇေတဝန်ဆောင် - ပဒုမာနပလ္လင် - သ ရက်သား - မင်းမိန်းတို့ ကန်တော့ခံရန်
- အရှေ့ဇေတဝန်ဆောင် - ဟံသာသနပလ္လင် - သက်န်းသား - စည်းဝေးတိုင်ပင်ရန်
- ပြတိုက်ကောင် - ဂဇာသနပလ္လင် - စကားသား- ချီးမြှင့်နိမ့်ချရန်
- ဗောင်းတော်ဆောင် (လေသာဆောင်) - သင်္ခါသန ပလ္လင် - ပိန္နဲသား - တရားနာရန်
- တောင်စမုတ်ဆောင် - မိဂါသနပလ္လင် - ရေသ ဖန်းသား - အလှူတော်ရေစက်ချရန်
- မြောက်စမုတ်ဆောင် - မဟူရာသနပလ္လင် - ပေါက် သား - ကန်တော့ပန်းသိမ်းရန်

လွှတ်တော်စေတဝန်ဆောင်၌ မြေနှင့်အတူ သီဟာသန

ပလ္လင်ထားသည်ဖြစ်၍ ယင်းလွှတ်တော်ပလ္လင်ပါ ပလ္လင် (၉)ခန်းရှိသည်ဟု ဆို၏။

## မင်းတို့ ဘွဲ့မည်ပေးပုံ ကြီးငယ်စဉ်လိုက်

၁။ သတိုးသုဓမ္မာ မဟာသက်တော်ရှည် 'သုဓမ္မာတပ်'
၂။ မင်းကြီးမဟာ သက်တော်ရှည် 'သက်တော်ရှည်ဘွဲ့'
၃။ သတိုးမင်းကြီးမဟာမင်းထင်စည်သူ 'သတိုးတပ်'
၄။ မင်းကြီးမဟာထင်စည်သူ 'မင်းကြီးတပ်'
၅။ မဟာမင်းထင်စည်သူ 'မဟာတပ်'
၆။ မင်းလှမင်းထင်စည်သူ 'မင်းတပ်'
၇။ နေမျိုးမင်းထင်စည်သူ 'နေမျိုးမင်းတပ်'
၈။ နေမျိုးနရစည်သူ 'နေမျိုးဘွဲ့'
၉။ နော်ရထာစည်သူ 'နော်ရထာဘွဲ့'
၁၀။ ရွှေတောင်ကျော်ထင် 'ရွှေတောင်ဘွဲ့'
၁၁။ ဝေလုကျော်ထင်စည်သူ 'ငယ်မည်ပျောက်ဘွဲ့'

## သီပေါမင်း တိုင်းနိုင်ငံအုပ်ချုပ်ရာတွင် ခွဲဝေပိုင်းခြားအုပ်ချုပ်သောဌာနများ

၁။ လယ်ယာဆည်မြောင်းဘက်ဌာန
၂။ အလုပ်ဘက်ဌာန
၃။ ကုန်းကျောင်းစစ်ဘက်ဌာန
၄။ ကူးသန်းရောင်းဝယ်ရေးဌာန
၅။ သာသနာရေးဌာန
၆။ ဘဏ္ဍာရေးဌာန
၇။ အခွန်တော်ဌာန
၈။ ရာဇဝတ်ဌာန
၉။ တရားစီရင်ရေးဌာန
၁၀။ ရေကြောင်းစစ်ဘက်ဌာန
၁၁။ နိုင်ငံခြားရေးဌာန
၁၂။ နိုင်ငံတော်အုပ်ချုပ်ရေးဌာန
၁၃။ နိုင်ငံခြားသားအုပ်ချုပ်ရေးဌာန
၁၄။ စက်ရုံတော်များအုပ်ချုပ်ရေးဌာန

ဟူ၍ ၁၄ ဌာန ခွဲခြားအုပ်ချုပ်သည်။

သီပေါမင်း နန်းတက်စဉ်တွင် ခန့်အပ်သောဝန်ကြီးများမှာ -

၁။ ရေနံချောင်းဝန်ကြီး
၂။ ခန်းပတ်ဝန်ကြီး
၃။ လယ်ကိုင်းမြို့စားသေနတ်ကိုင်ဝန်ကြီး
၄။ ရွှေပြည်ဝန်ကြီးတို့ဖြစ်သည်။

## မင်းကျင့်တရား (၁၀) ပါး

| | | |
|---|---|---|
| ၁။ ဒါနံ | = | အလှူပေးခြင်း |
| ၂။ သီလ | = | သီလဆောက်တည်ခြင်း |
| ၃။ ပရိစ္စာဂဉ္စ | = | ပေးကမ်းစွန့်ကြဲခြင်း |
| ၄။ အဇ္ဇဝဉ္စ | = | တော်ဖြောင့်ခြင်း |
| ၅။ မဒ္ဒဝဉ္စ | = | စိတ်နှလုံးနူးညံ့ခြင်း |
| ၆။ တပဉ္စ | = | ညံ့မွေ့သောအမူအရာရှိခြင်း |
| ၇။ အကောဓဉ္စ | = | အမျက်မထွက်ခြင်း |
| ၈။ အဝိဟိသဉ္စ | = | အနိုင့်အထက်မညှဉ်းဆဲခြင်း |
| ၉။ ခန္တီစ | = | သည်းခံခြင်း |
| ၁၀။ အဝိရောဓနဉ္စ | = | ပြည်သူနှင့် မဆန့်ကျင်ခြင်း |

## မင်းတို့ ပျက်စီးခြင်းအကြောင်းတရားများ

၁။ ဝါစာ = ကြမ်းကြုတ်သောစကားပြောဆိုခြင်း
၂။ ဒဏ္ဍ = ဒဏ်ပေးလွယ်ခြင်း
၃။ ဖရုသဉ္စ = လက်ကြမ်းခြင်း
၄။ အတ္တဒူသနမောစ = သူ၏ဉစ္စာကို ဖျက်စီးခြင်း
၅။ ပါနိတ္တိဝနကိဥ္စ = သေသောက်ကြူးခြင်း
အပျော်အပါးကြူးခြင်း

## တိုင်းပြည်အင်္ဂါ (၅) ပါး

၁။ ပြည့်ဦးကင်းသည် = မှူးကြီးမတ်ကြီးများ
၂။ ပြည့်တံခွန်သည် = ရဟန်းသံဃာများ
၃။ ပြည့်မျက်စိသည် = ပညာရှိများ
၄။ ပြည့်နားသည် = သတင်းထောက်များ
(သူလျှိုများ)
၅။ ပြည့်စွယ်သည် = သူရသတ္တိနှင့် ပြည့်စုံသော
မင်းညီမင်းသား(အိမ်ရှေ့စံ)

| | | | |
|---|---|---|---|
| ၆။ | ပြည့်မျက်နှာသည် | = | အမျိုးကောင်းသမီး ကုမ္မာရီများ |
| ၇။ | ပြည့်ဝမ်းဗိုက်သည် | = | စားနပ်ရိက္ခာနှင့် သူဌေးသူကြွယ်များ |
| ၈။ | ပြည့်ခြေသည် | = | စစ်သည်အင်အား |
| ၉။ | ပြည့်လက်သည် | = | လက်နက်၊ ခဲယမ်း၊ မီးကျောက် |

# သီပေါမင်းလက်ထက် ထင်ပေါ်ကျော်ကြားသောဝန်ကြီးများ

၁။ ရေနံချောင်းဝန်ကြီး

၂။ ရွှေပြည်ဝန်ကြီး

၃။ ခန်းပတ်ဝန်ကြီး

၄။ လယ်ကိုင်းမြို့စားသေနတ်ဝန်ကြီး

၅။ ကင်းဝန်မင်းကြီး

၆။ ဝက်မစွပ်ဝန်ထောက်မင်း

၇။ တိုင်းတာမင်းကြီး

၈။ ယောအတွင်းဝန်ဦးဘိုးလှိုင် တို့ဖြစ်သည်။

ထိုဝန်ကြီးတို့သည် ဘုရင်ခန့်ထားသောဝန်ကြီးများ၊ မှူးကြီးမတ်ကြီးများဖြစ်သည်။ ဘုရင်နှင့် တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံကျိုးပမ်းဆောင်ရွက်ကြသူများဖြစ်သည်။

# မြန်မာ့သမိုင်းတွင်
# သက်တော်ရှည်ဘုရင်မင်းမြတ်များ

၁။ ပျူစောထီးမင်း
သက်တော် (၁၁၀) နှစ်ရှည်၏။

၂။ ထီးမင်းယဉ်မင်း
သက်တော် (၁၀၇) နှစ်ရှည်၏။

၃။ ရသေ့ကြောင်မင်း
သက်တော် (၁၀၆) နှစ်ရှည်၏။

၄။ ကွမ်းဇော်မင်း
သက်တော် (၁၀၅) နှစ်ရှည်၏။

၅။ ဒွတ္တပေါင်မင်း
သက်တော် (၁၀၅) နှစ်ရှည်၏။

၆။ ပါပိရန်မင်း
သက်တော် (၁၀၃) နှစ်ရှည်၏။

၇။ အလောင်းစည်သူမင်း
သက်တော် (၁၀၁) နှစ်ရှည်၏။

မိတ်ဆွေစာပေ

# သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူသောနေ့

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်နေ့တွင် မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့အား နယ်ချဲ့အင်္ဂလိပ်တို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံ၍ ပါတော်မူခြင်းဖြစ်သည်။

အရှင်နှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားသော အထွက်တံခါးမှာ အာဋ္ဌာဝီတံခါးဖြစ်သည်။ ထိုတံခါးသည် ရာဇဝက်သားနှင့် သူသေတို့ကို ထုတ်ဆောင်သောတံခါးဖြစ်သည်။ မြန်မာအရှင်နှစ်ပါးကို ဘုန်းကံနှိမ့်သောအရာရောက်စေခြင်းဖြစ်သည်။

ထိုမှ ဂေါဝိန်ဆိပ်ကမ်းသို့ ညနေ (၃) နာရီအချိန်တွင် အင်္ဂလိပ်စစ်သည် တစ်ထောင်ကျော်ခန့် ဝဲယာနှစ်ဖက် ခြံရံလျက် ထွက်တော်မူခဲ့သည်။

# မြန်မာနိုင်ငံ အုပ်ချုပ်သော
# မဟာမင်းကြီးနှင့် ဘုရင်ခံများ

မဟာဝန်ရှင်တော်မင်းကြီးများ

| | | |
|---|---|---|
| ၁။ | ဘာအာသာဖယ်ရာ | ၁၈၆၂ မှ ၁၈၆၇ |
| ၂။ | မေဂျာဂျင်နရယ်အယ်လ်ဘဗိုလ် | ၁၈၆၇ မှ ၁၈၇၁ |
| ၃။ | ကာနယ်အာဒါး | ၁၈၇၁ ခေတ္တ |
| ၄။ | ဆာအက်ရှလီအီဒင် | ၁၈၇၁ မှ ၁၈၇၅ |
| ၅။ | ဆာအေရဗာသွန်ဆောင် | ၁၈၇၅ မှ ၁၈၇၈ |
| ၆။ | ဆာချားလ်စ်အက်ချီဆင် | ၁၈၇၈ မှ ၁၈၈၀ |
| ၇။ | ဆာချားလ်စ်ဘားနခ် | ၁၈၈၀ မှ ၁၈၈၇ |
| ၈။ | ဆာချားလ်စ်ထရော့ခ်ည်ဝိတ် | ၁၈၈၇ မှ ၁၈၉၀ |
| ၉။ | မစ္စတာအေပီမက္ကာဒေါနယ် | ၁၈၈၉ ခေတ္တ |
| ၁၀။ | ဆာအယ်လ်ဇင်းဒါးမက္ကင်စီ | ၁၈၈၉ မှ ၁၈၉၅ |
| ၁၁။ | ဆာဖရက်ဒရစ်ဖရိုင်ယာ | ၁၈၉၅ မှ ၁၉၉၇ |
| ၁၂။ | မစ္စတာဒီအမမ်ဆမ်တွန် | ၁၈၉၇ ခေတ္တ |

ဒုတိယဘုရင်ခံများ

| | | |
|---|---|---|
| ၁။ | ဆာဖရက်ဒရစ်ဖရိုင်ယာ | ၁၈၉၇ မှ ၁၉၀၁ |
| ၂။ | ဆာဟယူဆန်း | ၁၉၀၁ မှ ၁၉၀၅ |
| ၃။ | ဆာအိုပ်ချ်သာကယ်ပ္ပိုက် | ၁၉၀၅ မှ ၁၉၁၀ |
| ၄။ | ဆာဟာပီအဒစ်ဆင် | ၁၉၁၀ မှ ၁၉၁၅ |
| ၅။ | ဆာဂျော့ဒဗလျူရှော | ၁၉၁၃ ခေတ္တ |
| ၆။ | ဆာဟာကုတ်ဘတ္တလား | ၁၉၁၅ မှ ၁၉၁၇ |
| ၇။ | မစ္စတာဒဗလျူအက်ဖရိုက်ခ် | ၁၉၁၇ ခေတ္တ |
| ၈။ | ဆာရက်ဂျီနယ်ကရတ်ဒေါက် | ၁၉၁၈ မှ ၁၉၂၂ |

ဘုရင်ခံများ

| | | |
|---|---|---|
| ၁။ | ဆာဟာကုတ်ဘတ္တလာ | ၁၉၂၃ မှ ၁၉၂၇ |
| ၂။ | ဆာစီလျံကိုသ် | ၁၉၂၅ ခေတ္တ |
| ၃။ | ဆာချားလ်စ်အင်းနစ်ခ် | ၁၉၂၇ မှ ၁၉၃၂ |
| ၄။ | ဆာဂျေအေမောင်ကြီး | ၁၉၃၀ ခေတ္တ |
| ၅။ | ဆာဟုလင်းစဒေါင်စတီဗင်ဆင် | ၁၉၃၂ မှ ၁၉၃၅ |

# အင်္ဂလိပ်နယ်ချဲ့တို့ ယူသွားသော နန်းစဥ်ရတနာများ

၁။ ပတ္တမြားငမောက်

ရတီချိန် ကိုးဆယ်ရှိသော ပတ္တမြားငမောက်ကျောက်ကြီးမှာ ၁၀၂၃ ခုနှစ်မှစ၍ မြန်မာမင်းများအဆက်ဆက်ထိန်းသိမ်းရရှိခဲ့သောရတနာဖြစ်သည်။

၂။ လျှော်ကားတင်ကြီး

၁၁၉၉ ခုနှစ် ပဒုံမင်းလက်ထက်တွင် ရရှိခဲ့သော ရတနာကျောက်ဖြစ်သည်။ ရတီချိန်အားဖြင့် လေးဆယ်ကျော်ရှိသည်။

၃။ လျှော်ကားတင်လေး

ပဒုံမင်းလက်ထက်မှာပင် ရရှိခဲ့သောရတနာဖြစ်သည်။

၄။ ဆင်မတော်ခေါ် ပတ္တမြား

အလေးချိန် ၁၀ ရတီရှိကြောင်း အမှတ်အသားရှိ၏။

၅။ စံကျောက်တော်ခေါ် ပတ္တမြား

အလေးချိန်အားဖြင့် ခြောက်ရတီရှိ၏။ ပတ္တမြားကောင်းအဖြစ် စံထားအသုံးပြုအပ်သောရတနာဖြစ်သည်။

၆။ နဂါးပိုလ်ကျောက်

ထိုကျောက်သည် တန်ဖိုးများစွာထိုက်တန်သောကျောက်မျက်ရတနာများဖြစ်သည်။

ဖော်ပြပါကျောက်မျက်ရတနာများသည် အင်္ဂလိပ်နယ်ချဲ့တို့ သီပေါမင်းနှင့် စုဖုရားလတ်တို့ ဖမ်းဆီးခေါ်ဆောင်သွားရာတွင် မြန်မာ့နန်းစဉ်ရတနာများကိုလည်း မတရားသိမ်းယူသွားခဲ့ကြသည်။

# နယ်ချဲ့အင်္ဂလိပ်တို့ကို ပုန်ကန်ခဲ့သော ခေါင်းဆောင်များ

၁။ ဗိုလ်မင်းရောင် - နတ်မောက်မြို့နယ်၊ မကွေးခရိုင်
၂။ ဗိုလ်ကျား - မင်းလှမြို့နယ်၊ သရက်ခရိုင်
၃။ ဗိုလ်ဆွဲ - မင်းတုံးမြို့နယ်၊ သရက်ခရိုင်
၄။ ဗိုလ်ချို - ပုဂံနယ်၊ မြင်းခြံခရိုင်
၅။ ဗိုလ်ကျော်ဇော - ကျောက်စည်ရွာ၊ ကျောက်ဆည်ခရိုင်
၆။ ဗိုလ်ဥတ္တမ - ပြည်လုံးကျော်ရွာ၊ မင်းဘူးခရိုင်
၇။ ဗိုလ်ရာတော်ကြီး- စကုမြို့နယ်၊ မင်းဘူးခရိုင်
၈။ ဗိုလ်ကျန် - ရမ်းပြဲမြို့နယ်
၉။ ဗိုလ်သိန်း - မာန်အောင်
၁၀။ ရွှေလှန်ဗိုလ် - ငါးသိုင်းချောင်းနယ်
ကျားဗိုလ်
ဗျိုင်းဗိုလ်
၁၁။ ဗိုလ်ရာညွန့် - ဝဲလောင်နယ်
၁၂။ ဗိုလ်လှကျော် - ကျွန်းခင်းကြီး

၁၃။ ဦးအောင်မြတ် - ဝန်းသိုစော်ဘွား ဝန်းသိုနယ်
၁၄။ မြင်းစိုင်းမင်းသား - ဇီးပင်ကြီး
၁၅။ ထိပ်တင်မှတ် - ရွှေဘိုနယ်
၁၆။ ဗိုလ်နက်ကျော် - ပုပ္ပားနယ်၊ မြင်းခြံခရိုင်
၁၇။ သိမ်ကုန်းဘုန်းကြီး - အံတွဲနယ်
၁၈။ မရမ်းချောင်းဘုန်းကြီး - ရွှေကျင်နယ်
၁၉။ မြင်းကွန်းမင်းသား - မန္တလေးခရိုင်
အမည်ခံဗိုလ် (၃၁) ဦး
၂၀။ ဗိုလ်ရှိုင် - ရေဦး၊ ရွှေဘိုနယ်
ဗိုလ်လျော်
၂၁။ ဗိုလ်ကံလှိုင် (ရှမ်း) - ရှမ်းပြည်နယ်၊ မိုးမိတ်
၂၂။ ရွှေဂျိုးဖြူမင်းသား - ယောနယ်
၂၃။ ဗိုလ်ရာဇာ - စစ်တောင်းမြစ်ဝှမ်း
ဗိုလ်မှူး
ဗိုလ်ကြီးဗိုလ်လတ်

# သခင်ဖိုးလှကြီးနှင့် ရေနံမြေအလုပ်သမား အရေးတော်ပုံ

၁၃၀၀ ပြည့်နှစ်တွင် သခင်ဖိုးလှကြီး ခေါင်းဆောင်သော ရေနံမြေအလုပ်သမားသပိတ်မှောက်မှုကြီး ပေါ်ပေါက်ခဲ့သည်။

မြန်မာပြည်အလယ်ပိုင်း ချောက်ရေနံမြေမှ ရေနံတွင်းများကို ဗြိတိသျှကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့ရာတွင် ဥရောပအရာရှိတို့မှာ လစာငွေ ၃၀၀၀ မှ ၁၀၀၀၀ အထိရရှိပြီး အခမဲ့အိမ်နှင့် အိမ်ဆောင်ပရိဘောဂ၊ အလုပ်သမားနှင့် သွားလာရာတွင် မော်တော်ယာဉ်များ ရရှိခဲ့ကြသည်။

မြန်မာအလုပ်သမားများမှာ လစာငွေ ပျမ်းမျှ တစ်လဆယ့်သုံးကျပ်သာ ရရှိပြီး နေအိမ်မှာလည်း ကျဉ်းမြောင်းစုတ်ချာစွာဖြစ်သလိုနေကြရရှာသည်။

သခင်တို့သည် ရေနံမြေအလုပ်သမားတို့အတွက် တောင်းဆိုချက်များကို အလုပ်သမားများကို စည်းရုံး၍

ဗြိတိသျှကုမ္ပဏီအား တောင်းဆိုခဲ့ကြသည်။ ယင်းသို့ တောင်းဆိုချက်များကို မပေးသဖြင့် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၈) ရက်နေ့တွင် ရေနံမြေသပိတ်ကြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရေနံမြေသပိတ်ကြီးတွင် သခင်ဖိုးလှကြီး ခေါင်းဆောင်၍ ချောက်ရေနံမြေမှ မိုင် ၄၀၀ ခန့်ဝေးသော ရန်ကုန်သို့ ချီတက်ရောက်ရှိလာပြီး တစ်နိုင်ငံလုံးမှာရှိသော လူထုကအားပေးခြင်း၊ ထောက်ခံခြင်း ရရှိခဲ့သည်။

ရန်ကုန်၊ အင်းစိန်၊ သံလျင်၊ ဒလမြို့များမှ အလုပ်သမားတို့ကလည်းကောင်း၊ သထုံ၊ ပဲခူး၊ သာယာဝတီဘက်မှ လယ်သမားများနှင့် ကျောင်းသားများကလည်းကောင်း ပါဝင်ပူးပေါင်းပြီး သပိတ်မှောက်ဆန္ဒပြခဲ့ကြသည်။ ထိုသပိတ်မှောက်မှုကြီးသည် ကိုလိုနီခေတ်တွင် အကြီးမားဆုံး ဆန္ဒပြအုံကြွမှုကြီးဖြစ်သည်။

၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမားအရေးတော်ပုံကြီးဟု သမိုင်းတွင်ခဲ့သည်။

# ဂဠုန်ဆရာစံနှင့် တောင်သူလယ်သမား အရေးတော်ပုံ

ဆရာစံကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာ၌ အဖ တောင်သူကြီး ဦးကျေးနှင့် အမိ ဒေါ်ဖက်တို့မှ ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း (၈) ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။

ဆရာစံသည် ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ဖြူးမြို့၏ အရှေ့ဘက်တွင်ရှိသော ငါးခေါင်းအင်တောင်ရွာသို့ ရောက်ရှိလာပြီး ထိုရွာမှ ဒေါ်ကောနှင့် အိမ်ထောင်ပြုခဲ့သည်။ ရွာသူကြီးထံတွင် စာရင်းငှားအလုပ်ကို လုပ်ကိုင်ရင်း လယ်သမားများ၏ ဆင်းရဲကျပ်တည်းမှု၊ ငွေရှင်၊ ကြေးရှင် ချစ်တီးကုလားတို့မှ လယ်သမားတို့အား အတိုးနှုန်းကြီးစွာ ငွေချေးပြီး ပြန်မဆပ်နိုင်ပါက စစ်ဘက်ဆိုင်ရာအုပ်ချုပ်သော အရာရှိတို့နှင့် ပေါင်း၍ လယ်၊ ယာ၊ ကျွဲ၊ နွားတို့အား သိမ်းယူခြင်း၊ နယ်ချဲ့အစိုးရတို့၏ ဖိနှိပ်ခြင်းကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရပြီး မခံမရပ်နိုင် မုန်းတီးစိတ်များဝင်ကာ ဆန့်ကျင်တော်လှန်လိုသော ဆန္ဒများ တဖွားဖွားပေါ်

ပေါက်လာခဲ့ပြီး ကိုယ်တိုင်ဦးဆောင်ကာ တောင်သူလယ်သမားအရေးတော်ပုံကို စတင်ဆင်နွှဲတိုက်ပွဲဝင်ခဲ့သည်။

၁၉၃၀ ခုနှစ် အောက်တိုဘာလ (၂၈) ရက်နေ့တွင် ဆရာစံသည် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ကို ခံယူခဲ့သည်။ အမိပ္ပာယ်မှာ 'လက်ပံပင်မှ ဂဠုန်မင်း' ဟူ၍ ဖွင့်ဆိုသည်။

ထိုနှစ် ဒီဇင်ဘာ(၂၂)ရက်နေ့ ညမှစ၍ သာယာဝတီနယ် ရေတိုက်ရွာမှစတင်ကာ နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ပုန်ကန်ခဲ့သည်။ မြန်မာပြည်တစ်ဝန်း ထင်ရှားခဲ့သည်။

ဆရာစံနှင့် ရှမ်းတပည့် ငါးယောက်တို့သည် သစ္စာဖောက် ဦးဖိုးကာ ဆိုသူ၏ လမ်းပြမှုကြောင့် ဗြိတိသျှအစိုးရတို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

၁၉၃၁ ခုနှစ် နိုဝင်ဘာ(၂၈)ရက်နေ့ နံနက်(၆)နာရီခန့်တွင် သာယာဝတီထောင်၌ ကြိုးပေးကွက်မျက်ခံခဲ့ရသည်။

တောင်သူလယ်သမားအရေးတော်ပုံတွင် ခေတ်မီလက်နက်များနှင့် စနစ်တကျဦးဆောင်မှုများ မရှိခြင်းကြောင့် ဆရာစံနှင့် အပေါင်းပါ (၁၂၈) ဦးတို့သည် ကြိုးမိန့်ပေးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ထောင်ပေါင်းများစွာသော အဖွဲ့ဝင်များကိုလည်း ဖမ်းဆီးအရေးယူခြင်းခံခဲ့ကြရသည်။

# ဆရာတော် ဦးဥတ္တမနှင့် နိုင်ငံရေးတရားပွဲ

ဆရာတော်ဦးဥတ္တမသည် တိုင်းပြည်နှင့် အမျိုးသားရေးအကျိုးကို ရှေ့တန်းမှ ဆောင်ရွက်နေသော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော်သည် နိုင်ငံသူ နိုင်ငံသားတို့ နိုင်ငံရေးအသိရှိစေရန် နိုင်ငံရေးမျက်စိပွင့်လင်းစေရန် အနုယ်နယ်အရပ်ရပ်သို့ နယ်လှည့်၍ နိုင်ငံရေးတရားကို ဟောပြောခဲ့သည်။ တရားနာယူသူ ဒကာ၊ ဒကာမများ မပျင်းအောင်နားလည်လွယ်အောင် ရယ်စရာပုံပြင်ကလေးများ ကြားညှပ်၍ ဟောပြောစည်းရုံးခဲ့သည်။ တရားနာယူသူများသည် တဖြည်းဖြည်း များပြားလာ၏။

ထိုအချိန်က သူရိယသတင်းစာမှလည်း ဆရာတော်အရှင်ဦးဥတ္တမ၏ တရားပွဲနှင့် ဟောပြောမှုတို့ကို ဖော်ပြခဲ့သည့်အတွက် တစ်နိုင်ငံလုံး ကျော်ကြားသိရှိလာကြ၏။

ဆရာတော် ဦးဥတ္တမသည် ၁၉၂၁ ခုနှစ် ဖွားပုံခရိုင်၊

ဒေးဒရဲမြို့နယ်၊ ဆူးကလပ်ကျေးရွာတွင် အစိုးရအား အကြည်ညိုပျက်အောင် တရားဟောသည်ဟု အကြောင်းပြကာ ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) အရ ကျောင်းကုန်းမြို့တွင် ဖမ်း၍ မအူပင်မြို့ အရေးပိုင်ရုံးတွင် ရုံးတင်စစ်ဆေးသည်။ မအူပင်အရေးပိုင်ရုံးမှ အလုပ်ကြမ်းနှင့်ထောင်ဒဏ် သုံးနှစ် အပြစ်ပေးခံရသည်။ နှစ်နှစ်ကြာသောအခါ အကျင့်စာရိတ္တကောင်း၍ ထောင်မှ လွတ်လိုက်သည်။

# ဆရာတော် ဦးဝိစာရရုပ်တုနှင့် ကျောက်တိုင်ဖွင့်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ပြောကြားခဲ့သော မိန့်ခွန်း

"ယနေ့ အားလုံး ဤကဲ့သို့စုရုံးရသည့်ကိစ္စမှာ ယခင် အင်္ဂလိပ်လက်ထက်က ထောင်အတွင်းတွင် အမျိုးမျိုး နိုင်ငံအတွက် မိမိဘာသာမိမိ အစာငတ်ခံဆန္ဒပြကာ (၁၆၆) ရက်လုံးလုံး နေပြီးနောက် ပျံလွန်တော်မူသွားရှာ သည့် အရှင်ဦးဝိစာရကိုယ်တော်ကြီးအား ချီးကျူးရခြင်း ပင်ဖြစ်ကြောင်း ယခုကဲ့သို့ ပြုလုပ်ရခြင်းမှာ အစိုးရတစ်ခု တည်းက ပြုလုပ်ခြင်းမဟုတ်ဘဲ တိုင်းပြည်နှင့် အဝန်း အ သက်ကို စွန့်လွှတ်သွားသည့် အာဇာနည်များအား ပူဇော် ရခြင်းပင်ဖြစ်ပါကြောင်း"

ရှေးက အရှင်ဦးဝိစာရသည် ဘယ်ဂိုဏ်းတွင် ပါသည် ဘာဖြစ်သည်တို့မှာ ယခု မိမိတို့နှင့် မဆိုင်ကြောင်း၊ ဤသို့ စိတ်မျိုးရှိပါက ယနေ့ ကာအချိန်မှစ၍ ဖျောက်ဖျက်ကြစေ လိုကြောင်း

ကျွန်ုပ်တို့သည် မင်္ဂလာတရားတော်အရ ပူဇော်ထိုက်သူကို ပူဇော်ရမည်ဆိုသည့်အတိုင်း ပူဇော်သက္ကာရပြုခြင်းသာဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ဤသို့ လာရောက်ပူဇော်ခြင်းမှာလည်း အာဇာနည်ပုဂ္ဂိုလ်၏ အနိုင်မခံ အရှုံးမပေးလိုစိတ်၊ မျိုးချစ်စိတ်အမြှုတေစိတ်များကို ချီးကျူးပူဇော်ခြင်းပင်ဖြစ်ကြောင်း

အရှင်ဦးဝိစာရသည် အသက်ကို စွန့်လွှတ်စဉ်အခါက အဖော်မပါ တစ်ကိုယ်တည်းသာဖြစ်ကြောင်း၊ အများနှင့်စုပေါင်းလုပ်ကိုင်လျှက် သတ္တိကောင်းသူ အများကြီးရှိသော်လည်း တစ်ဦးတစ်ယောက်တည်း အလုပ်လုပ်ရန်မှာ ဒလွှန်သတ္တိရှိခဲ့ကြောင်း

အရှင်ဦးဝိစာရ ကိုယ်တော်ကြီး ထောင်အတွင်းတွင် အကျဉ်းခံနေရစဉ်အခါက မည်သူမျှ မသိခဲ့ကြောင်း၊ ထိုစဉ်အခါက မြန်မာနိုင်ငံကြီး လွတ်လပ်ရေးမရသေးဘဲ မိစ္ဆာလူရိုင်းတို့၏ လက်အောက်မှာပင် ရှိသေးကြောင်း

အင်္ဂလိပ်လူမျိုးတို့ အုပ်စိုးမှုကို ယခုကဲ့သို့ ပျက်စီးဆုံးပါးသွားလိမ့်မည်ဟု မည်သူမျှ မထင်ကြ၍ အင်္ဂလိပ်များအား မည်သို့မျှ ဆန့်ကျင့်ဘက်မပြုဝံ့သောအချိန်အခါတွင်

အရှင်ဦးဝိစာရကိုယ်တော်ကြီး တစ်ပါးတည်းပေါ်ပေါက်လာခဲ့ပြီး မည်သူချီးမွမ်းချီးမွမ်း၊ မည်သူကဲ့ရဲ့ကဲ့ရဲ့ ဘာကိုမျှဂရုမစိုက်ဘဲ ငါလိုချင်တာ မရရင် အသက်အသေခံမည်ဆိုတဲ့ အာဇာနည်စိတ်ကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်ကြောင်း

သို့သော် ယခုအခါမှာလည်း ကျွန်ုပ်တို့ ရှေးလုပ်ငန်းစဉ်များအတွက် အရှင်ဦးဝိစာရကဲ့သို့စိတ်ဓာတ်များ မွေးမြူကြဖို့အလွန်အရေးကြီးကြောင်း၊ ယခုအခါ ကျွန်ုပ်တို့ ရရှိထားသည့် လွတ်လပ်ရေးဆိုသည်မှာ မခိုင်မမြဲသေးကြောင်း၊ လွတ်လပ်ရေးခိုင်မြဲရန်မှာ ဤစစ်ကြီးအတွင်း အနိုင်မတိုက်နိုင်သေးသမျှ လွတ်လပ်ရေးအရသာနှင့်တူသော နိဗ္ဗာန်အစစ်ကို မခံစားနိုင်သေးကြောင်း

လွတ်လပ်ရေးကြီးအတွက် အရိုးကြေကြေ အရေခန်းခန်း တစ်ယောက်တည်း ကျန်ကျန် အသက်အသေခံကြိုးစားကြမည်ဟု စိတ်နှလုံး ဒုံးဒုံးချပြီး ဦးဝိစာရကဲ့သို့ အာဇာနည်အမြူတေစိတ်ဓာတ်ကို ယနေ့မှစ၍ မွေးမြူကြစေလိုကြောင်း

ထိုမိန့်ခွန်းကြီးကို ၁၃၀၅ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်၊ ၁၉၄၃ ခုနှစ် အောက်တိုဘာ ၂ ရက် စနေနေ့

တွင် ဆရာတော်ဦးဝိစာရရုပ်တုနှင့် ကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း တက်ရောက်ခဲ့ပြီး အာဇာနည်အရှင်သူမြတ် ကြီးသို့ ဂုဏ်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အရှင်ဦးဝိစာရရုပ်တုနှင့် ကျောက်တိုင်မှာ ရွှေတိဂုံ စေတီတော်ကြီး၏ အနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ် အနီး ဦးဝိစာရလမ်းအဝိုင်း၏ အလယ်တွင် တည်ရှိသည်။

# ရန်ကုန်တက္ကသိုလ်သမဂ္ဂတွင် ထင်ရှားသောပုဂ္ဂိုလ်များ

၁။ သခင်နု

၂။ သခင်အောင်ဆန်း

၃။ ဦးဘဆွေ

၄။ ဦးကျော်ငြိမ်း

၅။ ဦးကျော်မြင့်

၆။ မစ္စတာအမ်အေရာရှစ်

၇။ ဦးထွန်းဝင်း

၈။ ဦးသိန်းဖေ တို့ဖြစ်ကြသည်။

သမဂ္ဂအမှုဆောင်အဖွဲ့သည် ကျောင်းသားထုတစ်ရပ်လုံး ပါဝင်သောအစည်းအဝေးတစ်ခုကို တက္ကသိုလ်ဓမ္မာရုံတွင် ကျင်းပ၍ ကျောင်းသားများအား သပိတ်မှောက်ရန် လှုံ့ဆော်တိုက်တွန်းခဲ့သည်။

ဤသို့ဖြင့် ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ကြသည်။

# အမျိုးသားနေ့ ပေါ်ပေါက်လာပုံ

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားများ သပိတ်မှောက်ကြရာ မြန်မာတပြည်လုံး အားပေးထောက်ခံမှု ရရှိခဲ့သောနေ့ဖြစ်သည်။

ထိုကျောင်းသားသပိတ်ကြီးသည် မြန်မာနိုင်ငံအမျိုးသားလွတ်လပ်ရေးနှင့် နယ်ချဲ့တိုက်ပွဲအဖြစ် သမိုင်းဝင်စတင်ခဲ့သောနေ့ဖြစ်သည်။ ခေါင်းဆောင်အဖြစ် အဓိကပါဝင်ခဲ့သူများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံစေတီတော်အနီး ဦးအရိယကျောင်းတွင် သပိတ်စခန်းဖွင့်ခဲ့သည်။ ပါဝင်သောပုဂ္ဂိုလ်များမှာ -

၁။ ကိုဘဦး (B.A အထက်တန်းခေါင်းဆောင်)
၂။ ကိုဘရှင် (B.S.C အထက်တန်း)
၃။ ကိုညီပိုက် (B.S.C အထက်တန်း)
၄။ ကိုဘိုးကွန်း (B.S.C အထက်တန်း)
၅။ ကိုအေး (B.A အထက်တန်း)

၆။ ကိုလှတင် (B.A အထက်တန်း)
၇။ ကိုဖေသိန်း (B.A အထက်တန်း)
၈။ ကိုထွန်းဝင်း (B.A အထက်တန်း)
၉။ ကိုဘရှင် (B.A အထက်တန်း) (ထားဝယ်)
၁၀။ ကိုဘရှင် (B.A အထက်တန်း)
၁၁။ ကိုအောင်ဝင်း (B.A အထက်တန်း) တို့ဖြစ်သည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသော (G.C.B.A) အသင်းချုပ်ကြီး၏ အစည်းအဝေးမှ ကျောင်းသားများ အင်္ဂလိပ်အစိုးရကျောင်းများကို သပိတ်မှောက်ရန် ထွက်လာခဲ့ပြီး အမျိုးသားကျောင်းသားများဖြစ်မြောက်အောင် စတင်ဆောင်ရွက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အောင်ပွဲနေ့အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်ကြသည်။

နှစ်စဉ် တန်းဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် ယနေ့တိုင် ကျင်းပလျက်ရှိသည်။

# ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ

၁။ ဗိုလ်တေဇ - သခင်အောင်ဆန်း
၂။ ဗိုလ်နေဝင်း - သခင်ရှုမောင်
၃။ ဗိုလ်လကျာ် - သခင်လှဖေ
၄။ ဗိုလ်ဇေယျ - သခင်လှမောင်
၅။ ဗိုလ်ဇင်ယော် - သခင်သန်းညွန့်
၆။ ဗိုလ်ဗလ - သခင်ထွန်းတင်
၇။ ဗိုလ်ရန်အောင် - သခင်ပန်းမြိုင်
၈။ ဗိုလ်တာရာ - သခင်မောင်ဦး
၉။ ဗိုလ်လရောင် - သခင်ဘဂျမ်း
၁၀။ ဗိုလ်ရဲထွဋ် - သခင်အောင်သိန်း
၁၁။ ဗိုလ်မင်းခေါင် - သခင်စောလွင်
၁၂။ ဗိုလ်စကြာ - သခင်အောင်သန်း
၁၃။ ဗိုလ်စောနောင် - သခင်သစ်
၁၄။ ဗိုလ်ဗလ - သခင်ထွန်းလွင်
၁၅။ ဗိုလ်မြင့်ဆွေ - သခင်ထွန်းခင်
၁၆။ ဗိုလ်မိုးညို - သခင်ကျော်သိန်း

၁၇။ ဗိုလ်ဖုန်းမြင့် - သခင်တင်အေး
၁၈။ ဗိုလ်အောင် - သခင်စံတင်
၁၉။ ဗိုလ်မြဒင် - သခင်သန်းတင်
၂၀။ ဗိုလ်လင်းယုန် - သခင်ထွန်းရွှေ
၂၁။ ဗိုလ်တောက်ထိန် - သခင်စံမြ
၂၂။ ဗိုလ်မိုး - သခင်အေးမောင်
၂၃။ ဗိုလ်ဉာဏ - သခင်မောင်မောင်
၂၄။ ဗိုလ်စောနောင် - ခင်ငွေ
၂၅။ ဗိုလ်မြင့်အောင် - သခင်စိုး
၂၆။ ဗိုလ်ရန်နိုင် - ဦးထွန်းရှိန်
၂၇။ ဗိုလ်ကျော်ဇော - ဦးလှရွှေ
၂၈။ ဗိုလ်ထိန်လင်း - ဦးသောင်း
၂၉။ သခင်ထွန်းအုပ်
၃၀။ သခင်သန်းတင် တို့ဖြစ်သည်။

# ရဲဘော်သုံးကျိပ်တို့၏ ဂျပန်အမည်များ

| | | |
|---|---|---|
| ၁။ အိုမီဒါမွန်ဂျိ | - | သခင်အောင်ဆန်း |
| ၂။ တာနီကာီရောရှို | - | သခင်လှဖေ |
| ၃။ တကာစုငိစုခမူ | - | သခင်ရှုမောင် |
| ၄။ ကာဂါမာဆာရှို | - | သခင်လှမောင် |
| ၅။ ယာမာရှိုတာစောရအို | - | ကိုထွန်းရှိန် |
| ၆။ အီတိုဒါကေအိချိ | - | သခင်လှမြိုင် |
| ၇။ တာနီငုချိရှင်အိချိ | - | ကိုလှရွှေ |
| ၈။ အိမူရာတာဒါရှို | - | သခင်စံလှိုင် |
| ၉။ မွန်းရပာိရှိုရှို | - | ကိုဆောင်း |
| ၁၀။ အုဆုမိစုခူမူ | - | သခင်ထွန်းရွှေ |
| ၁၁။ ဟာရာရှို | - | ကိုအောင်သိန်း |
| ၁၂။ ဘာဘာတာဘောရှို | - | သခင်ဗဂျမ်း |
| ၁၃။ ချင်းဒါစိန်ဂျိ | - | သခင်တင်အေး |
| ၁၄။ နာကာမူရာဟိုတိုရှို | - | သခင်ထွန်းခင် |
| ၁၅။ ယာမာဒါ | - | သခင်သန်းတင် (၁) |
| ၁၆။ ဆာဘိုတာ | - | သခင်သန်းတင် (၂) |

မိတ်ဆွေစာပေ

၁၇။ ဟီရာတာမာဆာအို - သခင်အောင်သန်း
၁၈။ ကိုနို - သခင်စိုး
၁၉။ နာကာဂါဝါအိချိဂို - သခင်စံမြ
၂၀။ အီတိုဟိတိုးရှိ - သခင်လှ
၂၁။ ယာမာအိုကာကီရိုရှိ - သခင်စောလွင်
၂၂။ တာကာဟာရှိ - သခင်ကျော်စိန်
၂၃။ အိုဆာဝါ - သခင်သစ်
၂၄။ မွန်းရာမာဆာရု - သခင်ခင်မောင်ဦး
၂၅။ အိုတာနီကိရိုရှိ - သခင်ထွန်းလွင်
၂၆။ အိုကာဝါ - သခင်သန်းညွန့်
၂၇။ မီရိုနိုဆာဆူရှိ - သခင်အေးမောင်
၂၈။ ဆုချိယိ - သခင်မောင်မောင်
၂၉။ ကဏ်ဆုရာ - သခင်ငွေ
၃၀။ အိချိဟာရအိရှိရော - သခင်ထွန်းအုပ်

ရဲဘော်သုံးကျိပ်တို့ ဂျပန်ပြည်သို့ စစ်ပညာသင်သွားကြရာတွင် တစ်ဦးချင်းစီ ဂျပန်အမည်များပေး၍ နေခဲ့ကြသည်။

# ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သူများ

၁။ ဗိုလ်ချုပ်အောင်ဆန်း - မြန်မာပြည်မကိုယ်စားလှယ်
၂။ စဝ်ခွန်ပန်းဆိုင် - တောင်ပိုင်းစော်ဘွား
၃။ စဝ်ရွှေသိုက် - ညောင်ရွှေစော်ဘွား
၄။ စဝ်ဟုန်ဖ - သိန္နီစော်ဘွား
၅။ စဝ်နန်း - လဲချားစော်ဘွား
၆။ စဝ်ထွန်းအေး - သာမခန်းစော်ဘွား
၇။ ဦးခွန်ပန်း - လူထုကိုယ်စားလှယ် သိန္နီမြောက်ပိုင်း
၈။ ဦးတင်အေး - လူထုကိုယ်စားလှယ်၊ တောင်ကြီး
၉။ ဦးကြာပု - လူထုကိုယ်စားလှယ်၊ သီပေါ
၁၀။ စဝ်ယစ်ဖ - လူထုကိုယ်စားလှယ်၊ သီပေါ
၁၁။ ဆမားဒူးဝါးဆင်ဝါးနော်င် - ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား

၁၂။ ဒူဝါဇော်ရစ် - ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၃။ ဦးခွန်ထီး - လူထုကိုယ်စားလှယ်၊ ပင်လုံ
၁၄။ ဦးထွန်းမြင့် - လူထုကိုယ်စားလှယ်၊ မောက်မယ်
၁၅။ ဦးခွန်စော - လူထုကိုယ်စားလှယ်၊ ပင်းတယ
၁၆။ ဦးဖြူ - ကျိုင်းတုံစော်ဘွားကိုယ်စားလှယ်
၁၇။ ဦးဒိန်ရတန် - ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၈။ ဒူဝါဇော်လွန်း - ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၁၉။ ဦးလဘန်ဂရောင် - ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၂၀။ ဦးလူမှုန် - ချင်းကိုယ်စားလှယ်၊ ဖလန်း
၂၁။ ဦးသောင်ဇာခုတ် - ချင်းကိုယ်စားလှယ်၊ တီးတိန်
၂၂။ ဦးဝမ်ကိုဟော - ချင်းကိုယ်စားလှယ်၊ ဟားခါး

၁၂-၂-၁၉၄၇ နေ့ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ဦးစီးလျက် ပင်လုံညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များပါဝင်သော ခေါင်းဆောင် ၂၂ ဦးတို့သည် တိုင်းရင်းသားညီညွတ်ရေးစာချုပ်ကြီးကို တောင်တန်းဒေသနေ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တို့သည် လက်မှတ်ရေးထိုးခဲ့ကြသည်။

ပင်လုံစာချုပ်ဆိုသည်မှာ ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစာချုပ်ကြီးကို အောင်မြင်စွာ ကျင်းပပြီး ရှမ်းပြည်နယ်တောင်ပိုင်း လဲချားနယ်တောင် ပေါ်ရှိ ပင်လုံမြို့ကလေးတွင် လက်မှတ်ရေးထိုးခဲ့သော စာချုပ်ဖြစ်သည်။

ထိုနေ့ ထိုစာချုပ်ကို အကြောင်းပြု၍ နှစ်စဉ်ကျရောက်သော ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ထားသည်။

# နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံသော ဂဠုန်ဦးစောနှင့် အပေါင်းအပါများ

၁။ ဂဠုန်ဦးစော
၂။ မှုံကြီး
၃။ စိန်ကြီး
၄။ သက်နှင်း
၅။ မောင်စိုး
၆။ ခင်မောင်ရင်
၇။ မောင်နီ
၈။ သုခ
၉။ ရန်ကြီးအောင် တို့ဖြစ်သည်။

ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့သည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အမျိုးသားလွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးများအား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြသူများဖြစ်သည်။

၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ဂျွန်ဦးစောနှင့် အပေါင်းအပါတို့အား ကြိုးဒဏ်စီရင်ရန် အမိန့်ချမှတ်လိုက်သည်။

မေလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် တရားခံ ခင်မောင်ရင်၊ မောင်နီနှင့် သုခတို့အား သေဒဏ်အမိန့်မှ ထောင်ဒဏ် တစ်သက်တစ်ကျွန်းအဖြစ် ပြောင်းလဲပေးခဲ့သည်။

ဂျွန်ဦးစောနှင့် မောင်စိုး၊ သက်နှင်း၊ မှုကြီး၊ စိန်ကြီး၊ ရန်ကြီးအောင်တို့အား ကြိုးဒဏ်စီရင်ခဲ့သည်။

# နိုင်ငံတော်လုပ်ကြံမှုကြီးမှ လွတ်မြောက်လာသူများ

၁။ ဦးအောင်ဇံဝေ (ဝန်ကြီး)
၂။ ဦးမြ (ပျော်ဘွယ် ဝန်ကြီး)
၃။ ဦးဘဂျမ်း (ဝန်ကြီး)
၄။ ဦးရွှေဘော် (အတွင်းဝန်)

ထိုသူတို့သည် ယင်းနေ့က အစည်းအဝေးခန်းမ၌ အတူထိုင်ပြီး ရှိနေခဲ့ကြသူများဖြစ်သည်။ ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေတို့သည် သေနတ်ပစ်ခတ်သံကြားရသည်နှင့် စားပွဲအောက်သို့ လှဲအိပ်ချလိုက်သည့်အတွက် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။ ဦးဘဂျမ်းတွင် လက်ျာဘက်လက်သူကြွယ်ဒဏ်ရာအနည်းငယ်ရခဲ့သည်။

ဦးမြနှင့် ဦးရွှေဘော်တို့နှစ်ဦးသည် အစည်းအဝေးခန်းမ၏ နောက်ဘက်ရှိ ပြတင်းမှ ကျော်တက်၍ တိုက်နံရံစွန်းတွင် တွယ်ကပ်ပုန်းအောင်းခဲ့ခြင်းကြောင့် လွတ်မြောက်ခဲ့ကြသည်။

# အာဇာနည်ခေါင်းဆောင်ကြီး (၉) ဦးနှင့် အာဇာနည်နေ့

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ သခင်မြ
၃။ ဦးဘချို
၄။ ဦးရာဇတ်
၅။ ဦးဘဝင်း
၆။ မန်းဘခိုင်
၇။ မိုင်းပွန်စော်ဘွား စဝ်စံထွန်း
၈။ ဦးအုန်းမောင်
၉။ ရဲဘော်ကိုထွေး တို့ဖြစ်သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းကို တောင်တွင်းကြီးခရိုင် နတ်မောက်မြို့တွင်နေထိုင်သော ရှေ့နေကြီး အဖ ဦးဖာ၊ အမိ ဒေါ်စုတို့မှ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် ဖွားမြင်သည် အထွေးဆုံးသားဖြစ်သည်။ ငယ်နာမည်

မောင်ထိန်လင်းဖြစ်သည်။ အစ်ကို အောင်သန်း၏ ညီဖြစ်၍ လိုက်ဖက်စေရန် အောင်ဆန်းဟုလည်း ခေါ်တွင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အဖိုးမှာ ဗိုလ်မင်းရောင်ဖြစ်သည်။

အသက် ခုနစ်နှစ်အရွယ်တွင် နတ်မောက်မြို့ ဆရာတော်ဦးသောဘိတကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၁၃ နှစ် အရွယ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူသည်။

၁၉၃၅-၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂအမှုဆောင်အဖွဲ့ဝင်နှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်နေစဉ် အိုးဝေမဂ္ဂဇင်းတွင်ပါရှိသော (Hell Houng Of Large) ခွေးသရမ်းကြီး လွတ်နေသည်ဟူသောဆောင်းပါးရေးသူကို ထုတ်ဖော်မပြောဘဲ နေခဲ့သောကြောင့် တက္ကသိုလ်မှ ထုတ်ပယ်ခြင်း

ခံခဲ့ရသည်။

၁၉၃၇ ခုနှစ်တွင် ဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။ တက္ကသိုလ် ပဲခူးဆောင်၊ သဟာယဆောင်နှင့် စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် မော်လမြိုင်မြို့၌ ကျင်းပသော ဒို့ဗမာအစည်းအရုံးညီလာခံတွင် စစ်အတွင်း၌ ဗြိတိသျှတို့အား မကူညီရေးအဆို တင်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဟသ်ာတခရိုင်ဝန်က ဆုတော်ငွေ ၅ိဖြင့် သခင်အောင်ဆန်းအား ဖမ်းဝရမ်းထုတ်ခဲ့သည်။ ဤသို့ လူထုခေါင်းဆောင်အား ဖမ်းဝရမ်းထုတ်ခြင်းမှာ စော်ကားခြင်းဖြစ်သည့်အတွက် တစ်ပြည်လုံးက ရှုတ်ချကြသည်။

သခင်အောင်ဆန်းသည် ဝရမ်းပြေးဖြစ်နေသည့်အချိန် တက္ကသိုလ်ကောင်စီလူကြီးမှ နုတ်ထွက်၍ ဗမာ့တပ်မတော်အတွက် နိုင်ငံခြားအကူအညီရရန် သခင်မြတို့နှင့်အတူ ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းခဲ့သည်။ ပြည်ပတော်

လှုန်ရေးခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းက တာဝန်ယူပြီး ပြည်တွင်းတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်မြက တာဝန်ယူသည်။ သခင်အောင်ဆန်းသည် ဩဂုတ်လ (၈) ရက်နေ့တွင် ဟိုင်လီအမည်ရှိသင်္ဘောဖြင့် ဂျပန်ပြည်သို့ လျှို့ဝှက်စွာ ထွက်ခွာသွားခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းကို ကိုယ်တိုင်ရေးဆွဲသည်။ မတ်လ (၃)ရက်နေ့တွင် သွားတုတပ်၍ ရုပ်ဖျက်ပြီး ဂျပန်မှ မြန်မာပြည်သို့ ခေတ္တပြန်လာပြီး မျိုးချစ်လူငယ်များကို စည်းရုံးပြီး ဂျပန်သို့ ခေါ်ဆောင်သွားခဲ့သည်။

ဤသို့ ခေါ်ဆောင်ရာတွင် လိုက်ပါသွားသူများသည် နောင်အခါ ရဲဘော်သုံးကျိပ်ဝင်များဖြစ်သွားခဲ့သည်။ ထိုရဲဘော်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းတွင် ပင်ပန်းကြီးစွာဖြင့် စစ်ပညာသင်ခဲ့ကြရသည်ဟု ဆို၏။

ဒီဇင်ဘာလ (၈) ရက်နေ့တွင် အရှေ့အာရှ၌ စစ်မီးကြီးစတင်ဖြစ်ပွားသည်။ ဒီဇင်ဘာ (၂၆) ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်သို့ ရောက်ရှိကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီ အိုင် အေကိုစတင်ဖွဲ့စည်းခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် သခင်အောင်ဆန်းသည် ဗိုလ်တေဇအမည်ကို ခံယူသည်။

၁၉၄၂ ခုနှစ်တွင် ဂျပန်များနှင့် ပူးပေါင်း၍ ဗိုလ်တေဇ ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများသည် ရန်သူများကို တိုက်ခိုက်ခဲ့ကြသည်။

မတ်လ (၈) ရက်နေ့တွင် ဗိုလ်တေဇ ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်များသည် ဘီအိုင်အေအလံကို လွှင့်ထူ၍ ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့သည်။ ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးခံယူပြီး စစ်သေနာပတိအဖြစ် ဆောင်ရွက်သည်။

စက်တင်ဘာလ (၆) ရက်နေ့တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်ခဲ့သည်။

၁၉၄၃ ခုနှစ် မတ်လ (၁၇) ရက်နေ့တွင် ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင်၊ သခင်မြတို့နှင့် အတူ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဂျပန်သို့ ထွက်ခဲ့ကြသည်။

မတ်လ (၂၂) ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ်ချီးမြှင့်ခြင်းခံရသည်။ ဩဂုတ်လ (၁) ရက်နေ့တွင် ဒေါက်

တာဘာမော်အစိုးရအဖွဲ့တွင် စစ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၄ ခုနှစ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးကို လျှို့ဝှက်စွာဖွဲ့စည်းခဲ့သည်။ စက်တင်ဘာလ (၄) ရက်နေ့တွင် ဂျပန်ဘုရင်၏ ဆုတံဆိပ် ထပ်မံချီးမြှင့်ခြင်းကို ရန်ကုန်မြို့၌ပင် ရရှိခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ (၁၇) ရက်နေ့တွင်မှ ရန်သူကိုတိုက်ခိုက်ရန် စစ်မြေပြင်သို့ ထွက်ခဲ့သည်။ မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်သည်။ ထိုနေ့ကို အမှီပြု၍ ယနေ့တိုင်အောင် တော်လှန်ရေးနေ့ (ဝါ) တပ်မတော်နေ့ဟု ဖြစ်လာပေသည်။

ဩဂုတ်လ (၁၉) ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး၌ သဘာပတိအဖြစ် ဆောင်ရွက်သည်။ ထိုနေ့မှာပင် ဗမာ့လွတ်လပ်ရေးကို တောင်းဆိုလိုက်၏။

၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံစေတီတော်ပစ္စယံတွင် ကျင်းပသော ပြည်လုံးကျွတ် ဖဆပလညီလာခံမှ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ စက်တင်ဘာ (၂၆) ရက်တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ

တွင် ဒုတိယသဘာပတိဖြစ်လာသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့တွင် ဦးစီးကာ အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။

ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဖြစ်သော ပင်လုံညီလာခံကို ကျင်းပခဲ့သည်။ ဤနေ့ကို ယနေ့တိုင်အောင် ပြည်ထောင်စုနေ့ဟု သတ်မှတ်လျက်ရှိသည်။

မေလ (၁၉) ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသော ဖ. ဆ. ပ. လ ပဏာမပြင်ဆင်မှုညီလာခံ၏ သဘာပတိအဖြစ်ဆောင်ရွက်သည်။

ဇွန်လ (၁၆) ရက်နေ့တွင် ပထမတိုင်းပြုပြည်ပြုလွှတ်တော်၌ အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းရန် အဆိုတင်သည်။

ဇူလိုင်လ (၁၃) ရက်နေ့တွင် မြို့တော်ခန်းမ၌ အရေးကြီးသောမိန့်ခွန်းကို ပြောခဲ့သည်။ ထိုမိန့်ခွန်းသည် ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောခဲ့သောမိန့်ခွန်းဖြစ်သည်။

ဇူလိုင်လ (၁၉) ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇

မိနစ်အချိန်တွင် နယ်ချဲ့လက်ပါးစေများ၏ လုပ်ကြံခြင်းကို ခံခဲ့ရသည်။

ဒေါ်ခင်ကြည်နှင့် သားသမီး (၃) ယောက် ထွန်းကားခဲ့သည်။ သားကြီး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်း (ကွယ်လွန်) နှင့် သမီးငယ် အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့သည်။

၂။ သခင်မြ

သခင်မြကို ပဲခူးတိုင်း ပြည်ခရိုင်၊ ထုံးဘိုမြို့၌ အဖ ဦးဘိုးချွန်၊ အမိ ဒေါ်သက်လယ်တို့မှ ၁၈၉၇ ခုနှစ် အောက်တိုဘာလ (၂၇) ရက် ကြာသပတေးနေ့ ည ၇ နာရီ ၃၆ မိနစ်တွင် မွေးဖွားသည်။ ငယ်နာမည်မှာ မောင်မြရွှေဖြစ်သည်။ မွေးချင်း နှမ မမြငွေတစ်ဦးသာရှိသည်။

ငယ်စဉ်အခါက သာယာဝတီ အေ၊ ဘီ၊ အမ်ကျောင်းတွင် ၇ တန်းထိ နေခဲ့သည်။ ၇ တန်းမှ ၁၀ တန်းအထိ ရန်ကုန်ဘက်ပတစ်ဟိုက်စကူးကျောင်းတွင်လည်းကောင်း ပညာသင်ယူခဲ့သည်။

၁၉၁၆ ခုနှစ်တွင် ရန်ကုန်ကောလိပ်၊ အိုင်အက်စီတန်း

တွင် ဆက်လက်ပညာသင်ယူသည်။

၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တား ယူနီဘာစီတီးမှ အိုင်အက်စ်စီမာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၂-၁၉၄၁ ခုနှစ်တွင် ရန်ကုန်ကောလိပ်သပိတ်၌ ခေါင်းဆောင်ခဲ့သည့် အဖွဲ့ဝင် ၂၄ ဦးပါဝင်သော သပိတ် မှော်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ သည်။ အမျိုးသားပညာရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်သည်။

၁၉၂၂-၂၃ ခုနှစ်တွင် ကြည့်မြင်တိုင်အမျိုးသားကျောင်း အုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၂၄ ခုနှစ်တွင် ဘီအက်စ်စီမာတုဗေဒဂုဏ်ထူးဖြင့် အောင်သည်။

၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင် ဘီအယ်လ်ဝတ်လုံစာမေးပွဲ အောင် မြင်သည်။

သာယာဝတီတွင် နေထိုင်ပြီး ဆရာစံအရေးတော်ပုံ၌ ပါဝင်သော ဆင်းရဲသားများဘက်မှ ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ခဲ့သည်။

၁၉၃၆ ခုနှစ်တွင် သခင်တစ်ယောက်ဖြစ်လာသည်။

၁၉၃၇ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးအမှုဆောင်အဖွဲ့ဝင်ဖြစ်သည်။ အမတ်အဖြစ်လည်း အရွေးချယ်ခံခဲ့ရသည်။

၁၉၃၉ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားအဖွဲ့အစည်းကြီး၏ ဥက္ကဋ္ဌဖြစ်လာသည်။

စစ်အတွင်း အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက် တော်လှန်ရေးအတွက် အကျဉ်းချခံထားရသော တော်လှန်ရေးရဲဘော်များအား ဂျပန်လက်မှ လွတ်အောင် ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ် စက်တင်ဘာတွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာပြည်ဆိုရှယ်လစ်ပါတီဟုပြောင်းကာ ဖွဲ့စည်းခဲ့ပြီး သခင်မြသည် ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောအစိုးရအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀

နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြား ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လက်ချက် ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။

၃။ ဒီးဒုတ်ဦးဘချို

ဦးဘချိုသည် မြောင်းမြမြို့ ဆေးဆရာကြီးဦးဘိုးစာ၊ ဒေါ်မြစ်တို့မှ ၁၈၉၃ ခုနှစ် ဧပြီလ (၂၃) ရက်နေ့တွင် မွေး ဖွားသည်။

ဦးဘချိုသည် ငယ်စဉ်ကပင် မြောင်းမြမြို့တွင် ပညာ သင်ကြားခဲ့သည်။ သတ္တမတန်းကို အထူးအောင်မြင်၍ စကောလားရှစ်ပညာသင်ဆုကို ရရှိခဲ့သည်။

ထိုမှတစ်ဆင့် ရန်ကုန်မြို့ စိန်ပေါ်ကျောင်းတွင် ဆက် လက်ပညာသင်ယူပြီး ၁၀ တန်းကို အထူးအောင်မြင်သ ဖြင့် ပညာသင်ဆု ထပ်မံရရှိခဲ့သည်။

ဘီအေအထက်တန်းတွင် ပညာသင်ယူနေဆဲကာလ တွင် မျက်စိရောဂါကြောင့် ကျောင်းထွက်ခဲ့ရသည်။ ကျောင်း ထွက်ခဲ့ရသော်လည်း ပေါင်းတည်နှင့် ဟင်္သာတမြို့များတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်ခဲ့သည်။

၁၉၂၅ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်ကို အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးအတွက် ထုတ်ဝေခဲ့သည့်စာစောင်ဖြစ်သည်ဟု သိရသည်။ ထိုဂျာနယ်ကို အမှီပြု၍ ဒီးဒုတ်ဦးဘချိုဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ဦးဘချိုသည် ဂျပန်အစိုးရလက်ထက်တွင် အတိုင်ပင်ခံလွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ကြိုးပမ်းရာ၌ ဖ. ဆ. ပ. လအဖွဲ့ချုပ် ဖွဲ့စည်းသောအခါ ဝင်ရောက်ဆောင်ရွက်ခဲ့ခြင်းရှိသည်။

တိုင်းပြု ပြည်ပြုလွှတ်တော်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့နှင့်အတူ အပင်ပန်းခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် စနေနေ့ နံနက် (၁၀) နာရီ (၃၇) မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ မသမာသူတို့၏ လုပ်ကြံမှုကို ခံခဲ့ရသည်။

၄။ ဦးရာဇတ်

ဦးရာဇတ်ကို မိတ္ထီလာမြို့ အငြိမ်းစားတိုက်ပိုင် အင်စပက်တော် မစ္စတာအေရာမန်နှင့် ဒေါ်ငြိမ်းလှတို့မှ ၁၈၉၈ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် မွေးဖွားပေသည်။

၁၉၁၂ ခုနှစ်တွင် မန္တလေးမြို့ ဝက်စကီးယောက်ျားကလေးကျောင်းမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့သည်။ ကျောင်းသားဘဝတွင် တက္ကသိုလ်သပိတ်ကြီးတွင် ပါဝင်ခဲ့သည်။

၁၉၂၀ ခုနှစ်တွင် မန္တလေးအမျိုးသားကျောင်းကြီးကို ဖွင့်လှစ်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် အမျိုးသားပညာရေးအဖွဲ့ကြီး၏ ဘီအေစာမေးပွဲကြီးကို အောင်မြင်၍ အေရာဇတ်ဘီအေ နေရှင်နယ်အမည်ခံခဲ့သည်။

၁၉၂၂ မှ ၁၉၄၁ ခုနှစ်အထိ ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံဥပဒေရေးဆွဲရေးကော်မတီဝင်တစ်ဦးဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီးအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉)ရက် စနေနေ့ နံနက် (၁၀) နာရီ(၃၇) မိနစ်တွင် ခေါင်းဆောင်ကြီးများနှင့်အတူ လုပ်ကြံခံခဲ့ရသည်။

၅။ ဦးဘဝင်း

ဦးဘဝင်းကို နတ်မောက်မြို့ ရှေ့နေ ဦးဖာ၊ ဒေါ်စုတို့မှ ၁၉၀၁ ခုနှစ် ဇွန်လ (၁၁) ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း (၉) ယောက်တွင် အကြီးဆုံးသားကြီးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုအကြီးဆုံးဖြစ်သည်။

မန္တလေးဥပစာကောလိပ်မှ အောင်မြင်သူများတွင် ပထမရရှိခဲ့သူဖြစ်သည်။ သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များတွင်လည်း ထူးချွန်စွာအောင်မြင်ခဲ့သည်။

၁၉၂၉ ခုနှစ်တွင် ဘီအက်စ်စီသင်္ချာဂုဏ်ထူးတန်းအောင်မြင်ခဲ့သည်။ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့မှ ဦးအုံ၊ ဒေါ်ရွှေမေတို့၏ သမီး ဒေါ်ခင်စောနှင့် လက်ထပ်ခဲ့သည်။

ရေနံချောင်းမြို့တွင် ဖ. ဆ. ပ. လ အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ထောင်ပုံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် ပါဝင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့သည်။

၆။ မန်းဘခိုင်

မန်းဘခိုင်သည် ဟင်္သာတခရိုင် ယုန်သလင်းရွာ အဖရွာသူကြီး မန်ပေကုန်းနှင့် အမိ ဒေါ်ပုတို့မှ ၁၉၀၃ ခုနှစ် အောက်တိုဘာလ (၂၆) ရက်နေ့တွင် ဖွားမြင်သည်။

ငယ်စဉ်အခါက ဟင်္သာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

မန်းဘခိုင်သည် ကလေးသူငယ်များ၊ ပညာသင်ကြား

နိုင်ငံရေး ကျောင်းတစ်ကျောင်းကို ဖွင့်ပေးခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။ ဂျပန်တော်လှန်ရေးတွင် ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ခဲ့သည်။ ဖ. ဆ. ပ. လအဖွဲ့ကြီးဖြစ်မြောက်ရေးကို ကြိုးကြိုးစားစားဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။

ထိုအဖွဲ့ကြီးတွင် ဗဟိုအလုပ်အမှုဆောင်လူကြီးအဖြစ် ဆောင်ရွက်သည်မှစ၍ ကရင်လူငယ်အစည်းအရုံးဥက္ကဋ္ဌ အဖြစ်လည်း တင်မြှောက်ခြင်းခံရသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရဝန်ကြီးအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် စနေနေ့တွင် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံခဲ့ရ၍ ကွယ်လွန်ခဲ့သည်။

## ၇။ မိုင်းပွန်စော်ဘွား စဝ်စံထွန်း

မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည် မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်တီးနှင့် မြောက်နန်းဆောင်မဟာဒေဝီနန်းစိန်ဥတို့မှ ၁၉၀၇ ခုနှစ် မေ(၃၁)ရက် သောကြာနေ့တွင် ဖွားမြင်သည်။

တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများအထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ ရဲအတတ်သင်ကျောင်းကိုလည်း တက်ရောက်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် စော်ဘွားအဖြစ်ကို အခမ်းအနားဖြင့် ခံယူသည်။

၁၉၃၂ ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး၏ သမီးစဝ်ခင်သောင်းနှင့် လက်ထပ်ခဲ့သည်။ မိုင်းပွန်စော်ဘွားစဝ်စံထွန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တောင်တန်းမြေပြန့်ပူးပေါင်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် အတိုင်ပင်ခံတောင်တန်းဒေသရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် စနေနေ့တွင် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံရ၍ ကွယ်လွန်ခဲ့သည်။

သမီးစဝ်သုနန္ဒာ၊ သားစဝ်ဆေးဟုန်၊ သားစဝ်ကိုင်ဖ၊ သမီး စဝ်မြင့်ကြည်တို့ ကျန်ရစ်ခဲ့သည်။

၈။ ဦးအုန်းမောင်

ဦးအုန်းမောင်သည် မင်းဘူးမြို့မစ္စတာအိပ်ချ်ဒဗလျူ ဘာရပ် (တ်) ဝိန်းနှင့် ဒေါ်ရွှေမြင့်တို့မှ ၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ဖွားမြင်သည်။

တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၃၄ ခုနှစ် ဝိဇ္ဇာတန်းကို အောင်မြင်သည်။

၁၉၃၇ ခုနှစ်တွင် အိုင်အက်စ်စာမေးပွဲတွင် ဖြေဆိုသူ သုံးဦးအနက် ပထမရခဲ့သည်။

၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ အရှေ့နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားအရေးပိုင်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အစိုးရအဖွဲ့တွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနတွင် အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် စနေနေ့တွင် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံရ၍ ကွယ်လွန်ခဲ့သည်။

၉။ ရဲဘော်ကိုထွေး

ရဲဘော်ကိုထွေးကို မန္တလေးမြို့ တောင်ပြင်သိပ္ပံရပ်နေ ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေး၊ ဒေါ်မင်းရီတို့မှ ၁၉၂၉ ခုနှစ်တွင် မွေးဖွားသည်။ ဆဌမ မြောက်သားရတနာဖြစ်သည်။

န၀မတန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် (၁၈) နှစ်အရွယ်တွင် ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက် စနေနေ့တွင် ဗိုလ်ချုပ်တို့နှင့်အတူ လုပ်ကြံခံခဲ့ရခြင်းကြောင့် ကွယ်လွန်ခဲ့သည်။

မှတ်ချက်။ ။အထက်ပါအာဇာနည် (၉) ဦးတို့အား ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့က လုပ်ကြံမှုဖြစ်သည်။

ထိုဇူလိုင်လ (၂၉) ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ် နှစ်တိုင်း အာဇာနည်ကြီးများအား မမေ့သောအားဖြင့် လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ ကောင်းရာသုဂတိလားစေရန် ဘုန်းတော်ကြီးများအား ဆွမ်းကပ်အမျှဝေခြင်းပြုလုပ်ကြလေ့ရှိကြသည်။

# ဗိုလ်ချုပ်ပန်းခြံ ဗိုလ်ချုပ်ကြေးရုပ်အောက်မှ ကမ္ပည်းကျောက်စာ

တစ်တိုင်းပြည်လုံး ကြီးပွားချင်ရင်

လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး

အင်တိုက်၊ အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ

ဗမာကတစ်မျိုး၊ ကရင်ကတစ်ပုံ၊ ကချင်၊ ချင်းတို့ကတခြား

အကွဲကွဲ အပြားပြားလုပ်နေကြရင်

အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်မှသာ

အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း

သိနိုင်မယ်

ထိုကမ္ပည်းစာကို ဝန်ကြီးဦးထွန်းဝင်း၊ ဦးဝန် (ဆရာမင်းသုဝဏ်)၊ ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဗိုလ်မှူးကြီးဘံရှင်၊ ဦးသန့်၊ ဝန်ကြီးချုပ်ပါလီမန်အတွင်းဝန် ဦးထွန်းအောင်တို့ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့က စိစစ်ရွေးချယ်ထားသော စာသားဖြစ်သည်။

မိတ်ဆွေစာပေ

ဗိုလ်ချုပ်ကြေးရုပ်ကြီးကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ (၁၃)ရက်နေ့ နံနက် (၇) နာရီ (၅၅) မိနစ်တွင် နိုင်ငံတော်သမ္မတကြီးဒေါက်တာဘဦးက ဖွင့်လှစ်ပေးခဲ့သည်။

ထိုနေ့သည် ဗိုလ်ချုပ်မွေးနေ့ဖြစ်သည့်အတွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှ 'ပတ်ခ်' လမ်းကိုလည်း ဗိုလ်ချုပ်ကိုဂုဏ်ပြုသောအားဖြင့် နတ်မောက်လမ်းဟု ပြောင်းလဲမှည့်ခေါ် စေခဲ့သည်။

## မဟာမန္တလေးပန်းခြံလွတ်လပ်ရေးကျောက်တိုင်မှ သစ္စာဓိဋ္ဌာန် (၉) ချက်

အောင်စေသတည်း။ ။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် (၉) ရက်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သောမင်္ဂလာအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်

လပ်သောလမ်းသို့ ပို့ဆောင်သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း တစ်သွေမသိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံတော်သားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဉဿဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ်နိမ့်မြင့်မခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများနိမ့်မြင့်မရှိစေရ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု။ ငါတို့အား မတရားပြုသည်ကိုလည်း အသက်

နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရှိသေစွာလိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး၊ နောင်လာနောက်သား အဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤငါတို့သစ္စာဓိဋ္ဌာန်းမှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

# မြန်မာနိုင်ငံတော်သမ္မတများ

၁။ စဝ်ရွှေသိုက်
၂။ ဒေါက်တာဘဦး
၃။ မန်းဝင်းမောင်
၄။ ဦးနေဝင်း
၅။ ဦးစန်းယု
၆။ ဦးစိန်လွင်
၇။ ဒေါက်တာမောင်မောင်
၈။ ဦးသိန်းစိန်
၉။ ဦးထင်ကျော် တို့ဖြစ်သည်။

၁။ သမ္မတစဝ်ရွှေသိုက်

သမ္မတစဝ်ရွှေသိုက်ကို ရှမ်းပြည်နယ် ရွှေညောင်မြို့နေ အဖ ဆာစဝ်မောင်၊ အမိ မဟာဒေဝီတို့မှ ၁၈၉၆ ခုနှစ် အောက်တိုဘာလ (၆) ရက် သောကြာနေ့တွင် ရှမ်းတိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားပေးခဲ့သည်။

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည်။ တောင်ကြီးမြို့

ညောင်ရွှေစော်ဘွား ရှမ်းတိုင်းရင်းသားများ သီးသန့်ဖွင့်ထားသည့် ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၉၂၀ မှ ၁၉၂၃ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်အတွင်း အရှေ့မြောက်နယ်စပ်ဒေသ ဗမာ့တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၂၇ မှ ၁၉၂၉ ခုနှစ်အထိ ညောင်ရွှေစော်ဘွားအဖြစ် ရွေးချယ်ခံခဲ့ရသည်။

၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံဥပဒေရေးဆွဲရေးတွင် ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် တင်မြှောက်ခံရသည်။

၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ပါတီမှာ ဖ. ဆ. ပ. လ ပါတီဖြစ်သည်။

၁၉၆၂ ခုနှစ် နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

၂။ သမ္မတ ဒေါက်တာဘဦး

သမ္မတ ဒေါက်တာဘဦးကို ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့တွင် အဖ ဦးဖိုးလှ၊ အမိ ဒေါ်ညွန့်တို့မှ ၁၈၈၇ ခုနှစ် မေလ (၂၆) ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

ဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်သည်။

ရန်ကုန်အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်ကောလိပ်တွင် ပညာသင်ယူခဲ့သည်။

၁၉၀၇ ခုနှစ်တွင် ကိန်းဘရစ်ကောလိပ်သို့ တက်ရောက်ပညာသင်ယူခဲ့ပြီး ၁၉၁၂ ခုနှစ်တွင် ဒေါက်တာဘွဲ့ရခဲ့သည်။

၁၉၁၂ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ ရှေ့နေအဖြစ်လည်းကောင်း၊ တရားသူကြီးအဖြစ်လည်းကောင်း၊ ထိုမှ မြန်မာနိုင်ငံတော်တရားသူကြီးချုပ်အဖြစ် အဆင့်ဆင့် ၁၉၅၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ထိုင်းဘုရင်၏ 'ဟိတ္တိသေန'ဘွဲ့ကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ 'အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မာဘွဲ့' များကို ချီးမြှင့်ခံရသည်။

၁၉၁၃ ခုနှစ် ဒေါ်ငြိမ်းနှင့် လက်ထပ်ခဲ့သည်။ သား

နှစ်ယောက်မွေးဖွားခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ (ဖ. ဆ. ပ. လ ပါတီ)

၁၉၆၃ ခုနှစ် နိုဝင်ဘာလ (၉)ရက်နေ့တွင် ကွယ်လွန်သည်။

၃။ သမ္မတမန်းဝင်းမောင်

သမ္မတမန်းဝင်းမောင်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် သစ်ဆိပ်ရွာတွင် အဖ ဦးရွှေရင်၊ အမိ ဒေါ်သာယာတို့မှ ၁၉၁၆ ခုနှစ် ဧပြီလ (၁၇) ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။

ကရင်-ဗုဒ္ဓဘာသာ လူမျိုးဖြစ်သည်။

၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A ဘွဲ့ရကာ သံလျှင်ရေနံချက်စက်ရုံတွင် စက်ရုံတာဝန်ခံအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၄၀ ခုနှစ်တွင် ဗိုလ်သင်တန်းတက်ရောက်ခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ကာလကတ္တားနှင့် ကိုလံဘိုတို့တွင် စစ်ပညာသင်တန်းများ

တက်ရောက်ခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၄၂ ခုနှစ်တွင် ဒေါ်မြမေနှင့် လက်ထပ်ခဲ့သည်။ သားသမီး (၆) ယောက်ထွန်းကားခဲ့သည်။

၁၉၅၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံ၏ တတိယသမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းမှ အာဏာသိမ်းလိုက်သဖြင့် ၁၉၆၇ ခုနှစ်အထိ (၅) နှစ်အကျဉ်းကျခံခဲ့ရသည်။

၁၉၈၉ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့တွင် ကွယ်လွန်သည်။

၄။ သမ္မတဦးနေဝင်း

သမ္မတဦးနေဝင်းကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့တွင် အဖ ဦးဖိုးခ၊ အမိ ဒေါ်မိလေးတို့မှ ၁၉၁၁ ခုနှစ် မေလ (၂၄) ရက် စနေနေ့တွင် ဖွားမြင်သည်။

ဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်သည်။

ပေါင်းတည်မြို့ မြန်မာစာသင်ကျောင်းနှင့် ပြည်မြို့

အမျိုးသားအထက်တန်းကျောင်းတို့မှ ပညာသင်ယူခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၉ ခုနှစ်အထိ ပညာသင်ကြားခဲ့ကာ ဉပစာသိပ္ပံ နောက်ဆုံးနှစ်တွင် ကျောင်းထွက်ခဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် ဒို့ဗမာအစည်းအရုံးကို ဝင်ပြီး ဂျပန်သို့ စစ်ပညာသင်ကြားရာတွင် ပါခဲ့ပြီး၊ ဂျပန်မှ ပြန်လာပြီး ဘီအိုင်အေတွင် လှုပ်ရှားခဲ့သည်။ စစ်သေနာပတိဦးစီးဌာနချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မြောက်ပိုင်းတိုင်စစ်ဌာနချုပ်တိုင်းမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

သမ္မတဦးနေဝင်းသည် ဒေါ်တင်တင်နှင့် အိမ်ထောင်ပြုပြီး သားတစ်ဦး ထွန်းကားခဲ့သည်။ ဒုတိယဇနီး ဒေါ်ခင်မေသန်း၊ တတိယဇနီး ဒေါ်နီနီမြင့်၊ စတုတ္ထဇနီး ရတနာနတ်မယ်တို့နှင့် လက်ထပ်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ အာဏာသိမ်းယူပြီး အုပ်ချုပ်ခဲ့သည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလ (၅) ရက်နေ့တွင် ကွယ်လွန်သည်။

၅။ သမ္မတ ဦးစန်းယု

သမ္မတ ဦးစန်းယုကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့တွင် အဖ ဦးစံဖေ၊ အမိ ဒေါ်ရွှေလဲ့တို့မှ ၁၉၁၈ ခုနှစ် မတ်လ (၃) ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။

ဗမာ ဗုဒ္ဓဘာသာလူမျိုးဖြစ်သည်။

ရွှေတောင်မြို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သဲကုန်းမြို့ဆေးကျောင်းတွင် ဒုတိယနှစ်အထိ ပညာသင်ယူခဲ့ပြီး ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သူဖြစ်သည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်တပ်ရင်း (၂) တွင် တိုင်းမှူးဗိုလ်ကြီးအဖြစ်မှ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်တာဝန်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးတာဝန်များ ထမ်းရွက်ခဲ့သည်။

ဦးစန်းယုသည် ဒေါ်သန်းရှိန်နှင့် လက်ထပ်ခဲ့ပြီး သားသမီး (၄)ဦး ထွန်းကားခဲ့သည်။

ဖ. ဆ. ပ. လ ပါတီမှ သမ္မတအဖြစ် တင်မြှောက်ခံရပြီး ၁၉၈၁ မှ ၁၉၈၈ ခုနှစ်အထိ သမ္မတတာဝန်ကို ယူခဲ့သည်။

၁၉၉၆ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့တွင် ကွယ်လွန်သည်။

၆။ သမ္မတဦးစိန်လွင်

သမ္မတဦးစိန်လွင်ကို မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အဖ ဦးရွှေရင်၊ အမိ ဒေါ်မမကြီးတို့မှ ၁၉၂၄ ခုနှစ် ဇန်နဝါရီလ (၂၇) ရက် တနင်္ဂနွေနေ့တွင် မွေးဖွားပေသည်။

၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်တွင် အရာရှိဖြစ်ခဲ့သည်။

၁၉၄၅ ခုနှစ်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ရာ ပြန်တမ်းဝင်အရာရှိဖြစ်လာသည်။

၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းမှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ရာတွင် ကွပ်ကဲခေါင်းဆောင်ရန် ခန့်အပ်ခြင်းခံရသည်။

မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဦးစိန်လွင်သည် ဒေါ်ရွှေတင်နှင့် အိမ်ထောင်ကျပြီး သားသမီး (၅) ဦး ထွန်းကားခဲ့သည်။

၁၉၈၈ ခုနှစ် ဇူလိုင်လ (၂၅) ရက်မှ ဩဂုတ်လ (၁၂) ရက်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သည်။ သမ္မတသက်တမ်းကာလ အတိုဆုံးဖြစ်သည်။

၂၀၀၄ ခုနှစ် ဧပြီလ (၉) ရက်နေ့တွင် ကွယ်လွန်သည်။

၇။ သမ္မတဒေါက်တာမောင်မောင်

သမ္မတဒေါက်တာမောင်မောင်ကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် အဖ ဦးဆင့်၊ အမိ ဒေါ်အေးတင်တို့မှ ၁၉၂၅ ခုနှစ် ဇန်နဝါရီလ (၃၁) ရက် စနေနေ့တွင် မွေးဖွားခဲ့သည်။

ဒေါက်တာမောင်မောင်သည် မန္တလေး ဥပစာကောလိပ်မှ ဥပစာသိပ္ပံစာမေးပွဲကို အောင်မြင်ပြီး တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ မင်္ဂလာဒုံစစ်တက္ကသိုလ်တွင် စတုတ္ထပတ် ဗိုလ်လောင်းသင်တန်းဆင်းတစ်ယောက်ဖြစ်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၄၉ ခုနှစ်တွင် B.I ဘွဲ့များရရှိပြီး ၁၉၅၆ ခုနှစ်တွင် ဟော်လန်နိုင်ငံမှ L.IL.D ဘွဲ့များ ရရှိသူဖြစ်သည်။

၁၉၅၃-၅၅ ခုနှစ်များတွင် အစိုးရရှေ့နေ၊ ၁၉၅၈ ခုနှစ်တွင် ရှေ့နေချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပညာရေးကော်မတီ ပါတီစည်းကမ်းထိန်းသိမ်းရေး ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည်။

ဒေါ်ခင်မေနှင်း (ခေါ်) ဒေါ်ခင်မြင့်နှင့် အိမ်ထောင်ကျပြီး သားသမီး (၅) ဦး ထွန်းကားခဲ့သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့မှ စက်တင်ဘာလ (၁၈) ရက်နေ့အထိ သတ္တမမြောက်သမ္မတအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၄ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့တွင် ကွယ်လွန်သည်။

၈။ သမ္မတဦးသိန်းစိန်

သမ္မတဦးသိန်းစိန်ကို ဧရာဝတီတိုင်း ငပုတောမြို့နယ်

ကျုံ့ကူးရွာတွင် အဖ ဦးမောင်ဖြိုး၊ အမိ ဒေါ်ခင်ညွန့်တို့မှ ၁၉၄၅ ခုနှစ် ဧပြီလ (၂၀) ရက် သောကြာနေ့တွင် မွေးဖွားသည်။

ငယ်စဉ်က ကျုံ့ကူးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး အလယ်တန်း၊ အထက်တန်း၊ ပုသိမ်မြို့ အ. ထ. က (၁) တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။

ဦးသိန်းစိန်သည် (မက်ထရစ်ကူလေးရှင်း) ခေါ် ဒသမတန်းအောင်မြင်၍ D.S.A ဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့သည်။ ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ် အပတ်စဉ် (၉) ဆင်းပြီး ဗိုလ်သိန်းစိန်ဖြစ်လာခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။

၂၀၁၀ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ရွေးကောက်ပွဲတွင် သမ္မတရာထူးကို ရရှိခဲ့သည်။

၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သမ္မတသက်တမ်း (၅) နှစ်တာဝန်ထမ်းဆောင်ခဲ့သည်။

၉။ သမ္မတဦးထင်ကျော်

သမ္မတဦးထင်ကျော်ကို မြန်မာစာရေးဆရာ၊ ကဗျာဆရာကြီးဖြစ်သူ ဆရာကြီးမင်းသုဝဏ် (ဦးဝန်) နှင့် အမိဒေါ်ကြည်ကြည်တို့မှ ၁၉၄၆ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နယ်၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က ရန်ကုန်မြို့ ဒဂုံ အ. ထ. က (၁) တွင် ပညာသင်ကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ကျောင်းနေဘက်ဖြစ်သည်။

၁၉၆၇ ခုနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စီးပွားရေးဘွဲ့နှင့် ၁၉၆၈ ခုနှစ်တွင် မဟာဘွဲ့ရရှိခဲ့သည်။

၁၉၇၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနတွင် ဆက်လက်၍ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။

၁၉၇၅ ခုနှစ်တွင် အကြီးစားစက်မှုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ ၁၉၈၀ မှ ၁၉၉၂ အထိ နိုင်ငံခြားစီးပွားဆက်သွားရေးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

မွန်-မြန်မာဗုဒ္ဓဘာသာဝင်လူမျိုးဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လ (၁၅) ရက်နေ့ ပြည်ထောင်စု

လွှတ်တော်တွင် ပြုလုပ်သော နိုင်ငံတော်သမ္မတရွေးချယ်ပွဲတွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

မြန်မာနိုင်ငံ၏ (၉)ဦးမြောက်သမ္မတဖြစ်သည်။

NLD ပါတီထိပ်တန်းခေါင်းဆောင်ဟောင်း ဦးလွင်၏ သမီး ဒေါ်စုစုလွင်နှင့် လက်ထပ်ခဲ့သည်။

# ၂၀၁၆ ခုနှစ် အမျိုးသားဒီမိုကရေစီ အုပ်ချုပ်ရေးအပြောင်းအလဲ

သမ္မတများ

၁။ ဦးထင်ကျော် (နိုင်ငံတော်သမ္မတ)

၂။ ဦးမြင့်ဆွေ (နိုင်ငံတော်ဒုတိယသမ္မတ-၁)

၃။ ဦးဟင်နရီဗန်ထီးယူ (နိုင်ငံတော်ဒုတိယသမ္မတ-၂)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

၁။ ဒေါ်အောင်ဆန်းစုကြည်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

၁။ ဦးဝင်းမြင့် (ပ)

၂။ ဦးတီခွန်မြတ် (ဒု)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

၁။ ဦးမန်းဝင်းခိုင်သန်း (ပ)

၂။ ဦးအေးသာအောင် (ဒု)

၃။ ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်)

၄။ ဦးဘမျိုးသိန်း (အဖွဲ့ဝင်)

၅။ ဗိုလ်ချုပ်သန်းစိုး (အဖွဲ့ဝင်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၁။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ဒုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၁။ ဗိုလ်ချုပ်ကြီးစိုးဝင်း

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးဌာန

၁။ ဒေါ်အောင်ဆန်းစုကြည်

♦ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ ဦးသိန်းဆွေ

♦ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၃။ ဒေါက်တာဖေမြင့်

♦ ပြန်ကြားရေးဝန်ကြီးဌာန

၄။ ဦးအုန်းဝင်း

♦ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၅။ ဦးခင်မောင်ချို

◆ စက်မှုဝန်ကြီးဌာန

၆။ ဦးကျော်ဝင်း

◆ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၇။ ဒေါက်တာမြင့်ထွေး

◆ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန

၈။ ဦးအုန်းမောင်

◆ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

၉။ ဒေါက်တာသန်းမြင့်

◆ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၁၀။ ဒေါက်တာအောင်သူ

◆ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၁၁။ ဒေါက်တာဝင်းမြတ်အေး

◆ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၁၂။ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း

◆ ကာကွယ်ရေးဝန်ကြီးဌာန

၁၃။ ဦးနိုင်သက်လွင်

♦ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

၁၄။ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်

♦ နယ်စပ်ရေးရာဝန်ကြီးဌာန

၁၅။ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ

♦ ပြည်ထဲရေးဝန်ကြီးဌာန

၁၆။ ဦးသန့်စင်မောင်

♦ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၁၇။ ဦးဖေဇင်ထွန်း

♦ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

၁၈။ ဒေါက်တာမျိုးသိမ်းကြီး

♦ ပညာရေးဝန်ကြီးဌာန

၁၉။ ဦးအောင်ကို

♦ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန

၂၀။ ဦးဝင်းခိုင်

♦ ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ

၁။ ဒေါက်တာခက်အောင်
- ♦ ကချင်ပြည်နယ်ဝန်ကြီးချုပ်

၂။ ဦးဆလိုင်းလျန်လွယ်
- ♦ ချင်းပြည်နယ်ဝန်ကြီးချုပ်

၃။ ဒေါက်တာလင်းထွတ်
- ♦ ရှမ်းပြည်နယ်ဝန်ကြီးချုပ်

၄။ ဦးအယ်လ်ဖောင်ရှို
- ♦ ကယားပြည်နယ်ဝန်ကြီးချုပ်

၅။ ဒေါ်နန်းခင်ထွေးမြင့်
- ♦ ကရင်ပြည်နယ်ဝန်ကြီးချုပ်

၆။ ဦးမင်းမင်းဦး
- ♦ မွန်ပြည်နယ်ဝန်ကြီးချုပ်

၇။ ဦးညီပု
- ♦ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်

၈။ ဒေါက်တာမြင့်နိုင်
- ♦ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်

၉။ ဒေါက်တာအောင်မိုးညို

♦ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်

၁၀။ ဒေါက်တာဇော်မြင့်အောင်

♦ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်

၁၁။ ဦးဝင်းသိန်း

♦ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်

၁၂။ ဦးဖြိုးမင်းသိန်း

♦ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်

၁၃။ ဦးမန်းဂျော်နီ

♦ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်

၁၄။ ဒေါက်တာလှဲ့လှဲ့မော်

♦ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်

# မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်ရှိ မြို့နယ်များ

## ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ တိုက်ကြီး
၂။ မှော်ဘီ
၃။ ထန်းတပင်
၄။ လှည်းကူး
၅။ ရွှေပြည်သာ
၆။ အင်းစိန်
၇။ မင်္ဂလာဒုံ
၈။ မြောက်ဥက္ကလာပ
၉။ မရမ်းကုန်း
၁၀။ လှိုင်သာယာ
၁၁။ လှိုင်
၁၂။ ကမာရွတ်
၁၃။ စမ်းချောင်း
၁၄။ ကြည့်မြင်တိုင်
၁၅။ ရန်ကင်း
၁၆။ အလုံ
၁၇။ လမ်းမတော်
၁၈။ လသာ
၁၉။ ပန်းဘဲတန်း
၂၀။ ဒဂုံ
၂၁။ ကျောက်တံတား
၂၂။ ဗိုလ်တထောင်
၂၃။ ပုဇွန်တောင်
၂၄။ ဆိပ်ကမ်း
၂၅။ တာမွေ
၂၆။ မင်္ဂလာတောင်ညွန့်
၂၇။ သာကေတ
၂၈။ ဒေါပုံ
၂၉။ တောင်ဥက္ကလာပ
၃၀။ သင်္ဃန်းကျွန်း

၃၁။ ဒဂုံမြောက်ပိုင်း
၃၂။ ဒဂုံတောင်ပိုင်း
၃၃။ ဒဂုံအရှေ့ပိုင်း
၃၄။ ဒလ
၃၅။ ဆိပ်ကြီး (ခနောင်တို)
၃၆။ ခရမ်း
၃၇။ သုံးခွ
၃၈။ ကွမ်းခြံကုန်း
၃၉။ ကော့မှူး
၄၀။ ကိုကိုးကျွန်း
၄၁။ သံလျင်
၄၂။ ကျောက်တန်း
၄၃။ ဗဟန်း

## စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ စစ်ကိုင်း
၂။ မြင်းမူ
၃။ မြောင်
၄။ ငါန်းဇွန်
၅။ ရွှေဘို
၆။ ခင်ဦး
၇။ ဝက်လက်
၈။ ကန့်ဘလူ
၉။ ကျွန်းလှ
၁၀။ ရေဦး
၁၁။ ဒီပဲရင်း
၁၂။ တန့်ဆည်
၁၃။ ကသာ
၁၄။ မုံရွာ
၁၅။ မင်းကင်း
၁၆။ ကလေး
၁၇။ ကလေးဝ
၁၈။ တမူး

| | |
|---|---|
| ၁၉။ ဖောင်းပြင် | ၂၉။ နန်းယွန်း |
| ၂၀။ မော်လိုက် | ၃၀။ လဟယ် (အံပေါ်) |
| ၂၁။ ပင်လယ်ဘူး | ၃၁။ လေရှီး |
| ၂၂။ ဝန်းသို | ၃၂။ ဟုမ္မလင်း |
| ၂၃။ ကောလင်း | ၃၃။ ခန္တီး |
| ၂၄။ ဗန်းမောက် | ၃၄။ ပုလဲ |
| ၂၅။ ထီးချိုင့် | ၃၅။ ဆားလင်းကြီး |
| ၂၆။ အင်းတော် | ၃၆။ ကနီ |
| ၂၇။ ဘုတလင် | ၃၇။ ယင်းမာပင် |
| ၂၈။ အရာတော် | ၃၈။ ချောင်းဦး |

## မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များ

| | |
|---|---|
| ၁။ မန္တလေးအရှေ့တောင် | ၇။ မတ္တရာ |
| ၂။ မန္တလေးအရှေ့မြောက် | ၈။ စဉ့်ကူး |
| ၃။ မန္တလေးအနောက်တောင် | ၉။ မေမြို့ |
| ၄။ မန္တလေးအနောက်မြောက် | ၁၀။ သပိတ်ကျင်း |
| ၅။ အမရပူရ | ၁၁။ ကျောက်ဆည် |
| ၆။ ပုသိမ်ကြီး | ၁၂။ မြစ်သား |

၁၃။ စဥ့်ကိုင်း
၁၄။ တံတားဦး
၁၅။ နွားထိုးကြီး
၁၆။ တောင်သား
၁၇။ မြင်းခြံ
၁၈။ ကျောက်ပန်းတောင်း
၁၉။ ဝမ်းတွင်း
၂၀။ သာစည်
၂၁။ မလှိုင်
၂၂။ မိတ္ထီလာ
၂၃။ ပျော်ဘွယ်
၂၄။ တပ်ကုန်း
၂၅။ ပျဉ်းမနား
၂၆။ ရမည်းသင်း
၂၇။ ပုဂံ (ညောင်ဦး)
၂၈။ မေမြို့
၂၉။ မိုးကုတ်

## မကွေးတိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ မကွေး
၂။ ရေနံချောင်း
၃။ ချောက်
၄။ တောင်တွင်းကြီး
၅။ မြို့သစ်
၆။ နတ်မောက်
၇။ မင်းဘူး (စကု)
၈။ ပွင့်ဖြူ
၉။ ငဖဲ
၁၀။ ပခုက္ကူ
၁၁။ ဆင်ပေါင်ဝဲ
၁၂။ အောင်လံ
၁၃။ မင်းလှ
၁၄။ ကမ္မ

၁၅။ မင်းတုန်း
၁၆။ သရက်
၁၇။ စေတုတ္တရာ
၁၈။ စလင်း
၁၉။ ထီးလင်း
၂၀။ ဆော
၂၁။ ဂန့်ဂေါ
၂၂။ ဆိတ်ဖြူ
၂၃။ ပေါက်
၂၄။ မြိုင်
၂၅။ ရေစကြို

## ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ ပဲခူးမြို့
၂။ သနပ်ပင်မြို့
၃။ ကဝမြို့
၄။ ဝေါမြို့
၅။ ညောင်လေးပင်မြို့
၆။ ကျောက်တံခါးမြို့
၇။ ဒိုက်ဦးမြို့
၈။ ရွှေကျင်မြို့
၉။ ပြည်မြို့
၁၀။ ပေါက်ခေါင်းမြို့
၁၁။ ပေါင်းတည်မြို့
၁၂။ ပန်းတောင်းမြို့
၁၃။ သဲကုန်းမြို့
၁၄။ ရွှေတောင်မြို့
၁၅။ သာယာဝတီမြို့
၁၆။ လက်ပန်တန်းမြို့
၁၇။ မင်းလှမြို့
၁၈။ အုတ်ဖိုမြို့
၁၉။ ဇီးကုန်းမြို့
၂၀။ နတ်တလင်းမြို့

၂၁။ မိုးညှိုမြို့
၂၂။ ကြို့ပင်ကောက်မြို့
၂၃။ တောင်ငူမြို့
၂၄။ ထန်းတပင်မြို့
၂၅။ အုတ်တွင်းမြို့
၂၆။ ဖြူးမြို့
၂၇။ ကျောက်ကြီးမြို့
၂၈။ ရေတာရှည်မြို့

## ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ ပုသိမ်အရှေ့
၂။ ပုသိမ်အနောက်
၃။ ငပုတော
၄။ ကျုံပျော်
၅။ ဇလွန်
၆။ ဟင်္သာတ
၇။ သာပေါင်း
၈။ ကျောင်းကုန်း
၉။ ရေကြည်
၁၀။ မော်လမြိုင်ကျွန်း
၁၁။ ဝါးခယ်မ
၁၂။ လပွတ္တာ
၁၃။ အိမ်မဲ
၁၄။ မြောင်းမြ
၁၅။ အင်္ဂပူ
၁၆။ ကြံခင်း
၁၇။ မြန်အောင်
၁၈။ လေးမျက်နှာ
၁၉။ မအူပင်
၂၀။ ပန်းတနော်
၂၁။ ညောင်တုန်း
၂၂။ ဒေးဒရဲ
၂၃။ ကျိုက်လတ်
၂၄။ ဖျာပုံ ၂၅။ ဓနုဖြူ

## တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်များ

၁။ ထားဝယ်
၂။ လောင်းလုံ
၃။ သရက်ချောင်း
၄။ ရေဖြူ
၅။ မြိတ်အရှေ့
၆။ မြိတ်အနောက်
၇။ ဘုတ်ပြင်း
၈။ ပုလော
၉။ တနင်္သာရီ
၁၀။ ကော့သောင်း

## ရှမ်းပြည်နယ်ရှိ မြို့နယ်များ

၁။ တောင်ကြီး
၂။ ဟိုပုံး
၃။ ညောင်ရွှေ
၄။ ဆီဆိုင်း
၅။ ကလေး
၆။ ပင်းတယ
၇။ ရွာငံ
၈။ ရပ်စောက်
၉။ မိုင်းပန်
၁၀။ မောက်မယ်
၁၁။ မိုင်းရှူး
၁၂။ မိုးနည်း
၁၃။ လွယ်ဟိန်း
၁၄။ နမ့်ဆန်
၁၅။ လဲချား
၁၆။ လွိုင်လင်
၁၇။ ဖယ်ခုံ
၁၈။ ပင်လောင်း
၁၉။ နမ္မတူ
၂၀။ သီပေါ

၂၁။ မတိမ်း
၂၂။ မိုးမိတ်
၂၃။ နောင်ချို
၂၄။ နမ့်မဆန်
၂၅။ ကျောက်မဲ
၂၆။ မူဆယ်
၂၇။ ကွတ်ခိုင်
၂၈။ မိုင်းရယ်
၂၉။ မိုင်းဖြတ်
၃၀။ မိုင်းသောင်း
၃၁။ မိုင်းဆပ်
၃၂။ မိုင်းတုံ
၃၃။ မိုင်းခတ်
၃၄။ မိုင်းယန်း
၃၅။ မိုင်းပြင်း
၃၆။ မိုင်းမော
၃၇။ တာချီလိတ်
၃၈။ ကျိုင်းတုံ
၃၉။ ဖန်ရန်း
၄၀။ မန်ဖန့်
၄၁။ နားဖန်
၄၂။ ပန်းဝိုင်း
၄၃။ ကုန်ကျန်
၄၄။ ဟိုပန်း
၄၅။ ကွန်းလုံ
၄၆။ တန့်ယန်း
၄၇။ သိန္နီ
၄၈။ လားရှိုး
၄၉။ မိုးရယ်
၅၀။ ကျေးသီးမံစံ

## ကယားပြည်နယ်ရှိ မြို့နယ်များ

၁။ လွိုင်ကော်
၂။ ဒီမောဆိုး

၃။ ဖရူဆို
၄။ ဖားဆောင်း
၅။ ဘောလခဲ
၆။ ရှားတော

## ကာရင်ပြည်နယ်ရှိ မြို့နယ်များ

၁။ ဘားအံ
၂။ လှိုင်းဘွဲ့
၃။ ဖာပွန်း
၄။ ကော့ကရိတ်
၅။ သံတောင်
၆။ မြဝတီ
၇။ ကြာအင်းဆိပ်ကြီး

## မွန်ပြည်နယ်ရှိ မြို့နယ်များ

၁။ မော်လမြိုင်
၂။ ချောင်းဆုံ
၃။ ကျိုက်မရော
၄။ သံဖြူဇရပ်
၅။ မုဒုံ
၆။ သထုံ
၇။ ရေး
၈။ ပေါင်
၉။ ကျိုက်ထို
၁၀။ ဘီးလင်း

## ချင်းပြည်နယ်ရှိ မြို့နယ်များ

၁။ မင်းတပ်
၂။ ကန်ပက်လက်

၃။ မတူပီ
၄။ ပလက်ဝ
၅။ ဟားခါး
၆။ ဖလမ်း
၇။ ထွန်းဇံ
၈။ တီးတိမ်
၉။ ထန်တလန်

## ကချင်ပြည်နယ်ရှိ မြို့နယ်များ

၁။ မြစ်ကြီးနား
၂။ ဝိုင်းမော်
၃။ ကာမိုင်း
၄။ မိုးညှင်း
၅။ မိုးကောင်း
၆။ အင်ဂျန်ရန်
၇။ မိုးမောက်
၈။ ရွှေကူ
၉။ ဗန်းမော်
၁၀။ ဘော်လော်
၁၁။ ချီဖွေ
၁၂။ တနိုင်း
၁၃။ နောင်မွန်း
၁၄။ ခေါင်ဘူဒဲ
၁၅။ မချမ်းဘော
၁၆။ ဆွမ်ပရာဘွမ်
၁၇။ ပူတာအို
၁၈။ မံစီ

## ရခိုင်ပြည်နယ်ရှိ မြို့နယ်များ

၁။ စစ်တွေ
၂။ မင်းပြား

၃။ ကျောက်တော်
၄။ မြောက်ဦး
၅။ ရသေ့တောင်
၆။ ပုဏ္ဏားကျွန်း
၇။ ရမ်းဗြဲ
၈။ မန်အောင်
၉။ ကျောက်ဖြူ
၁၀။ ဘူးသီးတောင်
၁၁။ မောင်းတော
၁၂။ ပေါက်တော
၁၃။ မြေပုံ
၁၄။ အမ်း
၁၅။ သံတွဲ
၁၆။ တောင်ကုတ်
၁၇။ ဂွ

# မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ

၁၉၄၅ ခုနှစ် ကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါ ကမ္ဘာ့နိုင်ငံအတော်များများသည် ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့ကြရသည်။ စစ်ပွဲတွင် ပါဝင်သောနိုင်ငံများသည် စစ်ပွဲမဖြစ်လာစေရန် တားဆီးနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံ (၅၁) နိုင်ငံမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ်စကိုမြို့တွင် တွေ့ဆုံဆွေးနွေးကြ၍ စစ်တားဆီးရေးနှင့် ကမ္ဘာ့လူသားများ အကူအညီပေးရေးအတွက် ဆွေးနွေးကြပြီး စီမံကိန်းရေးဆွဲကြသည်။

ဤသို့ ဖွဲ့စည်းခဲ့သော အဖွဲ့ကြီးကို ကုလသမဂ္ဂအဖွဲ့ဟု ခေါ်ဆိုသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ (၁၉) ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

# ဦးသန့်နှင့်

## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်

ဦးသန့်ကို ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ အဖ ဦးဖိုးနှစ်၊ အမိ ဒေါ်နန်းတောင်တို့မှ ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ဖွားမြင်ပေးခဲ့သည်။

၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာတန်း အောင်မြင်ပြီး ၁၉၃၀ ပြည့်နှစ်တွင် အထက်တန်းပြဆရာ ဖြစ်လာခဲ့သည်။ ထိုမှ ပန်းတနော်အထက်တန်းကျောင်း အုပ်ဖြစ်လာသည်။

ထို့နောက် ဖ. ဆ. ပ. လ ပြန်ကြားရေးအရာရှိ ဝန်ကြီးချုပ်ရုံး စီမံကိန်းအတွင်းဝန် မြန်မာ့သမိုင်းကော်မရှင် စသော တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းသံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည်။

၁၉၆၁ ခုနှစ် နိုဝင်ဘာ (၁) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အစမ်းခန့်အပ်ခြင်း ခံရသည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာ (၃၀) ရက်နေ့တွင် အ

တည်ပြုခန့်အပ်ခြင်းခံရသည်။ တတိယမြောက်ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ပထမ (၅) နှစ်၊ ဒုတိယ (၅)နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် အထွေထွေအတွင်းရေးမှူးရာထူးမှ အငြိမ်းစားယူခဲ့သည်။

## အောင်ဆန်းသူရိယဘွဲ့ရရှိသူများ

၁။ ဗိုလ်မှူးအေးချို (ကြည်း) ၅၁၈၀
၂။ ဗိုလ်တိုက်ချွန်း (ကြည်း) ၅၄၅၃
၃။ တပ်သားလှသောင်း ၈၈၈၉၅
၄။ တပ်သား စဝ်ဗဟာဒူး ၀၁၉၁၄
၅။ တပ်သား စောဘရီအန် (ဗိုင်) အေ
၆။ တပ်သား စောမြင့် ဘီ/၀၀၆၀၃ တို့ဖြစ်ကြသည်။

အောင်ဆန်းသူရိယဘွဲ့ ဆိုသည်မှာ သူရသတ္တိနှင့် သက်စွန့်ဆံဖျား၊ နိုင်ငံတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်သူများအတွက် ချီးမြှင့်အပ်နှင်းသောဘွဲ့ဖြစ်ပြီး အဆင့်အမြင့်ဆုံးဘွဲ့ဖြစ်သည်။

## အောင်ဆန်းတံခွန်ဘွဲ့ချီးမြှင့်ခံရသူ

ဗိုလ်မိုးကြိုး (ခ) ဗိုလ်မှူးကြီး စူဇူကီးကေအိဂျိ

သိုသူသည် ဂျပန်စစ်ဦးစီးဌာနချုပ်မှ ဂျပန်-မြန်မာအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သတင်းထောက်အဖြစ်လည်းကောင်း မြန်မာပြည်သို့ ဝင်ရောက်လေ့လာရန် ခန့်အပ်ခြင်းခံရသူဖြစ်ပြီး ၁၉၈၁ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ခံရသူဖြစ်သည်။

## မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီး

၁၉၅၂ ခုနှစ် မတ်လ၌ ကျင်းပသော ပထမဆုံးရွေးကောက်ပွဲနှင့် တက်လာသော အမျိုးသမီးဝန်ကြီးမှာ မစ္စက်ဘမောင်ချိန်ဖြစ်သည်။ အမည်ရင်းမှာ 'ကလယ်ရီဗဲလ်အိုင်ရင်းဖိုး' ဖြစ်သည်။ ခင်ပွန်းဖြစ်သူ ဘမောင်ချိန်နှင့် ထင်ရှားခဲ့သူဖြစ်သည်။

မစ္စက်ဘမောင်ချိန်ကို ပုသိမ်မြို့၌ အဖ ဒေါက်တာစံစီဖိုးနှင့် အမိ ဒေါ်အေမီလူနီတို့မှ ၁၉၀၅ ခုနှစ် ဇွန်လ (၁) ရက်တွင် ဖွားမြင်သည်။ မွေးချင်း (၇) ယောက်တွင် (၅)

ယောက်မြောက်ဖြစ်သည်။ ငယ်စဉ်ကပင် အင်္ဂလိပ်ကျောင်းများတွင် ပညာသင်ယူခဲ့သည်။ ကရင်တိုင်းရင်းသူဖြစ်သည်။

၁၉၂၈ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်မှ ဘီအေဘွဲ့ရရှိခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ဆရာဖြစ်ကောလိပ်မှ လက်မှတ်ရခဲ့သည်။ အထက်တန်းပြဆရာမအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် လမ်းအရေးပိုင် ဦးဘမောင်ချိန်နှင့် လက်ထပ်ခဲ့ရာမှ မစ္စက်ဘမောင်ချိန် အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

မစ္စက်ဘမောင်ချိန်သည် ခရစ်ယာန်အသင်း၏ အမှုဆောင်လူကြီးအဖြစ်လည်းကောင်း၊ လူမှုရေးလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

## ဓမ္မစေတီခေါင်းလောင်းကြီး

ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် ဘုရင်မကြီးရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းသည် မွန်ပညာရှိအမတ်ကြီး ဗညားအိမ်အား ဓမ္မစေတီခေါင်းလောင်းကြီး သွန်းလုပ်စေခိုင်းခဲ့သည်။

ကြေးပိဿာချိန် ၁၈၀,၀၀၀ ရှိသည်။ တန်ချိန်အားဖြင့် ၂၇၀ တန်ဖြစ်သည်။ အစောက် (၁၂) တောင်၊ အဝ (၈) တောင်ရှိသည်။

ထိုသို့ သွန်းလုပ်ပြီး ရွှေတိဂုံဘုရားရင်ပြင်တွင် ချိပ်ဆွဲလှူဒါန်းခဲ့သည်။ ခရစ်နှစ် ၁၆၀၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဖီးလစ်ဒီဘရစ်တို (ငဇင်ကာ) သည် အမြောက်လုပ်ရန် ရွှေတိဂုံစေတီရင်ပြင်မှ အတင်းအဓမ္မသယ်ဆောင်သွားရာ ပုဇွန်တောင်ချောင်းအရောက်တွင် သင်္ဘော ဝမ်းဗိုက်ကွဲ၍ နစ်မြုပ်သွားသည်ဟုဆိုသည်။

# မင်းကွန်းခေါင်းလောင်းကြီး

မင်းကွန်းခေါင်းလောင်းကြီးသည် စစ်ကိုင်းမြို့မြောက်ဘက် တစ်မိုင်ခန့်အကွာ မင်းကွန်းရွာတွင် တည်ရှိသည်။

မင်းကွန်းခေါင်းလောင်းကြီးကို ဘိုးတော်ဘုရား၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း သွန်းလွန်းရွာ (စွန်လွန်းရွာ) တွင် ကြေးနီ၊ ကြေးဝါ၊ ဘော်၊ သံကြပ်တို့ဖြင့် ကျိုချက်၍ သွန်းလုပ်ခဲ့သည်။

- အလေးချိန် ၈၀. ၅၂ တန်ရှိသည်။
- ကြေးပိဿာချိန် ၅၅၅၅၅ ပိဿာဖြင့် သွန်းလုပ်သည်။
- ခေါင်းလောင်းအဝ အချင်း ၁၂ တောင် ၄ သစ်
  (၁၆ ပေနှင့် ၈ ၃/၄ လက်မ)
- အစောက် ၃ တောင် ၁ မိုက် ၄ သစ်
  (ပေ ၂၀ နှင့် ၃ လက်မ)
- လုံးပတ် ၃၃ တောင်နှင့် ၄ သစ်
  (ပေ ၅၀ နှင့် ၃/၄ လက်မ)

မင်းကွန်းခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် ချိပ်ဆွဲ၍ရသော ဒုတိယခေါင်းလောင်းကြီးဖြစ်သည်။

# စဉ့်ကူမင်းခေါင်းလောင်းကြီး

စဉ့်ကူမင်းခေါင်းလောင်းကြီးမှ စဉ့်ကူမင်း၏ ခမည်းတော် ဆင်ဖြူများရှင်မင်းတရားလက်ထက်က လှူဒါန်းရန် သွန်းလုပ်ခဲ့သော ခေါင်းလောင်းကြီးဖြစ်သည်။

- ကြေးပိဿာချိန် ၁၅. ၅၅၅ ပိဿာ (တန်ချိန် ၂၄ တန်ခန့်)
- အချင်း ၅ တောင်
- အရပ် ၇ တောင် ၂ မိုက် (၁၁ ပေ ၃ လက္မ)
- လုံးပတ် ၁၅ တောင် (၂၂ ပေ ၃/၂ လက်မ)
- အထူ ၂ မိုက် ၅ သစ် (၁၃/၄ လက္မ)

မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တပို့တွဲလဆန်း (၁၁) ရက် ၁၇၇၈ ခုနှစ် ဗုဒ္ဓဟူးနေ့တွင် သွန်းလုပ်သည်။ ခေါင်းလောင်းတော်ကြီးကို မဟာဃဏ္ဍာဘွဲ့ပေးတော်မူပြီး ရွှေတိဂုံစေတီတော်အနောက်မြောက်အရပ် ရာဟုထောင့်တွင် တန်ဆောင်းနှင့်တကွ ချိပ်ဆွဲလှူဒါန်းခဲ့သည်။

၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ရွှေတိဂုံစေတီတော်ကုန်းတော်ကို သိမ်းယူ၍ အောင်ပွဲခံကြသည်။ ခေါင်းလောင်းတော်ကြီး ဖြုတ်ယူ၍ အင်္ဂလန်သို့ သယ်ယူရန် သင်္ဘောပေါ်သို့ တင်ဆောင်ရာတွင် မြစ်ထဲသို့ ကျသွားခဲ့သည်။ အင်္ဂလိပ်တို့ အကြိမ်ကြိမ်ဆယ်ယူသော်လည်း မရရှိပေ။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မြန်မာတို့သည် စဉ့်ကူမင်းခေါင်းလောင်းတော်ကြီးကို ပြန်လည်ဆယ်ယူရရှိခဲ့သည်။

၁၈၂၆ ခုနှစ်တွင် စဉ့်ကူမင်းခေါင်းလောင်းကြီးကို ရွှေတိဂုံစေတီတော်ရင်ပြင် မူလရှိရင်းစွဲနေရာတွင် အခမ်းအနားဖြင့် ပြန်လည်သယ်ဆောင်ချိပ်ဆွဲထားရှိခဲ့သည်။ ခေါင်းလောင်းတော်ကြီး၏ နူတ်ခမ်းနားများ ပဲ့ကြွေနေခြင်းမှာ မြစ်အတွင်းမှ ဆယ်ယူပို့ဆောင်ရာတွင် ထိခိုက်မှုရှိခြင်းကြောင့်ဖြစ်သည်။

# မြန်မာလူမျိုးတို့ ယုံကြည်ကိုးကွယ်မှု

ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီးသည် မိမိတို့ယုံကြည်သော ဘာသာအယူဝါဒကို လွတ်လပ်စွာကိုးကွယ်ခွင့် အပြည့်အဝရရှိကြသည်။

မြန်မာနိုင်ငံတွင် လူအများကိုးကွယ်သော ဘာသာမှာ ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်သည်။ ခရစ်ယာန်ဘာသာ၊ အစ္စလာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သူများလည်း ရှိကြသည်။

ဘာသာအသီးသီးနှင့်ပတ်သက်သော နေ့ထူးနေ့မြတ်များကို အများပြည်သူရုံးပိတ်ရက်များအဖြစ် နိုင်ငံတော်က သတ်မှတ်ပေးသည်။

(၁၁) ရာစုတွင် ရှင်အရဟံမထေရ်မြတ်နှင့် အနော်ရထာမင်းကြီးတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပုဂံနေပြည်တော်သို့ ထေရဝါဒဗုဒ္ဓသာသနာ ရောက်ရှိလာသည်။ မင်းအဆက်ဆက်နှင့် အစိုးရအဆက်ဆက်တို့သည် သာသနာ့ဒါယကာခံယူကာ ဗုဒ္ဓသာသနာစည်ပင်ပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။ ဘာသာ၊ သာသနာရေး

ကိစ္စများကို အစိုးရမင်းများနှင့်တကွ ပြည်သူပြည်သားတို့ ခေတ်အဆက်ဆက် အားထုတ်ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင် ထွန်းလင်းထင်ရှားလျက်ရှိသည်။

## မြန်မာတို့၏ အခါတော်နေ့များ

၁။ တန်ခူးလ - မြန်မာနှစ်ဆန်း (၁) ရက်နေ့
နှစ်သစ်မင်္ဂလာအခါတော်နေ့

၂။ ကဆုန်လ - လပြည့်နေ့ (ဗုဒ္ဓနေ့)
ကဆုန်ညောင်ရေသွန်းပွဲတော်

၃။ နယုန်လ - လပြည့်နေ့
မဟာသမယအခါတော်နေ့

၄။ ဝါဆိုလ - လပြည့်နေ့
ဓမ္မစကြာအခါတော်နေ့

၅။ ဝါခေါင်လ - လပြည့်နေ့
မေတ္တာအခါတော်နေ့

၆။ တော်သလင်းလ - လပြည့်နေ့
ဂရုဓမ္မအခါတော်နေ့

၇။ သီတင်းကျွတ်လ - လပြည့်နေ့
အဘိဓမ္မာအခါတော်နေ့

၈။ တန်ဆောင်မုန်းလ - လပြည့်နေ့
သာမညဖလအခါတော်နေ့

၉။ နတ်တော်လ - လပြည့်နေ့
ဓမ္မစာဆိုတော်များနေ့

၁၀။ ပြာသိုလ - လပြည့်နေ့
ရှင်တစ်ထောင်အခါတော်နေ့

၁၁။ တပို့တွဲလ - လပြည့်နေ့
ဩဝါဒပါတိမောက်အခါတော်နေ့

၁၂။ တပေါင်းလ - လပြည့်နေ့
မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့

## မြန်မာ့ဂေဇက်ဝင် ရုံးပိတ်ရက်များ

၁။ မဟာသင်္ကြန်အကြိုနေ့
၂။ မဟာသင်္ကြန်အကျနေ့
၃။ မဟာသင်္ကြန်အကြပ်နေ့

၄။ မဟာသင်္ကြန်အတက်နေ့
၅။ မြန်မာနှစ်ဆန်း (၁) ရက်နေ့
၆။ ကဆုန်ညောင်ရေသွန်းပွဲတော်နေ့ (ကဆုန်လပြည့်နေ့)
၇။ လွတ်လပ်ရေးနေ့ (ဇန်နဝါရီလ ၄ ရက်)
၈။ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်)
၉။ တောင်သူလယ်သမားနေ့ (မတ်လ ၂ ရက်)
၁၀။ တပ်မတော်နေ့ (မတ်လ ၂၇ ရက်)
၁၁။ အလုပ်သမားနေ့ (မေလ ၁ ရက်)
၁၂။ ဒေဝါလီနေ့
၁၃။ အစ်နေ့
၁၄။ ခရစ္စမတ်နေ့
၁၅။ အာဇာနည်နေ့ (ဇူလိုင်လ ၁၉ ရက်)
၁၆။ ကရင်နှစ်သစ်ကူးနေ့
၁၇။ ဓမ္မစကြာအခါတော်နေ့ (ဝါဆိုလပြည့်နေ့)
၁၈။ အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့)
၁၉။ တပေါင်းပွဲတော် (တပေါင်းလပြည့်နေ့)

# မြန်မာတို့ အသိအမှတ်ပြုသော ကမ္ဘာ့အထိမ်းအမှတ်နေ့များ

၁။ ကမ္ဘာ့ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေးနေ့
- ဖေဖော်ဝါရီလ (၄) ရက်

၂။ အနာကြီးရောဂါကင်းဝေးရေးအထိန်းအမှတ်နေ့
- ဖေဖော်ဝါရီလ (၆) ရက်

၃။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့
- မတ်လ (၈) ရက်

၄။ ကမ္ဘာ့ရေသယံဇာတနေ့
- မတ်လ (၂၂) ရက်

၅။ ကမ္ဘာ့ကျန်းမာရေးနေ့
- ဧပြီလ (၇) ရက်

၆။ ကမ္ဘာ့အလုပ်သမားနေ့
- မေလ (၁) ရက်

၇။ ကမ္ဘာ့ကြက်ခြေနီနေ့
- မေလ (၈) ရက်

၈။ ကမ္ဘာ့မိသားစုနေ့

♦ မေလ (၁၅) ရက်

၉။ ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့

♦ မေလ (၃၁) ရက်

၁၀။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

♦ ဇွန်လ (၅) ရက်

၁၁။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့

♦ ဇွန်လ (၂၆) ရက်

၁၂။ မြန်မာအမျိုးသမီးများနေ့

♦ ဇူလိုင်လ (၃) ရက်

၁၃။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့

♦ ဇူလိုင်လ (၇) ရက်

၁၄။ ကမ္ဘာ့လူဦးရေနေ့

♦ ဇူလိုင်လ (၁၁) ရက်

၁၅။ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

♦ ဇူလိုင်ပထမပတ် စနေနေ့

၁၆။ ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့

♦ အောက်တိုဘာလ (၁) ရက်

၁၇။ ကမ္ဘာ့စာပို့တိုက်နေ့

♦ အောက်တိုဘာလ (၉) ရက်

၁၈။ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

♦ အောက်တိုဘာလ ဒုတိယပတ် အင်္ဂါနေ့

၁၉။ ကမ္ဘာ့စားနပ်ရိက္ခာနေ့

♦ အောက်တိုဘာလ (၁၆) ရက်

၂၀။ ကမ္ဘာ့ကုလသမဂ္ဂနေ့

♦ အောက်တိုဘာလ (၂၄) ရက်

၂၁။ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့

♦ ဒီဇင်ဘာလ (၁) ရက်

၂၂။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

♦ ဒီဇင်ဘာလ (၃) ရက်

၂၃။ ကမ္ဘာ့လုပ်အားပေးများနေ့

♦ ဒီဇင်ဘာလ (၅) ရက်

၂၄။ ကမ္ဘာ့သွေးလှူရှင်များနေ့

♦ ဒီဇင်ဘာလ (၁၄) ရက်

# အထိမ်းအမှတ်ပြုရတုနေ့များ

- (၁) နှစ်မြောက် ➢ စက္ကူရတု
- (၂) နှစ်မြောက် ➢ ဂွမ်းရတု
- (၃) နှစ်မြောက် ➢ သားရေရတု
- (၄) နှစ်မြောက် ➢ ပိုးရတု
- (၅) နှစ်မြောက် ➢ သစ်သားရတု
- (၆) နှစ်မြောက် ➢ သကြားရတု
- (၇) နှစ်မြောက် ➢ သက္ကလတ်ရတု
- (၈) နှစ်မြောက် ➢ ကြေးရတု
- (၉) နှစ်မြောက် ➢ ဥသဖရားရတု
- (၁၀) နှစ်မြောက် ➢ သံဖြူရတု
- (၁၁) နှစ်မြောက် ➢ သံမဏိရတု
- (၁၂) နှစ်မြောက် ➢ ချည်ရတု
- (၁၃) နှစ်မြောက် ➢ ဇာပန်းရတု
- (၁၄) နှစ်မြောက် ➢ ဆင်စွယ်ရတု
- (၁၅) နှစ်မြောက် ➢ သလင်းရတု
- (၂၀) နှစ်မြောက် ➢ ကြွေရတု

- (၂၅) နှစ်မြောက် ➢ ငွေရတု
- (၃၀) နှစ်မြောက် ➢ ပုလဲရတု
- (၃၅) နှစ်မြောက် ➢ ကျောက်စိမ်းရတု
- (၄၀) နှစ်မြောက် ➢ ပတ္တမြားရတု
- (၄၅) နှစ်မြောက် ➢ နီလာရတု
- (၅၀) နှစ်မြောက် ➢ ရွှေရတု
- (၅၅) နှစ်မြောက် ➢ မြရတု
- (၆၀) နှစ်မြောက် ➢ စိန်ရတု
- (၇၅) နှစ်မြောက် ➢ ဒုတိယစိန်ရတု
- (၉၀) နှစ်မြောက် ➢ နဝရတ်ရတု
- (၁၀၀) နှစ်မြောက် ➢ ရာပြည့်ရတု

# ရှေးခေတ်အချိန်အခါနှင့် ဝေါဟာရအခေါ်

ရှေးခေတ်မြန်မာကြီးများသည် ယခုခေတ်ကဲ့သို့ စက်နာရီမပေါ်သေးသည့်အတွက် အချိန်အခါကို မှတ်သားရာတွင် နေ့အခါတွင် နေကိုကြည့်၍လည်းကောင်း၊ ညအခါတွင် ကြက်တွန်သံကိုနားထောင်၍လည်းကောင်း အမှတ်အသားပြု၍ ခေါ်ဝေါ်မှတ်သားကြသည်။

| | | | |
|---|---|---|---|
| ၁။ | ရောင်နီပေါ်ချိန် | ➢ | နံနက် ၄း၃၀ နာရီ |
| ၂။ | အရုဏ်တက်ချိန် | ➢ | နံနက် ၅း၀၀ နာရီ |
| ၃။ | ဝေလီဝေလင်းချိန် | ➢ | နံနက် ၅း၀၀ နာရီ |
| ၄။ | ကျီးမနိုးချိန် | ➢ | နံနက် ၅း၂၀ နာရီ |
| ၅။ | လင်းအားကြီးချိန် | ➢ | နံနက် ၅း၃၀ နာရီ |
| ၆။ | နေထွက်စပြုချိန် | ➢ | နံနက် ၅း၄၀ နာရီ |
| ၇။ | မိုးစင်စင်လင်းချိန် | ➢ | နံနက် ၆း၀၀ နာရီ |
| ၈။ | နေထန်းတဖျားရောက်ချိန် | ➢ | နံနက်၉း၀၀ နာရီ |
| ၉။ | ဆွမ်းခံပြန်ချိန် | ➢ | နံနက် ၉း၃၀ နာရီ |
| ၁၀။ | ဆွမ်းစားချိန် | ➢ | နံနက် ၁၀း၃၀ နာရီ |

| | | |
|---|---|---|
| ၁၁။ နေမွန်းလတ်ချိန် | ➢ | နံနက် ၁၁း၀၀ နာရီ |
| ၁၂။ နေမွန်းတည့်ချိန် | ➢ | နေ့ ၁၂း၀၀ နာရီ |
| ၁၃။ နေမွန်းလွဲချိန် | ➢ | နေ့လယ် ၁း၄၀ နာရီ |
| ၁၄။ ညနေစောင်းချိန် | ➢ | ညနေ ၃း၃၀ နာရီ |
| ၁၅။ ညနေအေးချိန် | ➢ | ညနေ ၄း၃၀ နာရီ |
| ၁၆။ နေဝင်ဆည်းဆာအချိန် | ➢ | ညနေ ၅း၀၀ နာရီ |
| ၁၇။ နေဝင်ဖျိုးဖျအချိန် | ➢ | ညနေ ၅း၂၀ နာရီ |
| ၁၈။ နွားရိုင်းသွင်းချိန် | ➢ | ညနေ ၅း၃၀ နာရီ |
| ၁၉။ ညီအစ်ကို မသိတသိချိန် | ➢ | ညနေ ၅း၅၀ နာရီ |
| ၂၀။ နေဝင်မိုးချုပ်ချိန် | ➢ | ညနေ ၆း၀၀ နာရီ |
| ၂၁။ ညနေချမ်းအချိန် | ➢ | ညနေ ၆း၃၀ နာရီ |
| ၂၂။ သူငယ်အိပ်ချိန် | ➢ | ည ၇း၀၀ နာရီ |
| ၂၃။ သက်ကြီးခေါင်းချချိန် | ➢ | ည ၉း၃၀ နာရီ |
| ၂၄။ ညဦးယံကြက်တွန်ချိန် | ➢ | ည ၁၀း၃၀ နာရီ |
| ၂၅။ သန်းခေါင်းယံကြက်တွန်ချိန် | ➢ | ည ၁၂း၀၀ နာရီ |
| ၂၆။ ကြက်အမြီးထောင်ချိန် | ➢ | ည ၀၀း၀၀ နာရီ |
| ၂၇။ ကြက်ဦးတွန်ချိန် | ➢ | နံနက် ၃း၃၀ နာရီ |
| ၂၈။ လင်းကြက်တွန်ချိန် | ➢ | နံနက် ၄း၀၀ နာရီ |

# မြန်မာနိုင်ငံ နေအရှက်တက် လနှင့် အချိန်

| | | |
|---|---|---|
| ၁။ | တန်ခူးလ | ➢ နံနက် ၅ နာရီ ၃၆ မိနစ် |
| ၂။ | ကဆုန်လ | ➢ နံနက် ၅ နာရီ ၂၆ မိနစ် |
| ၃။ | နယုန်လ | ➢ နံနက် ၅ နာရီ ၁၆ မိနစ် |
| ၄။ | ဝါဆိုလ | ➢ နံနက် ၅ နာရီ ၁၆ မိနစ် |
| ၅။ | ဝါခေါင်လ | ➢ နံနက် ၅ နာရီ ၁၆ မိနစ် |
| ၆။ | တော်သလင်းလ | ➢ နံနက် ၅ နာရီ ၂၆ မိနစ် |
| ၇။ | သီတင်းကျွတ်လ | ➢ နံနက် ၅ နာရီ ၃၆ မိနစ် |
| ၈။ | တန်ဆောင်မုန်းလ | ➢ နံနက် ၅ နာရီ ၄၆ မိနစ် |
| ၉။ | နတ်တော်လ | ➢ နံနက် ၅ နာရီ ၅၆ မိနစ် |
| ၁၀။ | ပြာသိုလ | ➢ နံနက် ၅ နာရီ ၅၆ မိနစ် |
| ၁၁။ | တပို့တွဲလ | ➢ နံနက် ၅ နာရီ ၅၆ မိနစ် |
| ၁၂။ | တပေါင်းလ | ➢ နံနက် ၅ နာရီ ၄၆ မိနစ် |

မြန်မာလူမျိုးတို့သည် အရှက်တက်ချိန်ကို လွန်စွာမှ အရေးထားပြီး မင်္ဂလာယူလေ့ရှိကြသည်။ အရုဏ်တက်ချိန်တွင် မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သီမီး ကပ်လှူပူဇော်ပြီး ပရိတ်ရွက်ခြင်း၊ နာယူခြင်း၊ သံဃာတော်

အရှင်သူမြတ်တို့အား အရက်ဆွမ်း လောင်းလှူခြင်း၊ ဆက်ကပ်ခြင်း ပြုလေ့ရှိကြသည်။ ထိုအချိန်တွင် မကောင်းမှုပြုခြင်းကို ရှောင်ကြဉ်ပြီး ကောင်းမှုပြု၍ မင်္ဂလာယူကြသည်။

## ၁၂ လ ရာသီပန်း

၁။ တန်ခူးလ ➢ ပိတောက်ပန်း
၂။ ကဆုန်လ ➢ စကားဝါပန်း
၃။ နယုန်လ ➢ စပယ်ပန်း
၄။ ဝါဆိုလ ➢ ပုန်းညက်ပန်း
၅။ ဝါခေါင်လ ➢ ခတ္တာပန်း
၆။ တော်သလင်းလ ➢ ယင်းမာပန်း
၇။ သီတင်းကျွတ်လ ➢ ကြာပန်း
၈။ တန်ဆောင်မုန်းလ ➢ ခဝဲပန်း
၉။ နတ်တော်လ ➢ သဇင်ပန်း
၁၀။ ပြာသိုလ ➢ ခွာညိုပန်း
၁၁။ တပို့တွဲလ ➢ ပေါက်ပန်း
၁၂။ တပေါင်းလ ➢ သရဖီပန်း

# မြန်မာ့ရိုးရာ ပန်း (၁၀) မျိုး

၁။ ပန်းတိမ် ♦ လက်ကောက်၊ လက်ကြပ်၊ လည်ဆွဲ၊ လက်ဝတ်ရတနာပြုလုပ်သောအတတ်ပညာ။

၂။ ပန်းပဲ ♦ တံစည်း၊ စူး၊ ဆောက်၊ ဓား၊ ပေါက်တူး စသည်ပြုလုပ်မှုအတတ်ပညာ။

၃။ ပန်းပု ♦ ရုပ်လုံး၊ ရုပ်တု၊ အဖြောက်ထုလုပ်တတ်သော အတတ်ပညာ။

၄။ ပန်းချီ ♦ ရုပ်ပုံ၊ ဆေးရေးမှုအတတ်ပညာ။

၅။ ပန်းရန် ♦ အုတ်၊ သဲ၊ ကျောက်စီမှုအတတ်ပညာ။

၆။ ပန်းတဉ်း ♦ ကြေးစည်၊ ခေါင်းလောင်း၊ ကြေးသွန်းအတတ်ပညာ။

၇။ ပန်းတော့ ♦ အင်္ဂတေပန်းလှီးအတတ်ပညာ။

၈။ ပန်းတမော့ ♦ ကျောက်ဆစ်ကျောက်ရုပ်ထုလုပ်ခြင်းအတတ်ပညာ။

၉။ ပန်းပွတ် ♦ ပွတ်ခုံ၊ ပွတ်လုံးအတတ်ပညာ။

၁၀။ ပန်းယွန်း ♦ ယွန်းထည်၊ ယွန်းပြောက်ပြုလုပ်ခြင်းအတတ်ပညာ။

မိုတ်သွေစာပေ

# မြန်မာ့ရိုးရာဓလေ့ ၁၂ လရာသီပွဲတော်များ

မြန်မာလူမျိုးတို့သည် ရာသီအလိုက် ကျင်းပလေ့ရှိသော ရိုးရာပွဲတော်များမှာ တစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသော ဘုရားပွဲတော်များ နေ့ကြီး ရက်ကြီးများအထိမ်းအမှတ်အဖြစ် ပွဲတော်များ ရိုးရာဓလေ့နတ်ပွဲများ စသည်ဖြင့် ပွဲတော်အမျိုးမျိုးရှိ၏။

ထိုပွဲတော်များတွင် ရာသီအလိုက် ကျင်းပလေ့ရှိသော ဆယ့်နှစ်လရာသီပွဲတော်များသည် ရိုးရာပွဲတော်များဖြစ်သည်။ သာဓိနုပျို့တွင် ဖွဲ့ဆိုထားသည်မှာ -

သင်္ကြန်တာကူး ၊ နှစ်ဦးညောင်ရေ
စာပလွှေခင်း ၊ ပဉ္စင်းတော်ခံ
စာရေးတံနှင့် ၊ မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန် ၊ ကထိန်နက်ကျင်း
မြက်ခင်းထွက်ဝင် ၊ သဘင်မီးပုံး
ဂူလုံးသဲပုံ ၊ စေ့စုံစီလျှဉ်း
ဤသို့ယှဉ်ထား ၊ လစဉ်ဆယ့်နှစ်ပွဲ
ဟူ၍တည်း

မိတ်ဆွေစာပေ

၁။ တန်ခူးလရာသီ သင်္ကြန်ပွဲတော်

သင်္ကြန်ဟူသည် ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ကာ နှစ်သစ်သို့ အေးချမ်းစွာကူးပြောင်းခြင်းဟု ဆိုပေသည်။

၂။ ကဆုန်လရာသီညောင်ရေသွန်းပွဲတော်

မြတ်စွာဘုရားရှင် ပွင့်တော်မူရာ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်သော ပွဲတော်ဖြစ်သည်။

၃။ နယုန်လရာသီ စာပြန်ပွဲတော်

ရှေးမင်းများလက်ထက်က ရဟန်းသံဃာတော်များ ပဉ္စင်းကောင်း၊ ရှင်ကောင်းများ သင်ယူကျက်မှတ်ထားသော စာပေများကို ပြန်ဆိုသောပွဲတော်ဖြစ်သည်။ ယနေ့ခေတ်အထိ အစဉ်အဆက်ကျင်းပခဲ့ခြင်းဖြစ်သည်။

၄။ ဝါဆိုလရာသီ စာရေးတံပွဲတော်

ရှေးအခါက သာသနာ့ဘောင်ဝင်မည့် အသက်(၂၀)

ပြည့် အမျိုးသားများ ရဟန်းခံယူသောပွဲတော်ဖြစ်သည်။ ထိုရဟန်းခံမည့် ရဟန်းလောင်းအား ဝါဆိုသင်္ကန်းဒ္ဒဖြစ် လှူပွဲလည်းဖြစ်သည်။

၅။ ဝါခေါင်လရာသီ စာရေးတံပွဲတော်

စာရေးတံမဲသည် သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို မဲချ၍ လှူဒါန်းခြင်းဖြစ်သည်။ စာရေးတံမဲ ကျသော သံဃာတော်များကို မဲအလှူရှင်ဖြစ်သည့် ဒါယကာ၊ ဒါယိကာမများက မိမိတို့အိမ်သို့ ပင့်၍ ဆွမ်းခဲ ဖွယ်တို့နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းဖြစ် သည်။

၆။ တော်သလင်းလ လှေပြိုင်ပွဲ

လှေပြိုင်ပွဲသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ကျင်းပခဲ့သောပွဲတော်ဖြစ်သည်။ ယနေ့ခေတ်တွင် လှေ ပြိုင်ပွဲကို တော်သလင်းလတွင် ကျင်းပလေ့မရှိသော်လည်း အခါကြီး ရက်ကြီးပွဲတော်များ၊ ဘုရားပွဲများ၊ အားကစားပွဲ များတွင် ထည့်သွင်းကျင်းပလေ့ရှိသည်။

၇။ သီတင်းကျွတ်လ မီးထွန်းပွဲတော်

မြတ်စွာဘုရားရှင်သည် မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားပြီး နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာတွင် ဆီမီးထွန်းညှိပူဇော်၍ ကြိုဆိုသောပွဲတော်ဖြစ်သည်။

၈။ တန်ဆောင်မုန်းလရာသီ ကထိန်ပွဲတော်

မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူသော ကထိန်သင်္ကန်းကို ဒါယကာ၊ ဒါယိကာမများက သံဃာတော်အရှင်မြတ်တို့အား ကပ်လှူပူဇော်ပွဲဖြစ်သည်။ ထိုပွဲတော်ကို လမပြည့်မီ ကပ်လှူရခြင်းဖြစ်သည်။ ဘုရားရှင်အား ကပ်လှူမည့်သင်္ကန်းကို ညလုံးပေါက် လမပြည့်မီ ရက်လုပ်ပြီး နံနက်အရုဏ်တက်တွင် ကပ်လှူရသည်။ ဤသည်ကို မသိုးသင်္ကန်းကပ်လှူခြင်းဟု ခေါ်ဆို၏။

၉။ နတ်တော်လရာသီ မဟာပိန္နဲပူဇော်ပွဲ

ရှေးခေတ်မင်းများလက်ထက်က နတ်တော်လတွင် စာဆိုတော်များကို ဘွဲ့ချီးမြှင့်သော လဖြစ်သည်။ ထိုအစဉ်

အလာနှင့်အညီ ယခုခေတ်အခါတွင် နတ်တော်လဆန်း (၁) ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်ကျင့်သုံးလျက်ရှိသည်။

၁၀။ ပြာသိုလရာသီ မြင်းခင်းပွဲတော်

ရှေးအခါက မြန်မာမင်းများသည် စစ်သည်တော်များကို စစ်ဝတ်တန်ဆာအပြည့်အစုံဖြင့် ဆင်ယင်၍ မြင်းစီးကာ မြင်းရေးပြခြင်း၊ ဆင်များကိုလည်း တိုးဝှေ့လျက် စက်တိုင်မှ စက်ကွင်းသို့ လှံပစ်ထိုးကာ လှံရေးပြခြင်း၊ ဓားရေးပြခြင်း၊ စစ်ရေးစွမ်းရည်ကို ပြသော ပွဲတော်ဖြစ်သည်။

၁၁။ တပို့တွဲလရာသီ မီးပုံပွဲတော်

တပို့တွဲလသည် အအေးဓာတ်၊ အချမ်းဓာတ်လွန်ကဲသောရာသီဖြစ်၍ နံ့သာတုံးများကို မီးရှို့ကာ မြတ်စွာဘုရားရှင်အား မီးငွေ့ပူဇော်သောပွဲတော်ဖြစ်သည်။ ထို့အပြင် ထမနဲပွဲကိုလည်း ရာသီပွဲအဖြစ် ယနေ့ခေတ်တိုင် ကျင်းပလျက်ရှိသော ပွဲတော်ဖြစ်သည်။

၁၂။ တပေါင်းလရာသီ သဲပုံစေတီပွဲတော်

တပေါင်းလသည် အပူရှိန်ကြောင့် မြစ်ချောင်းများ ရေနည်းသွားသည့်အတွက် သဲသောင်များ ပေါ်ထွန်းလာသည်။ မြန်မာမင်းများလက်ထက်က သဲသောင်ပြင်များတွင် သဲပုံစေတီများတည်ကာ ကပ်ကြီးသုံးပါးဘေးမှ ကင်းဝေးအောင် ပူဇော်သည့်ပွဲတော်ဖြစ်သည်။

ထိုဆယ့်နှစ်လရာသီပွဲတော်တွင် အချို့ပွဲတော်ကို မကျင်းပကြတော့သော်လည်း အချို့ပွဲတော်များကား ဆက်လက်ကျင်းပနေဆဲဖြစ်သည်။

ယခုခေတ်အခါတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးပွဲတော်၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပွဲတော်များနှင့် ရိုးရာနတ်ပူဇော်သော တောင်ပြုံးမင်းနှစ်ပါးပွဲတော်၊ ရတနာဂူနတ်ပွဲတော်များလည်း ကျင်းပလေ့ရှိကြသည်။

မြန်မာလူမျိုးတို့၏ ရိုးရာပွဲတော်များသည် မြန်မာလူမျိုးတို့၏ ဘာသာတရားကိုင်းရှိုင်းမှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုဖြင့် ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြသော ပွဲတော်များဖြစ်သည်။

# သိထားသင့်သောတိုတိုထွာထွာဗဟုသုတများ

၁။ ။ မြန်မာနိုင်ငံတွင် အစ္စလာန်ဗလီမရှိသောမြို့နယ်မှာ မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ ဖြစ်သည်။

၂။ ။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်လက်အောက်သို့ မကျ ရောက်ခဲ့သောပြည်နယ်မှာ ကယားပြည်နယ်ဖြစ် သည်။

၃။ ။မြန်မာနိုင်ငံ၏ အမြင့်ဆုံးမြို့မှာ ချင်းပြည်နယ် ဘန်ကာသိုတောင်တန်းပေါ်ရှိ ဖလမ်းမြို့ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၅၂၈၃)အမြင့် ရှိသည်။ ဗြိတိသျှတို့ တည်ထားရုံးစိုက်ခဲ့သော မြို့ ဖြစ်သည်။

၄။ ။ မြန်မာ့ပင်လယ်ရေပြင်အရှည်မှာ မိုပေါင်း (၁၂၄၇. ၇၇)မိုင်ရှည်ပြီး ကျွန်းပေါင်း (၁၂၁၂)ကျွန်းရှိသည်။

၅။ ။ မြန်မာဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့အား အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်သွားသော အချိန်က သီပေါမင်း၏အသက်သည် (၂၇)နှစ်သာ

ရှိ၏

၆။ ။ မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးများ ၁၉၅၂ ခုနှစ် မတ်လ၌ ကျင်းပခဲ့သော ပထမဆုံး ရွေးကောက်နှင့် တက်လာခဲ့သူမှာ (မစ္စကိဘမောင်ချိန် ခေါ် ကလယ်ရီဗယ်လ်အိုင်ရင်ဖို) ဖြစ်သည်။

၇။ ။ မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသံအမတ်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသောသူမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်ဖြစ်သည်။

၈။ ။ မြန်မာနိုင်ငံ၏ ပထမဆုံးသောအမျိုးသမီးလေယာဉ်မှူးမှာ မနှင်းဦးဝေဖြစ်သည်။

၉။ ။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်လည်းရှိရာ နေရာသည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြသုခစံပြကျေးရွာအနီးရှိ ပြက္ခဲရွှေတောင်ပေါ်ဖြစ်သည်။

၁၀။ ။ ရန်ကုန်မြို့၏အစ သုညမိုင်တိုင်သည် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ဗဟိုစာတိုက်ကြီးဖြစ်သည်။

၁၁။ ။ စစ်သူကြီးမဟာဗန္ဓုလသည် မုံရွာနယ် ပန်းရင်းခေါ်

ပေရင်းရွာသားဖြစ်သည်။ ငယ်နာမည် ငရစ်ဖြစ်သည်။

၁၂။ ။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံပေါင်း (၁၉၅)နိုင်ငံရှိသည့်အနက် (၄၈)ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။

၁၃။ ။ မြန်မာနိုင်ငံမှာရှိသော ထောက်ကြန့်စစ်သချိုင်းသည် ကမ္ဘာပေါ်ရှိ ဒုတိယကမ္ဘာစစ်သချိုင်း(၃)ခုအနက် အကြီးမားဆုံးအဖြစ် ပါဝင်သည်။

၁၄။ ။ အလောင်းမင်းတရားကြီး၏ သချိုင်းတော်မှာ ရွှေဘိုမြို့ ဈေးအနောက်မြောက်ဘက် ယွန်းရုံဝင်းအတွင်းတွင် ရှိသည်။

၁၅။ ။ မန္တလေးရတနာပုံမြို့တော်ကို မင်းတုန်းမင်းတရားကြီး သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် တည်သည်။ ၁၂၁၉ ခုနှစ်တွင် ပြောင်းစံသည်။ ၁၂၂၂ ခုနှစ်မှ မြို့တော်ပြီးသည်။ ၁၂၄၀ ပြည့်နှစ် နတ်တော်လတွင် နတ်ရွာစံသည်။

၁၆။ ။ ၁၂၄၀ ပြည့်နှစ်တွင် သီပေါမင်း နန်းတက်သည်။ နန်းတက်စနှစ်တွင်ပင် ခမည်းတော် နတ်ရွာစံ

သည်။ ခရစ်သက္ကရာဇ် ၁၉၁၇ ခုနှစ်တွင် သီပေါမင်း ရတနာဂီရိမြို့၌ နတ်ရွာစံသည်။

၁၇။ ။ သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် ရတနာဂီရိမှ မြန်မာပြည်သို့ ပြန်ခွင့်ရပြီး ရန်ကုန်၌ နေထိုင်စဉ် ၁၉၂၅ ခုနှစ်တွင် နတ်ရွာစံသည်။

၁၈။ ။ သီပေါမင်းနှင့် စုဖုရားလတ်တို့တွင် သမီးတော် (၄) ပါး ထွန်းကားခဲ့သည်။

(၁) ပထမသမီးတော် ထိပ်စုမြတ်ဖုရားကြီး

(၂) ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်

(၃) တတိယသမီးတော် ထိပ်စုမြတ်ဖုရား

(၄) စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရား

တို့ဖြစ်သည်။

# ရွှေတိဂုံစေတီတော်အကြောင်း သိမှတ်ဖွယ်ရာများ

| | ဦးရေ | ပေ | လက်မ |
|---|---|---|---|
| ၁။ ထီးတော်အကျယ် | - | ၁၉ | ၆ |
| ၂။ ထီးတော်အမြင့် | - | ၃၃ | - |
| ၃။ ထီးတော်လုံးပတ် | - | ၄၅ | ၆ |
| ၄။ ငှက်ပျောဖူးအထက်ထိပ်ဝ | - | ၄ | - |
| ၅။ ငှက်ပျောဖူးအောက်ထိပ်ဝ | - | ၂၀ | ၁၁ |
| ၆။ ငှက်ပျောဖူးလုံးပတ် | - | ၆၅ | ၉ |
| ၇။ ဘိနပ်မှ စိန်ဖူးတော်ထိပ်ထိ | | ၃၁၀ | ၇ |
| ၈။ ခေါင်းလောင်းအမြင့် | - | ၂၂ | - |
| ၉။ ခေါင်းလောင်းလုံးပတ် | - | ၁၄၄ | ၈ |
| ၁၀။ ဘိနပ်အကျယ် အသျှား | - | ၃၆၇ | ၂ |
| ၁၁။ သပိတ်အောက်ပတ်လည် ပန်းဆွဲကြိုး | ၁၆ | - | - |
| ၁၂။ အောက်ကြာနူ | ၁၀၅ | - | - |
| ၁၃။ အောက်ကြာနူလန်ကြိုး | ၁၉ | - | - |

| | ဦးရေ | ပေ | လက်မ |
|---|---|---|---|
| ၁၄။ ရွှဲလုံးကြီး | ၁၉ | - | - |
| ၁၅။ အထက်ကြာမှောက် | ၁၉ | - | - |
| ၁၆။ ယင်းကြာနူ | ၆၄ | - | - |
| ၁၇။ အထက်ပစ္စယံမုဒ်စေတီ | ၄ | - | - |
| ၁၈။ စေတီယံ | ၆၄ | - | - |
| ၁၉။ ပထမပစ္စယံပတ်လည်ကြာသတ် | ၉၅၀ | - | - |
| ၂၀။ ပထမပစ္စယံမှန်ကွက် | ၅၆၀ | - | - |
| ၂၁။ ယင်းအပေါ်ရှိ စိန်တောင် | ၁၈ | - | - |
| ၂၂။ ပန်းအိုးခိုင် | ၄၄ | - | - |
| ၂၃။ အုတ်ပြဿဒ်စေတီယံ | ၇၂ | - | - |
| ၂၄။ ဘိနပ်တော်ပေါ်ရှိ ငြုပ်တိုင် | ၁၂ | - | - |
| ၂၅။ ပတ်လည်အုတ်လှေခါး | ၈ | - | - |
| ၂၆။ ရင်ပြင်ပေါ် ပန်းတင်ခြင်္သေ့ | ၂၄ | - | - |
| ၂၇။ မနုဿီဟ | ၄ | - | - |

၁၉၇၂ ခုနှစ် တောင်ဘက်မုခ်တွင် ချိပ်ဆွဲထားသော ဆိုင်းဘုတ်မှ ကူးယူထားခဲ့ခြင်းဖြစ်သည်။

# ရွှေတိဂုံကုန်းတော်ပေါ်မှ သိမှတ်ဖွယ်ရာဌာနထူးများ

၁။ တဝဂူပတ္တမြားမျက်ရှင်ဘုရား

ရွှေတိဂုံအထက်ပစ္စယံအရှေ့ဘက်တည့်တည့်တွင် တည်ရှိသည်။ အဆိုပါတဝဂူသို့ ယောကျ်ားများသာလျှင် တက်ရောက်ဖူးမြော်နိုင်၏။ မိန်းမများ တက်ရောက်မဖူး မြော်နိုင်သောဘုရားဖြစ်သည်။

၂။ ဝိဇ္ဇာဇော်ဂျီဘုရား

အဆိုပါဘုရားမှာ ရွှေတိဂုံကုန်းတော်ပေါ် ရင်ပြင်တော် စနေထောင့်၌ တည်ရှိ၍ စေတီငယ်ပေါ်တွင် ဇော်ဂျီရုပ်ပုံများ ထုလုပ်ထားသည်ကို တွေ့ရပေမည်။

၃။ ဆုတောင်းပြည့်ရှင်စောပုဘုရား

ယင်းဆုတောင်းပြည့် ရှင်စောပုဘုရားစေတီနှင့် ရုပ်ပွားတော်မှာ ရွှေတိဂုံကုန်းတော် ရာဟုထောင့်၊ သံတန်ဆောင်းဘေးနားတွင် တည်ရှိသည်။ အချို့က ဘားလေး

ဘားဘုရားဟုလည်း ခေါ်ကြသည်။ ဘုရားအနီးတွင် စကားဝါ၊ စကားနီ၊ စကားစိမ်း၊ စကားဖြူ စသောစကားပင်လေးပင်တည်ရှိလေသည်။ ရှင်စောပုဘုရင်မကြီးလက်ထက်က တည်ရှိခဲ့သည်ဟု အဆိုရှိခြင်းကြောင့် ရှင်စောပုဘုရားဟု တွင်ခဲ့သည်။

၄။ ရှင်မထီးဘုရား

ယင်းဘုရားသည် ရွှေတိဂုံကုန်းတော်ပေါ် တနင်္ဂနွေထောင့် နောင်တော်ကြီးဘုရား၏ မြောက်ဘက်အာရုံခံတန်ဆောင်း၌ ရှိ၏။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ခန့်က ရှင်မထီးဆရာတော် တည်သည်ဟု ပြောစမှတ်ရှိသည်။

၅။ ရှင်အဇ္ဈဂေါဏဘုရား

ယင်းဘုရားသည်လည်း တနင်္ဂနွေထောင့် နောင်တော်ကြီးဘုရားအနီး ရှင်အဇ္ဈဂေါဏ တန်ဆောင်းတွင် တည်ရှိပြီး ယင်းဘုရားအား ရှင်အဇ္ဈဂေါဏဆရာတော် တည်ခဲ့သည်ဟု ဆို၏။ တန်ဆောင်းအတွင်းတွင် ရှင်အဇ္ဈဂေါဏ ရုပ်တုလုပ်ကိုးကွယ်ထားသည်။

၆။ ဆံတော်တွင်းဘုရား

ဆံတော်တွင်းတန်ဆောင်းအတွင်းရှိ ဆံတော်တွင်း ရုပ်ပွားတော်ဖြစ်သည်။ ယခင် နှစ်ပေါင်း ၅၀ ကျော်က ဆံပေယာ်တွင်းသို့ ဆင်းရာ ဥမင်လှိုဏ်ခေါင်း ရှိသည်ဟု ပြောစမှတ်ရှိခဲ့ဖူးသည်။ ယခုအမြင်အားဖြင့် အီတာလျံ ကျောက်ပြားဖြင့် ပိတ်၍ စေတီတည်ပြီး သပ္ပါယ်သောဆင်း တုတော်တစ်ဆူတည်ထား၏။

၇။ ဘိုးဘိုးအောင်ဘုရား

ယင်းဘုရားသည် တနင်္ဂနွေဆောင့် နောင်တော်ကြီး စေတီအနီးတွင် ရှိသော ဘိုးဘိုးအောင်တန်ဆောင်းတွင် ရှိ ရုပ်ပွားတော်ကို ဘိုးဘိုးအောင် တည်ထားရစ်သည်ဟု ပြောစမှတ်ရှိကြသည်။ တန်ဆောင်း၏နောက်တွင် ကျော ချင်းကပ်လျက် တည်ရှိသော စေတီသည် ဓမ္မစေတီမင်း ကြီး၏ ကောင်းမှုတော်စေတီဖြစ်သည်ဟု ဆို၏။ ဓမ္မစေတီ ဘုရား၏ရှေ့တွင် ခြသေ့်နှင့် ကျားရုပ်ရှိ၏။

၈။ လက်ပက်လက်ဘုရား

ထိုဘုရားသည် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်တွင် ရှိသည်။ လက်ပက်လက်ဘုရား ခေါ် ကဿပဘုရားရှင် ရုပ်ပွားတော်ပင်ဖြစ်သည်။ အဆိုပါမုခ်လှိုဏ်အတွင်းရှိ ကဿပဘုရားရှင်၏ ရုပ်ပွားတော်၏ လက်ျာဘက်လက်မှာ အခြားဘုရားများထုစဉ်ကဲ့သို့ လက်မှောက်ခုံမဟုတ်ဘဲ လက်ပက်လက်ထား၍ ထုထားသဖြင့် လက်ပက်လက် ဘုရားဟု ခေါ်လေ့ရှိ၏။

၉။ ပြဒါးရှင်ဘုရား

ရွှေတိဂုံစေတီရင်ပြင်အရှေ့ဘက်မုခ်နှင့် အဂ္ဂိထောင့် အကြားတွင် စေတီကြီးတစ်ဆူရှိ၏။ ထိုစေတီ၏ တောင်ဘက်မုခ်ဝ၌ ကြေးဆင်းတုတော်တစ်ဆူရှိ၏။ ထိုဆင်းတုတော်တွင် ပြဒါးရှင်လုံး ဌာပနာထားသည်ဟု ပြောစမှတ်ရှိကြ၍ ပြဒါးရှင်ဘုရားဟု ခေါ်ကြသည်။

## ရဟန်းမခံထိုက်သူ (၁၃) ဦး

၁။ အသက် (၂၀) မပြည့်သူ
၂။ ပါရာဇိကလေးပါးတွင် တစ်ပါးပါးကျပြီးသူ
၃။ ပဏ္ဍုပ် ယောကျ်ားစစ်စစ်မဟုတ်သူ
၄။ ရဟန်းအသွင်၊ ရဟန်းယောင်ဆောင်ခဲ့ဖူးသူ
၅။ မှားသောအယူ လက်ရှိ ရှိသူ
၆။ လူစင်စစ်မဟုတ်သူ
၇။ အမိကို သတ်ခဲ့ဖူးသူ
၈။ အဖကို သတ်ခဲ့ဖူးသူ
၉။ ရဟန္တာကို သတ်ခဲ့ဖူးသူ
၁၀။ သံဃာကို သင်းခွဲခဲ့ဖူးသူ
၁၁။ ဘုရားကို သွေးစိမ်းတည်အောင် ကျူးလွန်ခဲ့သူ
၁၂။ ဘိက္ခုနီမကို မေထုန်မှီဝဲကျူးလွန်ခဲ့သူ
၁၃။ ညာတောဗျည်း မိန်းမအင်္ဂါ၊ ယောကျ်ားအင်္ဂါ
တစ်လှည့်စီဖြစ်နေသူ

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်လျှင် ငယ်စဉ်က ရှင်သာမဏေပြုဖူးရ

မည်။ အရွယ်ရောက်လျှင် ရဟန်းခံဖူးရမည်ဟု မြတ်စွာဘုရားဟောကြားပညတ်တော်မူခဲ့သည်။ သို့သော် ယောကျ်ားတိုင်း ရဟန်းပြုထိုက်ခွင့်မရှိပါ။ ထို့ကြောင့် ရဟန်းမခံထိုက်သူများကို အထက်တွင် ပါရှိသည်။ ပညတ်ချက်ဖြင့် မိန့်မှာတော်မူခဲ့ပါသည်။

## ရဟန်းပြုနိုင်သူ၏ အရည်အချင်း

၁။ ရဟန်းပြုသူ၏ အသက်သည် အသက် (၂၀) ပြည့်ရပါမည်။ အသက် (၂၀) ကို ရေတွက်ရာတွင် ကိုယ်ဝန်ဆောင်ထားသောကာလကို ထည့်သွင်းတွက်ချက်ရပါမည်။ (၁၀) လကိုယ်ဝန်ဆောင်လျှင် (၁၉)နှစ်နှင့်(၂) လသည် စုစုပေါင်းအသက် (၂၀) ပြည့်ပါသည်။ ကိုယ်ဝန် (၉) လဆောင်သော (၁၉) နှစ်နှင့် (၃) လပြည့်ရပါမည်။ အချို့မှာ ကိုယ်ဝန် ခုနစ်လနှင့် မွေးသည်။ ထိုသူတို့ကို (၁၉) နှစ်နှင့် (၅) လပြည့်ဖြစ်ရပါမည်။ အသက် (၂၀) ပြည့်သူသည် အသိဉာဏ်ရင့်ကျက်ပြီး ဝိနည်းသိက္ခာများကို ထိန်းသိမ်းနိုင်သူတစ်ယောက်ဖြစ်မည်ဟုယူဆ၍ ဤသို့ ခွင့်ပြုခြင်းဖြစ်သည်။

၂။ ကြွေးထူသောကြောင့် ရဟန်းပြုခြင်း အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့တွင် ကြွေးများရှိသဖြင့် လာရောက်တောင်းဆိုခြင်း မပြုနိုင်ရန် ရဟန်းဘဝသို့ ကူးပြောင်းခြင်းလည်းဖြစ်တတ်သည်။ သို့အတွက်ကြောင့် သိမ်ဝင်သည့်အခါတွင် ကြွေးမြီကင်းရှင်းပါ၏လောဟု မေးပါသည်။ ကြွေးမြီမကင်းပါက ရဟန်းဝတ်ခွင့်မပြုပါ။

၃။ မိန်းမမဟုတ် ယောက်ျားမဟုတ် နပုံးပဏ္ဍုပ်မဖြစ်စေရ။

၄။ လူ့ဘဝက ရှင်ယောင် ရဟန်းယောင်ဆောင်သည့်လိင်ခိုး၊ ထေရ်ခိုးမဖြစ်ရ

၅။ လူယောင်ဆောင်သော နတ်၊ နဂါး၊ ဂဠုန် စသည်လည်းမဖြစ်စေရ။

၆။ အနန္တရိယကံကြီးထိုက်ပြီးသူလည်း မဖြစ်စေရ။

၇။ ဘိက္ခုနီ (သီလရှင်) များ၌ မေထုန်မှုဖြင့် ပြစ်မှားဖျက်ဆီးသူလည်းမဖြစ်စေရ။

၈။ ယောကျ်ားလိင်၊ မိန်းမလိင်နှစ်မျိုးပါသူလည်း မဖြစ်စေရ။

၉။ အနာကြီးငါးမျိုး မရှိရ။ နူနာ၊ မြင်းဖုနာ၊ ပွေးကြီး၊ ဝဲကြီးစွဲအနာ၊ ချောင်းဆိုးသွေးပါ (တီဘီ)၊ ပန်းနာ၊ မြစ်

ခြောက်နာ၊ ဝက်ရူး၊ ကြက်ရူး

၁၀။မင်းမှုထမ်းမဟုတ်ရ (ဟုတ်ခဲ့လျှင် ခွင့်ယူထားကြရမည်)

၁၁။မိရင်း ဖရင်းက ကျေနပ်သူဖြစ်ရမည်။

၁၂။ကိုယ်ပိုင်သင်္ကန်းပြည့်စုံရမည်။

၁၃။နားရွက်ပြတ်၊ နှာခေါင်းပြတ်၊ လက်ပြတ်၊ ခြေပြတ်သူမဖြစ်ရ။ ထိုသူတို့ကို ရဟန်းပြုပေးပါက ရဟန်းတော့ရဟန်းဖြစ်မည်။ ဥပဇ္ဈာယ်ဆရာများ အာပတ်သင့်သည်။ သာသနာမှာသူများ လှူတာစားရတာမို့ ကြည်ညိုစရာဖြစ်အောင် ရုပ်လက္ခဏာရွေးချယ်သည့်သဘောပါ။ (အရှင်ဇနကာဘိဝံသ)

## ပရိက္ခရာ (၈) ပါး

၁။ ဒုကုဋ် (နှစ်ထပ်သင်္ကန်း)
၂။ ဧကသီ (အပေါ်ရုံသင်္ကန်း)
၃။ သင်းပိုင် (ခါးဝတ်သင်္ကန်း)
၄။ ခါးပန်းကြိုး
၅။ သပိတ်
၆။ ခေါင်းရိတ်ဓား (ပလတ်စတစ်ဓားမဖြစ်စေရ)
၇။ အပ်နှင့် အပ်ချည်
၈။ ရေစစ် (ရေခွက်နှင့် ပိတ်ရေစစ်)

ထီး၊ ဖိနပ်၊ ယပ်၊ ပုတီး စသည်တို့မှာ ပရိက္ခရာ (၈) ပါးတွင် မပါဝင်သော်လည်း အပ်စပ်သည်ဖြစ်၏။ (ပရိက္ခရာအတုအယောင်များ မဖြစ်စေရပါ။)

ရှင်သာမဏေများတွင် ဒုကုဋ်သင်္ကန်းကို မသုံးဆောင်ရသဖြင့် ချန်လှပ်ထားနိုင်ပါသည်။ ထည့်လှူလျှင် လှူနိုင်ပါသည်။ အကျိုးမယုတ်ပါ။

# အာပတ်သင့်ခြင်းအကြောင်း (၆) ချက်

၁။ သိလျက် မရှက်မကြောက်ချိုးဖောက်ခြင်း
၂။ မသိသဖြင့် အတင့်ရဲရဲဖျက်ပွဲဝင်ခြင်း
၃။ သံသယထွား၊ ပွားလျက်သားနှင့် ကြားဝင်တိုခြင်း
၄။ မအပ်သည်ပင် အပ်သည်အထင်နှင့် ဇွတ်ဝင်တိုးခြင်း
၅။ အပ်သည်ကိုပင် မအပ်သည်အထင်ဖြင့် တမင်ချိုးခြင်း
၆။ သတိကင်းမဲ့၊ ချစ်ခြင်းဖွဲ့ကြောင့် ချိုးဖဲ့ခြင်း

ဤခြောက်ချက်စလုံးသည် သိက္ခာတင် ရှင်ရဟန်းအဖြစ်ဖြင့် အပြစ်သင့်ခြင်းသို့ ရောက်ကြရချေသည်။ (မဟာဗောဓိမြိုင်ဆရာတော်)

အထက်ပါရဟန်းကိစ္စများသည် မြင့်ရွှေ (ပေါင်းတည်)၏ ရှင်ပြုရဟန်းခံစာအုပ်မှ မှီငြမ်းပါသည်။

# မြန်မာ့ရိုးရာ (၃၇) မင်းနတ်များ

## အတွင်း (၃၇) မင်းနတ်များ

၁။ မတရဋ္ဌ ➢ ဂန္ဓဗ္ဗနတ်ဖြစ်သည်။ နတ်ဝတ်တန်ဆာ ဒုယင်ဝတ်၍ လက်တစ်ဖက်က သံလျက်ကိုင်လျက် ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲပုံစံဖြစ်သည်။

၂။ ဝိရူဠှက ➢ ကုမ္ဘဏ်နတ်ဖြစ်သည်။ နတ်ဝတ်တန်ဆာမှာ အထက်နည်းအတိုင်းဖြစ်သည်။

၃။ ဝိရူပက္ခ ➢ နတ်နဂါးဖြစ်သည်။ နတ်ဝတ်တန်ဆာမှာ အထက်နည်းအတိုင်းဖြစ်သည်။

၄။ ကုဝေရ ➢ နတ်ဘီလူးဖြစ်သည်။ နတ်ဝတ်တန်ဆာမှာ အထက်နည်းအတိုင်းဖြစ်သည်။

၅။ သကြား ➢ သိကြားနတ်ရုပ်အတိုင်း ခရုသင်းသား မြီးယပ်ကိုင်သည်။

၆။ မဟေသရ ➢ နတ်ဝတ်တန်ဆာကို ဝတ်၍ နွားလားဥသဘကို စီးထားပြီး လှံသုံးခွကို ကိုင်ဆောင်ထားသည်။

၇။ မဟာပန္နဲ ➢ နတ်ကိုယ်နှင့် ဆင်ဦးခေါင်း လက်ျာဘက်လက်နှစ်ခွတွင် အထက်လက်မှာ ချွန်း၊ အောက်လက်မှာ သံလျက်ကိုင်ဟန်၊ လက်ဝဲဘက်လက်နှစ်ခွတွင် အထက်လက်မှာ စက်ဝန်း၊ အောက်လက်မှာ မိမိဦးခေါင်းရှိ ဆင်နှာမောင်းကို ကိုင်ဆုတ်နေဟန်၊ ကြွက်ယာဉ်ကို စီးနေဟန်။

၈။ စန္ဒီ ➢ နတ်သမီးလက်ဆယ်ဘက် လက်ျာဘက် ငါးဖက်မှာ ဓားလွယ်၊ သံလျက်၊ လှံ၊ သံချွန်း၊ မားမြှောင်တစ်ခုစီ ကိုင်ထားသည်။ လက်ဝဲငါးဖက်တွင် ဒိုင်း၊ ထီး၊ လေး၊ ပုတီး၊ ခရုသင်း တစ်ခုစီ ကိုင်ထားသည်။ ပတ္တမြားနီခံထားသော ခြင်္သေ့ယာဉ်စီးသည်။

၉။ သူရဿတီ ➢ နတ်သမီးဥဂ္ဂါယဂင်စိုက်၊ နတ်တန်ဆာဆင်လျက် လက်နှစ်ဖက်မှာ ကြာပန်းကိုင်ပြီး ဟသ်ာငှက်ယာဉ်ပေါ် ထိုင်နေဟန်။

၁၀။ မြသမင်္ဂီ ➢ နတ်သမီးလက်က ပန်းခိုင်ကိုင်၍ ဘုရားရှိခိုးနေဟန်။

၁၁။ စန္ဒြာ ➢ စန္ဒြီနတ်သမီးအတိုင်း နတ်သမီးတန်ဆာနှင့် နတ်သားတန်ဆာသာ ခြားနားသည်။

၁၂။ အာဋဝီ ➢ မတ်တပ်ထရပ်၍ သံလျက်ကိုင်နေဟန်။

၁၃။ မာရ်နတ် ➢ လက်ဝဲလက်ျာလက် ဆယ်ခုစီ၌ လက်နက်တစ်မျိုးစီ၊ လက်နက်အမျိုးနှစ်ဆယ် ကိုင်ထားဟန်။

၁၄။ သောတာပန် ➢ အင်ကြင်းပင်စောင့်နတ်၊ အင်ကြင်းပန်းဖြင့် ဘုရားရှိခိုးပူဇော်နေဟန်။

၁၅။ အနာဂါမ် ➢ ရွှေသပိတ်စောင့် ယင်နှင့် နတ်သပိတ်တော်အနီး ယပ်ခတ်နေဟန်။

၁၆။ ဇမ္ဗူဒီပ ➢ မတ်တပ်ရပ်သုံးလျက်ကိုင်လျက်။

၁၇။ ဇမ္ဗူတံဆိတ် ➢ ထိုနည်းအတိုင်း။

၁၈။ ဇမ္ဗူချမ်းသာ ➢ ထိုနည်းအတိုင်း။

၁၉။ ဇမ္ဗူကျက်သရေ ➢ ထိုနည်းအတိုင်း။

၂၀။ ဇမ္ဗူသပြေ ➢ ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ထိုင်၍ သုံးလျက်ကိုင်လျက်ဟန်။

၂၁။ ဇမ္ဗူတန်ဆောင် ➢ ထိုနည်းအတိုင်း။

၂၂။ ဇမ္ဗူတပွတ် ➢ ထိုနည်းအတိုင်း။

၂၃။ ဇမ္ဗူရန်အောင် ➢ ထိုနည်းအတိုင်း။

၂၄။ ရွှေသက်စိုး ➢ မတ်တပ်ရပ်၍ သုံးလျက်ကိုင်ဟန်။

၂၅။ ရွှေပြည်သင် ➢ ထိုနည်းအတိုင်း။

၂၆။ ရွှေညိုသင် ➢ ထိုနည်းအတိုင်း။

၂၇။ ရွှေစကား ➢ ထိုနည်းအတိုင်း။

၂၈။ ခယားပင်စောင့်နတ် ➢ လက်တွင် ခယားပွင့်ပန်းဖြင့် ရှိခိုးနေဟန်။

၂၉။ မန်ကျည်းပင်စောင့်နတ် ➢ ဆင်ဖြူတော်စီးနေဟန်။

၃၀။ ဆင်ဖြူရှင်နတ် ➢ ဆင်ဖြူတော်စီးနေဟန်။

၃၁။ မြင်းဖြူရှင်နတ် ➢ မြင်းဖြူစီးနေဟန်။

၃၂။ ငဆယ်သင် ➤ မတ်တပ်ရပ်သံလျက်ကိုင်နေဟန်။
၃၃။ ငနွယ်သင် ➤ ထိုနည်းအတိုင်း။
၃၄။ ဖက်ပသင် ➤ ထိုနည်းအတိုင်း။
၃၅။ ဘုံမသင် ➤ ထိုနည်းအတိုင်း။
၃၆။ ထုံသင်းကြီး ➤ ထိုနည်းအတိုင်း။
၃၇။ ပွဲစားကြီး ➤ ထိုနည်းအတိုင်း။

ဖော်ပြပါနတ်စာရင်းမှာ အနော်ရထာမင်းကြီးက ပုဂံရွှေစည်းခုံဘုရားတံတိုင်းအတွင်း၌ စုရုံးထားခဲ့သော နတ်မင်းများဖြစ်သည်။ မန္တလေးရွှေမြို့တော်တည် စာတမ်းလာစာရင်းနှင့် အနည်းငယ်ကွာခြားနေသည်။

ယင်းမန္တလေးမြို့တော်တည်စာတမ်း၌ ပါရှိသော အတွင်း (၃၇) မင်းနတ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

### မန္တလေးမြို့တည်စာတမ်းမှ အတွင်း (၃၇) မင်းနတ်များ

၁။ သကြား
၂။ ဓတရဋ္ဌ
၃။ ဝိရူဠှက
၄။ ဝိရူပက္ခ
၅။ ကုဝေရ
၆။ ဇမ္ဗူဒီပ
၇။ ဇမ္ဗူတံဆိပ်
၈။ ဇမ္ဗူချမ်းသာ

၉။ ဇမ္ဗူကျက်သရေ
၁၀။ ဇမ္ဗူသပြေ
၁၁။ ဇမ္ဗူတန်ဆောင်
၁၂။ ဇမ္ဗူတပွတ်
၁၃။ ဇမ္ဗူရန်အောင်
၁၄။ ရွှေသက်စိုး
၁၅။ ဗျာသဂီ
၁၆။ မဟေသရ
၁၇။ ရွှေပြည်သင်
၁၈။ ရွှေညိုသင်
၁၉။ ရွှေစကား
၂၀။ ပွဲစားကြီး
၂၁။ ခရားပင်စောင့်
၂၂။ အင်ကြင်းပင်စောင့်
၂၃။ ယင်နှင်
၂၄။ အာဋ္ဌာဝက
၂၅။ ကြေးစန္ဒိ
၂၆။ ကြော့စန္ဒီ
၂၇။ ခင်ဖြူရှင်
၂၈။ ငဆယ်သင်
၂၉။ ဖက်ပသင်
၃၀။ မြင်းဖြူရှင်
၃၁။ မာရ်နတ်
၃၂။ မန်ကျည်းပင်စောင့်
၃၃။ သူရဿတီ
၃၄။ ငနွယ်သင်
၃၅။ ထုံသင်းကြီး
၃၆။ မဟာပိန္နဲ
၃၇။ ရွှေမြို့ရှင်

အထက်ပါ (၃၇)မတ်နတ်စာရင်း၌ ပါရှိသော တေရွှေ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီး ဟာရာ၏ နတ်မင်းကြီးလေးပါးသည် ဘုရားဟော အာဋ္ဌာနာဋိယသုတ်ကြီး

ဦ့လည်းပါ၍ သက္ကတကျမ်း၊ ဟိန္ဒီကျမ်းများ၌လည်း ထင်ရှားသောနတ်ကြီးများဖြစ်သည်ဟု ဆို၏။

## ညောင်ဦးရွှေစည်းခုံဘုရားတွင်ရှိသော အတွင်း (၃၇) မင်းနတ်များ

၁။ သကြားနတ်
၂။ မဟာဂီရိနတ်
၃။ နှမတော်တောင်ကြီးရှင်နတ်
၄။ ရွှေနဘေနတ်
၅။ သုံးပန်လှနတ်
၆။ တောင်ငူရှင်မင်းခေါင်နတ်
၇။ မင်းတရားကြီးနတ်
၈။ သံတော်ခံနတ်
၉။ ရွှေနော်ရထာနတ်
၁၀။ အောင်စွာမင်းကြီးနတ်
၁၁။ ငါးစီးရှင်နတ်
၁၂။ အောင်ပင်လယ်ဆင်ဖြူရှင်နတ်
၁၃။ တောင်မကြီးနတ်

မိုးတိမ်သွေ့စာပေ

၁၄။ မြောက်မင်းရှင်ဖြူနတ်
၁၅။ ရှင်တော်နတ်
၁၆။ ညောင်ချင်းနတ်
၁၇။ တပင်ရွှေထီးနတ်
၁၈။ မင်းရဲအောင်တင်နတ်
၁၉။ ရွှေစစ်သည်နတ်
၂၀။ မယ်တော်ရွှေစကားနတ်
၂၁။ မောင်ပိုးတူနတ်
၂၂။ ယွန်းဘုရင်နတ်
၂၃။ မောင်မင်းဖြူနတ်
၂၄။ မန္တလေးဘိုးတော်နတ်
၂၅။ ရွှေဖျင်းနောင်တော်နတ်
၂၆။ မင်းသားမောင်ရှင်နတ်
၂၇။ ထီးဖြူစောင့်နတ်
၂၈။ ထီးဖြူဆောင်းမယ်တော်နတ်
၂၉။ ပရိမ္မရှင်မင်းခေါင်နတ်
၃၀။ မင်းစည်သူနတ်
၃၁။ မင်းကျော်စွာနတ်

၃၂။ မြောက်ဘက်ရှင်မနတ်

၃၃။ အနောက်မိဖုရားနတ်

၃၄။ ရွှေဖျင်းညီတော်နတ်

၃၅။ ရှင်ကုန်းနတ်

၃၆။ ရှင်ကူနတ်

၃၇။ ရှင်မိနှဲ့နတ်

လူတို့ကို စောင့်ရှောက်သော ကိုယ်စောင့်နတ် (၁၂) ပါး

၁။ သတ္တဘာဂနတ်
၂။ သူရဿတီနတ်
၃။ သကျနတ်
၄။ မဟိရာဇာနတ်
၅။ ကရဝါနတ်
၆။ ယောတကနတ်
၇။ ကလျာဏီနတ်
၈။ စန္ဒာဒေဝီနတ်
၉။ နရိန္ဒာဒေဝီနတ်
၁၀။ မဟာပိန္နဲနတ်
၁၁။ လက္ခမီနတ်
၁၂။ ဝါမသူနတ်

တို့ဖြစ်သည်။

၁။ သတ္တဘာဂနတ် ➤ ထိုနတ်သည် အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများကို စောင့်ရှောက်ပေးသည်။

၂။ သူရဿတီနတ် ➢ ထိုနတ်သည် အသိပညာ၊ အတတ်ပညာရရှိရေးအတွက် ကူညီစောင့်ရှောက်ပေးသည်။

၃။ သကျနတ် ➢ ထိုနတ်သည် စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်သည်။

၄။ မဟိရာဇာနတ် ➢ ထိုနတ်သည် အတိတ်ကောင်း၊ နိမိတ်ကောင်း၊ အိပ်မက်ကောင်းကို ပေးတတ်သည်။

၅။ ကရဝါနတ် ➢ ထိုနတ်သည် အပျော်အပါးနှင့် ကာမစည်းစိမ်ကို ပေးသည်။

၆။ ယောတကနတ် ➢ ထိုနတ်သည် ခရီးသွားလာခြင်း၌ ဘေးကင်းလုံခြုံအောင် စောင့်ရှောက်သည်။

၇။ ကလျာဏီနတ် ➢ ထိုနတ်သည် ကောင်းသောမိတ်ဆွေများနှင့် တွေ့ဆုံစေပြီး ကောင်းသောစကားနှင့် ကောင်းသောအပြုအမူတို့ဖြစ်စေရန် စောင့်ရှောက်သည်။

၈။ စန္ဒာဒေဝီနတ် ➢ ထိုနတ်သည် ဘုန်းကျက်သရေ ရှိအောင် ဆောင်နှင်းစောင့် ရှောက်ပေး၏။

၉။ နရိန္ဒာဒေဝီနတ် ➢ ထိုနတ်သည် အိပ်ရာနေရာတို့ ကို စောင့်ရှောက်ပေး၏။

၁၀။ မဟာပိန္နဲနတ် ➢ ထိုနတ်သည် ကောင်းမှု၊ မ ကောင်းမှုတို့ကို ခွဲခြားသိရှိနိုင် အောင် စောင့်ရှောက်ပေး၏။

၁၁။ မကျွှမ်းနတ် ➢ ထိုနတ်သည် ကောင်းမှု၊ မ ကောင်းမှုတို့ကို ခွဲခြားသိရှိနိုင် အောင် စောင့်ရှောက်ပေး၏။

၁၂။ ဝါမသူရာနတ် ➢ ထိုနတ်သည် ကောင်းမှု၊ မ ကောင်းမှုတို့ကို မှတ်သား၍ စောင့်ရှောက်ပေး၏။

အထက်ပါနတ်စာရင်းများမှာ ဦးကံမင်း ရေးသားပြု စုသော ဥရမင်းနှင့် နတ်မျိုးစုံစာရင်းဖြစ်သည်။

# ယခင်အင်္ဂလိပ်အခေါ်အဝေါ်မှ မြန်မာအမည်သို့ ပြောင်းလဲခေါ်ဆိုသော ရပ်ကွက်၊ လမ်းအမည်သစ်များ

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ဘော်ဂါရပ်ကွက် | ဘောဂရပ်ကွက် | ကြည့်မြင်တိုင်မြို့နယ် |
| ၂။ ဝှိုက်တော်ရပ်ကွက် | သိတာရပ်ကွက် | ။ |
| ၃။ ချင်းချောင်းခြံ | ပန်းလှိုင်ရပ်ကွက် | ။ |
| ၄။ ကလာတာလမ်း | ဝိုလ်ဥတ္တမလမ်း | ။ |
| ၅။ ဂျားမားလမ်း | ရှင်စောပုလမ်း | ။ |
| ၆။ ချစ်တီးဘုရား | ဝိုလ်စောဦး | ။ |
| ၇။ ဘာလုတ် | ဇန္ဒာပင် | ။ |
| ၈။ ဘင်တန် | သိတာ | ။ |
| ၉။ ဟာဂျီအေနှင့်ဘီ | သရက်တော(၁)လမ်း | ။ |
| ၁၀။ ဟာဂျီ(၂) | သရက်တော(၂)လမ်း | ။ |
| ၁၁။ ဟာဂျီ(၃) | သရက်တော(၃)လမ်း | ။ |
| ၁၂။ ဟာဂျီ(၄) | သရက်တော(၄)လမ်း | ။ |

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁၃။ ချင်းချောင်း(၁) | ဒေါန(၁)လမ်း | ကြည့်မြင်တိုင်မြို့နယ် |
| ၁၄။ ချင်းချောင်း(၂) | ဒေါန(၂)လမ်း | ။ |
| ၁၅။ ချင်းချောင်း(၃) | ဒေါန(၃)လမ်း | ။ |
| ၁၆။ ချင်းချောင်း(၄) | ဒေါန(၄)လမ်း | ။ |
| ၁၇။ ချင်းချောင်း(၅) | ဒေါန(၅)လမ်း | ။ |
| ၁၈။ ဘော်ဂါတန်း | ဘောဂ | ။ |
| ၁၉။ စိန်မိုက်ကယ်လမ်းကျယ် | မဏိမေခလာလမ်း | ။ |
| ၂၀။ စိန်မိုက်ကယ်(၁)လမ်း | ရေတွင်းကုန်း(၁)လမ်း | ။ |
| ၂၁။ စိန်မိုက်ကယ်(၂)လမ်း | ရေတွင်းကုန်း(၂)လမ်း | ။ |

* *

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ ရှုပါပင်အရှေ့ | စောရန်ပိုင်အရှေ့ရပ်ကွက် | အလုံမြို့နယ် |
| ၂။ ရှုပါပင်အနောက် | စောရန်ပိုင်အနောက်ရပ်ကွက် | ။ |
| ၃။ ရှုပါပင်တောင် | စောရန်ပိုင်တောင်ရပ်ကွက် | ။ |
| ၄။ ရှုပါပင်မြောက် | စောရန်ပိုင်မြောက်ရပ်ကွက် | ။ |
| ၅။ ကောလိပ် | သခင်မြပန်းခြံ | ။ |
| ၆။ ကျူရှင်လမ်းနှင့်အနောက် | အောင်ရတနာ | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၇။ စူပါပင်လမ်း | ငုဝါလမ်း | အလုံမြို့နယ် |
| ၈။ ဖူးကား | စကားစိမ်းလမ်း | ။ |
| ၉။ ပိုက်ချို | ရှမ်းလမ်း | ။ |
| ၁၀။ ချမ်းမာဇီ | နှင်းဆီလမ်း | ။ |
| ၁၁။ စကားရက် | နွယ်သာကီ | ။ |
| ၁၂။ နော်မံကျောင်းလမ်း | နံ့သာလမ်း | ။ |
| ၁၃။ ဘင်တန်း | သီတာလမ်း | ။ |
| ၁၄။ ဖွိုင့် | ရန်ပိုင်လမ်း | ။ |
| ၁၅။ ဆရာမှတ်ကြီးလမ်း | ဝေဘာဂီ | ။ |
| ၁၆။ ပိုင်းလမ်းဖြတ်လမ်း(၁) | သိန္ဓီ(၁)လမ်း | ။ |
| ၁၇။ ပိုင်းလမ်းဖြတ်လမ်း(၂) | သိန္ဓီ(၂)လမ်း | ။ |
| ၁၈။ ပိုင်းလမ်းဖြတ်လမ်း(၃) | သိန္ဓီ(၃)လမ်း | ။ |
| ၁၉။ ဗရင်ကာလင် | သဇင် | ။ |

* *

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ကွန်ဘိုကေးရှင်း | ဘွဲ့နှင်းသဘင်လမ်း | ကမာရွတ်မြို့နယ် |
| ၂။ ချန်စလာ | အဓိပတိလမ်း | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၃။ ဝင်ဒါမီယာလမ်း | သံလွင်လမ်း | ကမာရွတ်မြို့နယ် |
| ၄။ အာတီးယားလမ်း | သီရိမင်္ဂလာလမ်း | ။ |
| ၅။ ပီတာလမ်း | ကြယ်ပြာလမ်း | ။ |
| ၆။ နစ်တာလဝ်အဲဗင်းနယူး | နှင်းပန်းလမ်း | ။ |
| ၇။ စိန့်ဗင့်ဆဲင့် | ဇောတိကလမ်း | ။ |
| ၈။ မာတင်လမ်း | ခပေါင်းလမ်း | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ စတော့ဂိတ် | သိမ်ဖြူလမ်း | ပုဇွန်တောင်မြို့နယ် |
| ၂။ အီဒင်လမ်း | ဗိုလ်တထောင်ဈေးလမ်း | ။ |
| ၃။ ကေလမ်း | ကရမက်လမ်း | ။ |
| ၄။ ကိတ်လမ်း | ကြာညိုလမ်း | ။ |
| ၅။ ဂျေလမ်း | နှံ့သာဖြူလမ်း | ။ |
| ၆။ ဟိတ်စ် | စိန်ချယ်လမ်း | ။ |
| ၇။ မို့ကော်မရှင်နာ | ရေဝန်လမ်း | ။ |
| ၈။ နေထရှန် | နေကြာလမ်း | ။ |
| ၉။ အေလမ်း | (က)လမ်း | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁၀။ ဘီလမ်း | (ခ)လမ်း | ပုဇွန်တောင်မြို့နယ် |
| ၁၁။ စီလမ်း | (ဂ)လမ်း | ။ |
| ၁၂။ ဒီးလမ်း | (င)လမ်း | ။ |
| ၁၃။ အက်ဝ်လမ်း | (စ)လမ်း | ။ |
| ၁၄။ ကရီလမ်း | ဗိုလ်မြတ်ထွန်းလမ်း | ။ |
| ၁၅။ ဘီဝင်အဝ်လမ်း | အနော်ရထာလမ်း | ။ |

* *

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ဝင်ဘာလမ်း | ရှင်စောပုလမ်း | စမ်းချောင်းမြို့နယ် |
| ၂။ ဟုမ်းလမ်း | ပန်းလှိုင်လမ်း | ။ |
| ၃။ ကာလီမာ | မဟာဧဘာဂလမ်း | ။ |
| ၄။ ခရစ်ရှနာ | ရန်ကင်း | ။ |
| ၅။ ဝုရှလမ်း | သုခမိန်လမ်း | ။ |
| ၆။ စူပရာမန်းနီး | ရတနာ | ။ |
| ၇။ စူပရာပန်းခြံ | ပန်းခြံ | ။ |
| ၈။ ဒုဗလီ | မြေနီကုန်းဈေး | ။ |
| ၉။ နာသာ | မြဝတီ | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁၀။ မော်ဝင်ဝတ် | မွှာရုံ | စမ်းချောင်းမြို့နယ် |
| ၁၁။ မူဘာကြီး | အောင်တော်မူ | ။ |
| ၁၂။ မဟာမက်ပတေး | စေတနာ | ။ |
| ၁၃။ မူလာအိစမန် | ပဒေသာ | ။ |
| ၁၄။ မာရာစာ | ပိုလ်ဗိုး | ။ |
| ၁၅။ ယူနီယံ | ပြည်ထောင်စု | ။ |
| ၁၆။ ရှောလမ်း | ဒဂ္ဂါလမ်း | ။ |
| ၁၇။ ရစ်ရှိ | သပြေညို | ။ |
| ၁၈။ လက်ချမ်း | သုခ | ။ |
| ၁၉။ အလဓါ | သော်တာ | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ကာရင်စ် | သီဂီ | သင်္ဃန်းကျွန်းမြို့နယ် |
| ၂။ ချန်စပို့ | အောင်သီရိ | ။ |
| ၃။ ဆော်လမွန် | ဥယျာဉ် | ။ |
| ၄။ တင်းပယ်လ်လမ်း | ဘောဂလမ်း | ။ |
| ၅။ ကာပင်တိုင် | ယုဇန | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၆။ ပန်ဒီယာ | သော်ဂတ | သင်္ဃန်းကျွန်းမြို့နယ် |
| ၇။ ဘာတာဝီးလ် | နှင်းဆီကုန်း | ။ |
| ၈။ ဘတ်ခ်ိ | မင်္ဂလာ | ။ |
| ၉။ ဟာမစ်ရှင် | ဟံသာ | ။ |
| ၁၀။ ဟာဒင် | အောင်သုခ | ။ |
| ၁၁။ ဝီလျံ | သီတာအေး | ။ |
| ၁၂။ ဝိတိုရိယ | ရတနာ | ။ |
| ၁၃။ ရန်းမင်း | ယုဝ | ။ |
| ၁၄။ ရှိမ္မရန် | အောင်မင်္ဂလာ | ။ |
| ၁၅။ မဟူရာရျာ | မဟာမြိုင် | ။ |
| ၁၆။ အဘူကေဝာဘာ | ကြို့စက်ရုံ | ။ |
| ၁၇။ အာနိုးလ် | ပြည်တော်သာ | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ အယ်လဂျင် | ကေရာဇ် | ပုလဲတောင်မြို့နယ် |
| ၂။ လစ်ဇီလင်း | ပီးပြလမ်း | ။ |
| ၃။ ဂရန် | ကြာဖြူ | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၄။ ဘက်ထရီ | ဝရဇိန် | ဗိုလ်တထောင် |
| ၅။ ဟီဗယ်ဝတ် | ရေကျော်မြိုင် | ။ |
| ၆။ အဒမ်ဆင် | (၅၄)လမ်း | ။ |
| ၇။ သွန်မဆင်ရိုဝ်သာ(ပ) | ဗိုလ်တထောင်လမ်းသွယ်(၁) | ။ |
| ၈။ သွန်မဆင်ရိုဝ်သာ(ဒု) | လမ်းသွယ်(၂) | ။ |
| ၉။ သွန်မဆင်ရိုဝ်သာ(တ) | လမ်းသွယ်(၃) | ။ |
| ၁၀။ သွန်မဆင်ရိုဝ်သာ(စ) | လမ်းသွယ်(၄) | ။ |
| ၁၁။ မေရီး | မေယု | ။ |
| ၁၂။ အပ်ဗရင်း | စန္ဒကူး | ။ |
| ၁၃။ တင်းပယ်လီလမ်း | ဝတ်ကျောင်းလမ်း | ။ |
| ၁၄။ ဂျူဒါအီစတယ် | ဗိုလ်တထောင်လမ်း | ။ |
| ၁၅။ လင်းစဒေါင်းလမ်း | ရာဇာဓိရာဇ်လမ်း | ။ |
| ၁၆။ တလပ် | (၅၅)လမ်း | ။ |

* *

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ကာဝတ်ဂျိုပတ်လမ်း | စောမဟာလမ်း | ဗဟန်းမြို့နယ် |
| ၂။ ဂျမားလမ်း | ဗိုလ်ချိုလမ်း | ။ |

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၃။ ဂျမား(၁)ရပ်ကွက် | ဗိုလ်ချို(၁)ရပ်ကွက် | ဗဟန်းမြို့နယ် |
| ၄။ ဂျမား(၂)ရပ်ကွက် | ဗိုလ်ချို(၂)ရပ်ကွက် | ။ |
| ၅။ အဇစ်ခြံရပ်ကွက် | ဆရာစံရပ်ကွက် | ။ |
| ၆။ ဂွတ္တာလစ်တောင်ရပ်ကွက် | ဆရာစံတောင်ရပ်ကွက် | ။ |
| ၇။ ဂွတ္တာလစ်မြောက် | ဆရာစံမြောက်ရပ်ကွက် | ။ |
| ၈။ ဂွတ္တာလစ်အနောက် | ဆရာစံအနောက်ရပ်ကွက် | ။ |
| ၉။ ဂျမားရိပ်သာ | ဗိုလ်ချိုရိပ်သာ | ။ |
| ၁၀။ ကင်းဂျော့အဲဗင်းနယူး | ဝက်ဘာလမ်း | ။ |
| ၁၁။ ကင်းဘဲလမ်း | ငါးထပ်ကြီးလမ်း | ။ |
| ၁၂။ ချင်းချောင်းအဲဗင်းနယူး | ကမ္ဘောဇ | ။ |
| ၁၃။ ရဲဒီယာအဲဗင်းနယူး | ဝက်ဘာလမ်းသွယ် | ။ |
| ၁၄။ ဏ–ပတ်ကက်လိန်း | နတ်မောက်လမ်းသွယ်(၁) | ။ |
| ၁၅။ ခ–ပတ်ကက်လိန်း | နတ်မောက်လမ်းသွယ်(၂) | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ထရန်စပို့ | အာဇာနည်လမ်း | ဒဂုံ/ဗဟန်းမြို့နယ် |
| ၂။ ဲလော့ဗိုဒ် | စွယ်တော် | ။ |

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၃။ လှိုက် | ပင်ကျော်လမ်း | ဒဂုံ/ဗဟန်းမြို့နယ် |
| ၄။ ဘဒ်လမ်း | ပဒုမ္မာလမ်း | ။ |
| ၅။ ဖော်ဆိုက် | ကင်းဝန်မင်းကြီးလမ်း | ။ |
| ၆။ ဗရေဇာ | တော်ဝင်လမ်း | ။ |
| ၇။ ဗဟားရှား | ဇီဝကလမ်း | ။ |
| ၈။ ချပ်ချ်လမ်း | အိမ်တော်ရာလမ်း | ။ |
| ၉။ ကင့်လမ်း | စပ်ပုံလမ်း | ။ |
| ၁၀။ ဝင်ဒါမီယာကာရဲဆင့် | ပန်းဝါလမ်း | ။ |
| ၁၁။ ဝင်ဒါမီယာပတ်ခ် | ဇော်ဂျီလမ်း | ။ |
| ၁၂။ ဝင်ဒါမီယာဂါဒင်း | ဥယျာဉ်လမ်း | ။ |
| ၁၃။ လင့်(ခ်)လမ်း | ရွှေဂုံတိုင်လမ်း | ဗဟန်းမြို့နယ် |
| ၁၄။ လောင်းဝစ်ခ်လမ်း | အင်းယားမြိုင်လမ်း | ။ |
| ၁၅။ ဟာမစ်တစ် | သာသနာ့ရိပ်သာ | ။ |
| ၁၆။ ဂွတ္တလစ်ရိပ်သာ | သာယာဝတီရိပ်သာ | ။ |
| ၁၇။ မောင့်ပရဲဆင့်လမ်း | ပုလဲလမ်း | ။ |

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ လွစ္စလမ်း | ဆိပ်ကမ်းသာလမ်း | ကျောက်တံတားမြို့နယ် |
| ၂။ ဗရေဇာလမ်း | အနော်ရထာလမ်း | ။ |
| ၃။ ကော်ပိုရေးရှင်းလမ်း | စည်ပင် | ။ |
| ၄။ ရှင်းရပ်ဖ် | ဘဏ်လမ်း | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ မောင်ထော်လေးလမ်း | ဗိုလ်ဆွန်ပတ်လမ်း | ပန်းဘဲတန်းမြို့နယ် |
| ၂။ ကဲနဲလ်လမ်း | အနော်ရထာလမ်း | ။ |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ အာရန့်ဒါ | ဗိုလ်ချိန်လမ်း | လှိုင်မြို့နယ် |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ ဘီပီအိုင်လမ်း | ဆေးဝါးစက်ရုံလမ်း | အင်းစိန်မြို့နယ် |

——— * ——— * ———

| ယခင် | ယခု | မြို့နယ် |
| --- | --- | --- |
| ၁။ မောင်ခိုင်လမ်း | ဗိုလ်ရွဲလမ်း | လသာမြို့နယ် |

မိတ်ဆွေစာပေ

| ယခင် | ယခု | မြို့နယ် |
|---|---|---|
| ၁။ ကယ်နယ်လ် | အနော်ရထာလမ်း | လမ်းမတော်မြို့နယ် |
| ၂။ စိန့်ဂျွန်းလမ်း | မင်းရဲကျော်စွာလမ်း | ။ |
| ၃။ ဂရီရှင်လမ်း | မင်းရဲကျော်စွာလမ်း | ။ |
| ၄။ ကီလီလမ်း | ဝါးတန်းလမ်း | ။ |
| ၅။ မော်တင်လမ်း | လမ်းသစ်လမ်း | ။ |

အထက်ပါလမ်းအမည်များမှာကျွန်ုပ်လေ့လာတွေ့ရှိသောမှတ်စုမှတ်တမ်းမှ ဖြစ်ပါသည်။

## ဆယ့်နှစ်လမိုး

မိုးရွာခြင်းသည် မိုးဥတုနှင့်သာ သက်ဆိုင်သော်လည်း မည်သည့်လမဆို ရာသီမရွေး ရွာတတ်သောသဘောရှိသောကြောင့် ရှေးလူကြီးများက အောက်ပါအတိုင်း (၁၂) လမိုးဟု အမှတ်အသားထားရှိခဲ့သည်။

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး

၂။ ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့

၃။ နယုန်မိုးပြေး မြက်သားမွေး

၄။ ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေး

၅။ ဝါခေါင်တကြောင်း ထနောင်းကြောင်ခြစ် ဆူးရစ် ဖွင့်ခါ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း
၆။ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ
၇။ သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး
၈။ တန်ဆောင်မုန်းတွင် ဆင်းနှင်းတပြိုက် မိုးတလိုက်
၉။ နတ်တော်ရောက်ပြား မိုးသားမငြိမ် ဆင်ရာတိမ်
၁၀။ ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက်
၁၁။ တပို့တွဲနှစ်၍ရွာခြင်း၊ သန်းမိုးကြွင်း
၁၂။ တပေါင်းလည်းကူး မိုးသားကြူး

## မိုးလေဝသခန့်မှန်းခြင်းနိမိတ်

- ပုစွန်တွင်း ကုန်းမြင့်တွင်လုပ်လျှင် ရေကြီးမည်။ အနိမ့်တွင်လုပ်လျှင် မိုးနည်း၍ ရေနည်းမည်။
- ကျီးသိုက်မြင့်လျှင် လေနည်းမည်။ နိမ့်လျှင် လေထန်မည်။
- မိုးရွာမည်ကို သိနှင့်သူကား စောင်းဆရာနှင့် ယားနာ ပွေးကွက်၊ ပါဒရက်က၊ ပရွက်၊ ပလူ၊ အနူပြဒါး၊ ပေါင်း ရှစ်ပါး။

♦ ပဒုမ္မာကြာတို့သည် လျင်စွာပွင့်ခြင်း ညဦးအခါ မိုးချိန်း သံပြင်းခြင်း၊ ရေ၌ နီသောအဆင်းရှိခြင်း၊ လျှပ်စီးများ လက်ခြင်း၊ စက်တန့်ပေါ်ခြင်း၊ အရှေ့အရပ်မှ အေးသော လေပွေထခြင်း၊ နွယ်ပင်တို့၏ အညွန့်သည် အထက်သို့ မော့လျက်နေခြင်း ဤလက္ခဏာများဖြစ်လျှင် လျင်မြန်စွာမိုးရွာသွန်းပေါ့မည့်အကြောင်း ပြခြင်းဖြစ်သည်။

## မိုးလေဝသခန့်မှန်းခြင်းနိမိတ်တစ်နည်း

♦ ပုတ်သင်တို့သည် ပင် ခေါင်ဖျားတက်ခြင်း
♦ နွားတို့သည် သွားချိန်၌ ခြံမှမထွက်လိုခြင်း
♦ ဖားတို့သည် အကြိမ်များစွာ အော်မြည်ခြင်း
♦ ငါးတို့သည် ကုန်းမြင့်သို့ တက်လာခြင်း
♦ ကြောင်တို့သည် လက်သည်းဖြင့် ပြင်းစွာကုန်ခြစ်ခြင်း
♦ ကလေးတို့သည် လမ်းများ၌ တံတားခင်း၍ ကစားခြင်း
♦ ကြေးနှင့် သံတို့၏ အနံ့သည် ဆိုးရွားစိမ်းရွှေစော်နံခြင်း

ဤနိမိတ်လက္ခဏာများဖြစ်မူ မကြာမီ မိုးရွာတော့မည် ဖြစ်ကြောင်းပြသော နိမိတ်ဖြစ်သည်။

အကြောင်ငှက်တို့သည် ရေစပ်ကမ်းနားရှိ သစ်ပင် နိမ့်ရာ အရပ်၌ အသိုက်ဖွဲ့၍ နေကုန်မူသည်ကိုလည်းကောင်း

လယ်ပုဇွန်တို့သည် ရေနီးရာကမ်း၌ ပေါက်ကုန်မူသည် ကိုလည်းကောင်း မိုးခေါင်အံ့ဟု သိကြကုန်ရာ၏။

ဖော်ပြပါနိမိတ်များသည် လောကီကျမ်းများတွင် တွေ့ ရှိရသောနိမိတ်များဖြစ်သည်။

## လူသားလောကနှင့် အထွေထွေသိမှတ်စရာများ

၁။ ကလေးတစ်ယောက်၏ အရေပြားဧရိယာသည် မွေး စကလေးတစ်ယောက်၏ ခန္ဓာကိုယ်ဧရိယာထက် သုံးဆ နှင့် ညီမျှပါသည်။

၂။ လူကြီးတစ်ယောက်၏ ခန္ဓာကိုယ်ဧရိယာသည် လူကြီး တစ်ယောက်၏အရေခွံဧရိယာ (၁၆) စတုရန်းပေနှင့် (၂၀) စတုရန်းပေအကြားတွင် ရှိပါသည်။

၃။ လျှာတွင် အရိုးရှိ မရှိ သိပါသလား။

လျှာသည် ကြွက်သားစုများ ရောယှက်နေသောနေရာ ဖြစ်၍ အရိုးမရှိပါ။

၄။ လူတစ်ယောက်၏ ဦးနှောက်အလေးချိန်

လူတစ်ယောက်ဦးနှောက်အရွယ်အစားမှာ လူ၏ခန္ဓာကိုယ်အရွယ်ကိုလိုက်၍ ရှိတတ်ပါသည်။ ယေဘုယျပျမ်းမျှအားဖြင့် သုံးပေါင်ခန့်ရှိသည်ဟု ဆိုရပေမည်။

၅။ ခန္ဓာကိုယ်တစ်ခုတွင် အရိုးပေါင်းမည်မျှရှိပါသနည်း။

ခန္ဓာကိုယ်တစ်ခုတွင် အရိုးပေါင်း (၂၀၆)ချောင်းရှိပါသည်။ အရိုးအရေအတွက်မှာ ကျောရိုးအဆုံးသတ်ခြင်းအပေါ်၌ တည်ပေသည်။ ကျောရိုးမတူလျှင် အရေအတွက်ကွဲပြားတတ်ပါသည်။

၆။ ခန္ဓာကိုယ်ပေါ်ရှိ အမာကျောဆုံးအစိတ်အပိုင်းသည် သွားများဖြစ်ပါသည်။ လူ၏ခန္ဓာကိုယ် ဆွေးမြေ့သွားသော်လည်း သွားများသည် အကောင်းပကတိရှိနေတတ်သည်။

၇။ လူတစ်ယောက်၏ နှလုံးခုန်နှုန်း ၂၄ နာရီတွင် ဘယ်နှကြိမ်ရှိပါသလဲ။

လူတစ်ယောက် နှလုံးခုန်နှုန်းသည် ၂၄ နာရီတွင် အကြိမ်တစ်သိန်းရှိပါသည်။ အနားယူနေသောလူတစ်ယောက်၏ နှလုံးခုန်နှုန်းသည်ပင် တစ်မိနစ်လျှင် အကြိမ် ၇၀ မှ ၇၂ ကြိမ်အတွင်း ရှိတတ်လေသည်။ လှုပ်ရှားနေချိန်တွင်

ထို့ထက် အကြိမ်ပိုများ၏။

၈။ ခန္ဓာကိုယ်အတွင်း၌ ကြွက်သားပေါင်း အရေအတွက် မည်မျှရှိသနည်း။

လူ၏ခန္ဓာကိုယ်တွင် ကြွက်သားပေါင်း အရေအတွက်မှာ ၆၉၃ ခုရှိပါသည်။ အရေအတွက်အတိအကျသတ်မှတ်၍ မရပါ။ အနည်းနှင့်အများ ကွဲပြားမှုရှိပါသည်။

၉။ လူကြီးတစ်ယောက်၏ အရေခွံသည် မည်မျှအလေးချိန်ရှိသနည်း။

လူကြီးတစ်ယောက်၏ အရေခွံသည် ခုနစ်ပေါင်နှင့် ၁၀ ပေါင်အကြားတွင် ရှိတတ်ပါသည်။

၁၀။ လူတစ်ယောက်၏ ခေါင်းတွင် ဆံပင်အရေအတွက် ပျမ်းမျှ မည်မျှရှိပါသနည်း။

လူတစ်ယောက်၏ခေါင်းတွင် ဆံပင်အရေအတွက် ပျမ်းမျှ တစ်သိန်းရှိပါသည်။ ဆံပင်ကောင်းသူ၏ဆံပင်အရေအတွက်ကို ဆိုလိုပါသည်။

၁၁။ ကလေးနို့တိုက်ရာတွင် မိခင်နို့ရည်နှင့် နို့မှုန့် မည်သည့်အရာက ပို၍ကောင်းပါသနည်း။

မိခင်နို့ရည်သည် သဘာဝအတိုင်းဖြစ်၍ နို့မှုန့်ထက်

ပို၍ကောင်းပါသည်။ အချို့မိခင်တို့သည် မိခင်နို့မရကြ၍သာ နို့မှုန့်ကို တိုက်ကြရခြင်းဖြစ်သည်။

၁၂။ မိခင်နို့တွင် မည်သည့်အာဟာရဓာတ် ပါဝင်ပါသနည်း။

မိခင်နို့သည် မီးမဖွားမီ သုံးရက်ခန့်မှ ပြည့်ဝလာပါသည်။ မဖွားမီ နှစ်ရက်ခန့်မှစ၍ နို့ရည်များ စုလျက်ရှိတတ်၏။ ပထမတွင် မိခင်နို့ရည် အထွက်နည်းသည်ဆိုကာ ကလေးကို အခြားအစားအစာကျွေးရန် မသင့်ချေ။ ထိုမျှနှင့် လုံလောက်ပါသည်။ မိခင်နို့ရည်တွင် ရေ၊ သကြားသို့မဟုတ် ကော်၊ အဆီ၊ အစိမ့်၊ ပရိုတင်းနှင့် ဆားဓာတ်များ ပါဝင်သည်။

၁၃။ မွေးစကားအကြောင်း သင်မည်မျှသိပါသနည်း။

အမိဝမ်းမှ ကျွတ်ခါစကလေး၏ ပျမ်းမျှကိုယ်အလေးချိန်မှာ ခုနစ်ပေါင်ခွဲဝန်းကျင်၌ ရှိရမည်။ မွေးပြီး ရက်သတ္တပတ်တစ်ပတ်ရလျှင် လေးအောင်စတိုးသည်။ ခြောက်လအရွယ်အထိ တစ်ပတ်လျှင် ငါးအောင်စ၊ ခြောက်အောင်စတဖြည်းဖြည်းတိုးလာ၏။

၁၄။ မိန်းမဦးနှောက်က ယောကျာ်းဦးနှောက်ထက် ငယ်သည်ဆိုခြင်းမှာ မှန်ပါသလား။

မိန်းမဦးနှောက်ခွံသည် ယောကျ်ားဦးနှောက်ခွံထက် ပိုမိုပေါ့ပါးပြီး ပိုမိုဝိုင်းသည်။ ထိုကြောင့် ဦးနှောက်သေးသည်ဟု ဆိုနိုင်သည်။ သို့သော် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ခန္ဓာကိုယ်အလေးချိန်ကို အချိုးချ၍ တွက်ကြည့်ပါက မိန်းမ၏ကိုယ်အလေးချိန်နှင့် မိန်းမ၏ ဦးနှောက်မှာ ညီမျှလေသည်။

၁၅။ လူတို့၏ ဆံပင်များသည် အရွယ်ကြီးလာသောအခါ အဘယ်ကြောင့် ဖြူပါသနည်း။

လူတို့၏ဆံပင်များသည် ပေါက်ရာအရင်း၌ အိတ်ကလေးများပါရှိ၏။ ထိုအိတ်ကလေးများတွင် ဆံပင်ကို နက်စေသော သဘာဝဆေးတစ်မျိုးပါရှိသည်။

အသက်အရွယ်အိုမင်းလာသောအခါ ထိုဆေးသည် လျော့ပါးကုန်ခမ်းလာလေသည်။ ထို့ကြောင့် လူတို့၏ဆံပင်များသည် ဖြူလာကြခြင်းဖြစ်သည်။

အချို့လူငယ်များ ငယ်ငယ်ရွယ်ရွယ်နှင့် ဆံပင်ဖြူကြသည်မှာ ထိုသဘာဝဓာတ်ဆေး ခမ်းခြောက်ရခြင်းကြောင့် ဖြစ်သည်။ ထိုသို့ ခမ်းခြောက်ရခြင်းမှာ ဗီတာမင်ဘီဓာတ် အားနည်းမှု၊ အကြောအားနည်းမှုတို့ကြောင့်ဖြစ်သည်။

## ချင်းလူမျိုးတို့ ပယ်ထိုးခြင်းအကြောင်း

မြန်မာဘုရင်များလက်ထက်က ချင်းအမျိုးသမီးကလေးများကို အတင်းသိမ်းပိုက်သည့်အတွက် ဘုရင်မကြိုက်ရန် မျက်နှာကို ပယ်ထိုးသည်ဟု ဒဏ္ဍာရီတွင် ဆိုထားသော်လည်း မှန်ကန်မှုမရှိဟု ဆိုပေသည်။

ချင်းလူမျိုးတိုင်း ပယ်ထိုးကြသည်မဟုတ်။ တောင်ပိုင်းချင်းအချို့တို့သည်သာ ပယ်ထိုးကြသည်။ များသောအားဖြင့် မျက်နှာတွင် ပယ်ထိုးကြသည်။ ထိုးသည့်ပုံစံမှာ လူမျိုးစုလိုက်၍ ကွဲပြားမှုရှိသည်။ အသက် (၇) နှစ်၊ (၈)နှစ်လောက်မှစ၍ နှစ်စဉ် နှစ်တိုင်း မျက်နှာပြည့်သည့်တိုင်အောင် ထိုးကြသည်။

ပယ်ထိုးရသည့်အကြောင်းမှာ အခြားလူမျိုးတို့က ဖမ်းဆီးခေါ်ဆောင်သွားသော် လွယ်ကူစွာရှာဖွေနိုင်ရန်အတွက် ဖြစ်သည်ဟု ဆို၏။

# လောကီကျမ်းလာ လူတို့သိမှတ်စရာ

## လူတို့ဝတ်အပ်၊ မဝတ်အပ်ရာများ

- အကြင်သူသည် တစပုဆိုးနှင့် သူကောင်ထုပ်သော ပုဆိုးကို ဝတ်လိုမူ တစပုဆိုးကိုသာ ဝတ်အပ်၏။ သူကောင်ထုပ်သောပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ဒုက္ခကြီးစွာရောက်ရတတ်၏။
- အကြင်သူသည် ပွဲနီခင်းသော အဝတ်ပုဆိုးနှင့် နတ်တင်သောပုဆိုးကို ဝတ်လိုမူ ပွဲနီခင်းသောပုဆိုးဝတ်အပ်၏။ နတ်တင်သောပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ငြိုငြင်ခံရတတ်၏။
- အကြင်သူသည် လင်းလပ်ပုဆိုးနှင့် ရမြားပုဆိုးကို ဝတ်လိုသော် လင်းလပ်ပုဆိုးကိုသာ ဝတ်အပ်၏။ ရမြားပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ဒဏ်သင့်တတ်၏။
- အကြင်သူသည် ခဝါသည်ပုဆိုးနှင့် ပြည့်တန်ဆာမ

ပုဆိုးကို ဝတ်လိုမူ ခဝါသည်ပုဆိုးကို ဝတ်အပ်၏။ ပြည့်တန်ဆာမပုဆိုးကို မဝတ်အပ်။ ဝတ်မိချေသော် ကြွန်အင်လကၡဏာယုတ်တတ်၏။

## လူတို့ပန်အပ်၊ မပန်အပ်ပန်းများ

- ♦ အကြွင်သူသည် သင်္ကြန်ကျသောနေ့ ဦးခေါင်းဆေးသောပန်းနှင့် ထိမ်းမြားမင်္ဂလာပြုရာ၌ သုံးသောပန်းကို ပန်လိုမူ သင်္ကြန်ကျသောနေ့ ဦးခေါင်းဆေးသောပန်းကို ပန်အပ်၏။ ထိမ်းမြားမင်္ဂလာပြုသောပန်းကို မပန်အပ်။ ပန်မိချေသော် အဆိပ်အတောက်ညှံ့ရာ၏။ ဘုန်းတန်ခိုးနိမ့်ရာ၏။
- ♦ အကြွင်သူသည် နတ်တင်သောပန်းနှင့် ဘုရားတင်သောပန်းကို ပန်လိုမူ နတ်တင်သောပန်းကို ပန်အပ်၏။ ဘုရားတင်သောပန်းကို မပန်အပ်။ ပန်မိချေသော် ရတနာသုံးပါး စိမ်ရေသင့်တတ်၏။
- ♦ ထိုမှတစ်ပါး အကြွင်သူသည် မုဆိုးမပန်သောပန်းနှင့် မိန်းမမြူပန်သောပန်း၊ နတ်ဝင်သည်မပန်သောပန်း၊ ကဝေမပန်သောပန်း၊ ပြည့်တန်ဆာမပန်သောပန်း၊

ခဝါသည်ပန်သောပန်း၊ သူသေကောင်အလောင်းမှာ ထည့် လိုက်သောပန်း၊ ကိုယ်ဝန်ဆောင်မိန်းမ ပန်သောပန်း၊ နပုန်းပဏ္ဍုပ်ပန်သောပန်း၊ ကင်ပွန်းတပ်ရာ၌ ထည့်သောပန်း၊ စာကမ္ဗလွှ၌ထည့်သောပန်း၊ နတ်ပြု၍ ထည့်သောပန်း ဤသို့ဆိုအပ်ပြီးသောပန်းတို့ကို ခုနစ်ရက်သားသမီးများ မပန်ဆင်အပ်။ ပန်ဆင်မိချေသော် မျက်မှောက်ဘဝ၌ မကောင်းကျိုးများ ဖြစ်စေတတ်သည်။

## ဆေးမစုအပ်သောရက်များ

သတြွရှင်ရသေ့အလို ဆေးမစုအပ်သောရက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

တန်ခူးလ၊ ကဆုန်လ၊ နတ်တော်လ

ထိုလများတွင် လဆန်း (၇) ရက် လဆုတ် (၇) ရက်များတွင် ဆေးမစုအပ်။

နယုန်လ၊ ဝါဆိုလ၊ တပို့တွဲလ

ထိုလများတွင် လဆန်း (၈) ရက်၊ လဆုတ် (၈) ရက်များတွင် ဆေးမစုအပ်။

ဝါခေါင်လ၊ တော်သလင်းလ၊ ပြာသိုလ

ထိုလများတွင် လဆန်း (၉) ရက်၊ လဆုတ် (၉) ရက်များတွင် ဆေးမစုအပ်။

သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ

ထိုလများတွင် လဆန်း (၁၀) ရက်၊ လဆုတ် (၁၀) ရက်များတွင် ဆေးမစုအပ်ဟု ဆိုထားသည်။

## အစွမ်းထက်မြက်သောဆေးပင်နှင့် အစွမ်းမထက်သောဆေးပင်

ကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သောသစ်ပင်တို့သည် မည်သည့်သစ်ပင်မဆို ဆေးဘက်ဝင်ကြောင်းကို 'နွယ်မြက်သစ်ပင် ဆေးဘက်ဝင်' ဟု သမားတော်ကြီးများ ဆိုခဲ့၏။

သို့သော် ထိုဆေးဘက်ဝင်အပင်တို့ ပေါက်ရောက်သောနေရာသည် မသန့်ရှင်းသောနေရာများဖြစ်သည့် -

၁။ သင်္ချိုင်းမြေ

၂။ မသန့်ရှင်းသောမြေ

၃။ သစ်ဆွေးသစ်ပုတ်မြေ

၄။ မီးလောင်မြေ

၅။ ခြစားရာမြေ

၆။ နတ်ကွန်းမြေ

၇။ တောင်ပို့မြေ

ထိုမြေတို့တွင် ပေါက်ရောက်သောဆေးဘက်ဝင်အပင်တို့သည် အစွမ်းထက်မြက်မှုနည်းပါးတတ်သည်။

မှတ်ချက်။ ။ ဆေးပင်၊ ဆေးရွက်၊ ဆေးဥတို့ကို ခူးမည် နှုတ်မည်၊ တူးမည်ဆိုပါက သက်ဆိုင်ရာဆေးပင်စောင့်နတ်ကို တောင်းပန်ခြင်းပြုလုပ်ရမည်။ သို့မှသာ ဆေးပင်၊ ဆေးရွက်၊ ဆေးဥတို့ အစွမ်းထက်ပေမည်။

## ဆေးကုသအပ်သော လူနာလက္ခဏာ

၁။ လူနာသည် ပြကတေ့မျက်စိအစရှိသော ကိုယ်ဣန္ဒြေရှိသောသူ

၂။ ဆေးဆရာကို ယုံကြည်လေးစားအားကိုးသူ

၃။ ပြည့်စုံသောဣန္ဒြေရှိသူ

၄။ သင့်မြတ်သောအစာအာဟာရနှင့် စားသောက်နေထိုင်ပြုတတ်သူ

## သမားတို့ နေ့အလိုက် ဆေးလိုက်၍ မကုအပ်သောအရပ်များ

တနင်္ဂနွေ

အနောက်တောင်၊ အနောက်မြောက်အရပ်တို့မှ ဆရာလာပင့်လျှင် လိုက်မကုသင့်။ အခြားအရပ်တို့မှ ပင့်လျှင် လိုက်၍ကုသပေးပါ။

တနင်္လာနေ့

အရှေ့အရပ်နှင့် အနောက်မြောက်အရပ်တို့မှ လာပင့်လျှင် လိုက်၍မကုသသင့်ပါ။

အင်္ဂါနေ့

တောင်အရပ်၊ အနောက်တောင်အရပ်၊ အနောက်မြောက်အရပ်တို့မှ လာပင့်လျှင် ရှောင်ကြဉ်ပါ။

ဗုဒ္ဓဟူးနေ့

အရှေ့အရပ်၊ အရှေ့တောင်အရပ်၊ အနောက်တောင်အရပ်၊ အနောက်မြောက်အရပ်တို့မှ လာပင့်လျှင် လိုက်၍မကုသသင့်ပါ။

ကြာသပတေးနေ့

တောင်အရပ်၊ အနောက်တောင်အရပ်တို့မှ လာပင့်လျှင် ရှောင်ကြဉ်ပါ။

သောကြာနေ့

အရှေ့အရပ်မှ လာပင့်လျှင် ဝါးစိမ်းကို ယူသွားပါ။ လူနာခေါင်းရင်းတွင် ထောင်ထားပါ။ ဝါးစိမ်းလဲသော် မကုပါနှင့်။ အရှေ့တောင်၊ အနောက်တောင်၊ အရှေ့မြောက်၊ အရှေ့တောင်အရပ်တို့မှ လာပင့်လျှင် ရှောင်ကြဉ်ပါ။

စနေနေ့

အရှေ့၊ အရှေ့တောင်၊ အရှေ့မြောက်အရပ်များမှ လာပင့်လျှင် ရှောင်ကြဉ်ပါ။

ဤသည်မှာ ရွှေမြိုင်ပဏ္ဍိတရေး ဒို့ဆရာဆေးကျမ်း အလိုတည်း။

## လောကျမ်း

♦ ခေါင်းခဲသော် အခံမခက်လော။

မန်ကျည်းမှည့်ကို ဆားနှင့် ဖျော်၍ ရှူသော် မပျောက်လော။

- ရင်ဘတ်နာသော် အခံမခက်လော။
  ကောက်ညှင်းကို စား၍ ရေချိုးသော် မပျောက်လော။
- ချောင်းဆိုးသော် အခံမခက်လော။
  လွှစာမှုန့်ကို ဟင်းခါးချက်သောက်သော် မပျောက်လော။
- မျက်စိနာသော် အခံမခက်လော။
  နှမ်းလှော်၍ ရှူသော် မပျောက်လော။
- အနာပေါက်သော် အခံမခက်လော။
  ထန်းလျက်ကိုစားသော် မပျောက်လော။
- ခွေးရူးကိုက်သော် မသေလော။
  အုန်းသီးကိုစားသော် မပျောက်လော။
- မွေ့ကိုက်သော်မသေလော။
  မီးစနှင့် ကိုက်ရာကို ထိုးသော် မပျောက်လော။
- ဆုံစို့နာပေါက်သော် မသေလော။
  သဘော်သီးကို စားသော် မပျောက်လော။
- နှာစေးသော် မခက်လော။
  ရေနံကို ရှူသော် မပျောက်လော။
- ခြေကျဉ်သော် မခက်လော။
  သံတူနှင့်နှက်သော် မပျောက်လော။

- အနာဝင်သော် မသေလော။
  ရေနံသောက်သော် မပျောက်လော။
- ကိုက်ခဲသော် မခက်လော။
  မြေနီလူးသော် မပျောက်လော။
- အင်ပျဉ်ထသော် မခက်လော။
  ချက်မှာ ဆားပုံသော် မပျောက်လော။
- လေချုပ်သော် မခက်လော။
  မောင်းကျည်ပွေ့နှင့် နှက်သော်မပျောက်လော။
- စား၍အရသာပျက်သော် မခက်လော။
  ပုစွန်ချဉ်ကိုစားသော် မပျောက်လော။
- ကြောက်အားကြီးသော် မခက်လော။
  ထန်းငယ်လက်နှင့် ရိုက်သော် မပျောက်လော။
- ကျောက်ကို ရွေ့စေလိုသော် မခက်လော။
  ကစော့မြစ်ကို ဆန်ဆေးရေနှင့် သွေး၍သုတ်သော် မရွေ့လော။
- ကျောက်ဝမ်းလိုက်သော် မသေလော။
  ခြေဖဝါးကို မီးကင်သော် မပျောက်လော။
- ကင်းကိုက်သော် မနာလော။

ကြေးဖလားကို တီးစေသော် မပျောက်လော။

♦ ကြမ်းပိုးကိုက်သော် မခက်လော။

ဖွတ်ထမ်း၊ ထမ်းပိုးကို အိပ်ရာအောက်ထားသော် မပျောက်လော။

♦ မိန်းမရာသီသွန်သော် မသေလော။

ဆီးသီးကိုစား၍ ရေချိုးသော် မပျောက်လော။

♦ မိန်းမ မီးမဖွားနိုင်သော် မခက်လော။

ပေါက်ပန်းဖြူကိုင်းကို သင့်ရာ လက်ဝဲ လက်ျာကိုင်စေသော် မဖွားလော။

♦ ခွေးလယားသီးထိ၍ ယားသော် မခက်လော။

ဇီးဖြူသီးကိုစားသော် မပျောက်လော။

♦ မိန်းမနို့မထွက်သော် မခက်လော။

နွားသားနှင့် ချဉ်ပေါင်နီရွက်ကို ဟင်းခါးချက်၍ သောက်သော် မထွက်လော။

♦ ငါးခူငါးကြီးစူးသော် မခက်လော။

ဆီးဖြူသီးကို စားသော် မပျောက်လော။

♦ မီးမဖွားနိုင်သော် မခက်လော။

ပုစွန်လက်မကို သွေး၍သောက်သော မဖွားလော။

♦ လိပ်ကျောက်ဆူးစူးသော် မခက်လော။

အုန်းထမင်းချက်၍စားသော် မပျောက်လော။

♦ ရှားစောင်းဆေး မျက်စိထဲဝင်သော် မခက်လော။

သဘော်သီးစေ့ကို သွေး၍၊ အသီးကိုစားသော် မပျောက်လော။

♦ ဝမ်းကျ၍ ကြွက်တက်သော် မသေလော။

ရေနံ့နှင့် ဆီ ရော၍ ခြေဖဝါးကိုသုတ် မီးကင်သော် မပျောက်လော။

♦ ကျောက်ဝင်သော် မသေလော။

အုန်းသီးကိုစားသော် မပျောက်လော။

♦ ဒူလာအပူကြီး၍ ဆာလောင်သော် မခက်လော။

ကျွဲသားနှင့် ချဉ်ပေါင်ရွက်နီကို ချက်စားသော် မပျောက်လော။

♦ အူထွက်သော် မသေလော။

ရှောက်သီးနှင့် ငှက်ပျောသီးကို လက်သုတ်လုပ်စားသော် မပျောက်လော။

♦ ဝမ်းတွင် သံကောင်ရှိသော် မခက်လော။

ဆေးဒါန်းနှင့် မြင်းခွာကို သွေး၍သောက်သော် မပျောက်

လော။

- ဝမ်းကိုက်သော် အခံမခက်လော။
  ထန်းလျက်နှင့် ဆားကို စားသော် မပျောက်လော။
- သူငယ်ထုံးကို စားမိသော် မငိုလော။
  ဒွါရကို ရေဆေးသော် မပျောက်လော။
- တောက်တဲ့ကိုက်သော် မသေလော။
  ရက်ကန်းစူးကို သွေး၍သောက်သော် မပျောက်လော။
- မြွေပ်သီးမျက်စိထဲဝင်သော် မစပ်လော။
  ညာဘက်ကဝင်သော် ဘယ်ဘက်၊ ဘယ်ဘက်ကဝင်သော် ညာဘက်ခြေမကို ရေဆေးသော် မပျောက်လော။
- ပင့်ကူနက်ကိုက်သော် မသေလော။
  ဆန်လှော်စားသော် မပျောက်လော။
- မျက်ခမ်းစပ်သော် မပျက်လော။
  ဆေးဒါန်းကိုသုတ်လိမ်းသော် မပျောက်လော။
- နားအူသော် မခက်လော။
  ဆီကိုကြပ်သော် မပျောက်လော။

နန်းအောင်လှိုင်